မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၆၃)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆလိုဗေးနီးယားအမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘိုရွတ် ပါဟော်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ *စာမျက်နှာ ၉ ကော်လံ ၁* ✳

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

စာမျက်နှာ » ၈

ကျောက်စိမ်း ၇၄၅၄ တွဲ၊ ကျောက်မျက် ၄၃၆ တွဲ၊ ပုလဲ ၃၄၂ တွဲ ခင်းကျင်းပြသရောင်းချမည်

နေပြည်တော် ဇွန် ၂၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် (၅၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ စတင်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လှည့်လည်ကြည့်ရှုအားပေးသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် နံနက် ၈ နာရီတွင် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်း ခန်းမသို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးတေဇ၊ ပြပွဲကျင်းပရေးဗဟို ကော်မတီဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု ဗီဒီယိုမှတ်တမ်းကိုလည်းကောင်း၊ ခန်းမအတွင်း၌ ဇရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာအတွဲများကိုလည်းကောင်း၊ ကျောက်စိမ်းနှင့် ကျောက်မျက် အချောထည်များကိုလည်းကောင်း၊ ပုဂ္ဂလိက ကျောက်မျက်ရတနာအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❈

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၅၁)ကြိမ်မြောက် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပထမနေ့ အခမ်းအနားတွင် လှည့်လည်ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတကာလေကြောင်းခရီးစဉ်များပြားလာ၍ နိုင်ငံခြားသားခရီးသည် ၁ ဒသမ ၂ သန်းခန့်ရောက်ရှိ

သတင်း-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း တိုးတက်လာစေရန်အတွက် လေကြောင်းလိုင်းများ တိုးချဲ့ပြေးဆွဲမှုများ တိုးမြင့်လာလျက်ရှိရာ ယခုအခါ လေကြောင်းလိုင်း ၂၅ လိုင်းအထိ ပြေးဆွဲလျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်သောသတင်းတွင် ဖော်ပြသည်။

နိုင်ငံတကာမှ လေကြောင်းလိုင်းများသည်မြန်မာနိုင်ငံသို့ တိုးချဲ့ပျံသန်းလျက်ရှိရာ ၂၀၁၂ ခုနှစ်ကလေကြောင်းလိုင်း ၁၆ လိုင်းသာရှိခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် နိုင်ငံတကာလေကြောင်းလိုင်းပြေးဆွဲမှု ၂၃ လိုင်းအထိရှိခဲ့သည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ■

ကမ္ဘာ့ဖလား အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကမ္ဘာ့ဖလား အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်နိုင်တဲ့အရာ

ဇွန် ၂၆ ရက်နေ့သည်ကား အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဖြစ်ပါသည်။ ယခုနှစ်တွင် ဆောင်ပုဒ်ကို "မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ။မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ" ဟူ၍ သတ်မှတ်ထားပါသည်။ ယနေ့ ခေတ်လူငယ်များမူးယစ်ဆေးစွဲ၍ လမ်းမှားမရောက်ရလေအောင် သတိပေးထားခြင်း ဖြစ်ပါသည်။

မူးယစ်ဆေးဝါးသုံးစွဲသော လူငယ်များသည် မူးယစ်ဆေးဝါးကို မသုံးရမနေနိုင်လောက်အောင် စွဲစွဲလမ်းလမ်းဖြစ်သွားတတ်ပါသည်။ မူးယစ်ဆေးဝါးစွဲသွားပြီဆိုလျှင် ရှိသမျှ စည်းစိမ်များဆုံးရှုံးခြင်း၊ ရာဇဝတ်မှုများ ကျူးလွန်ရန်လွယ်ကူခြင်း၊ ကျန်းမာရေးယိုယွင်းလာခြင်း၊ လုပ်အားများဆုံးရှုံးခြင်း စသော ဆုတ်ယုတ်ပျက်ယွင်းမှုများ ဖြစ်တတ်ပါသည်။ မူးယစ်ဆေးစွဲခြင်းကို ကြိုတင်ကာကွယ်ရန် အထူးအထွေရှိမည် မထင်ပါ။ မူးယစ်ဆေးဝါးမသုံးစွဲမိအောင် ရှောင်ကြဉ်ခြင်းသည် ကာကွယ်ခြင်းဖြစ်ပါသည်။ ကာကွယ်ခြင်းသည် ကုသခြင်းပင်ဖြစ်ပါသည်။ ဆေးစွဲလူငယ်များ မဖြစ်ရလေအောင် မူးယစ်ဆေးဝါးကို စမ်းသပ်အသုံးမပြုမိဖို့လိုပါသည်။ သုံးစွဲမိသူများသည် မသုံးရမနေနိုင်အောင်ဖြစ်ပြီး နောက်ဆုံးဆေးစွဲကာ လူညွှန့်တုံးဘဝသို့ ရောက်ရတတ်ပါသည်။ ဤသို့မဖြစ်ရလေအောင် ရှောင်ကြဉ်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

ယခုအခါ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် HIV အပါအဝင် အခြားကူးစက်ရောဂါများ ဖြစ်ပွားနေသည်ဟု ကြားသိနေရပါသည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ အကျိုးဆက်အဖြစ် လူ၏ခန္ဓာကိုယ်သည် ခုခံအားကျဆင်းလာပြီး HIV ကဲ့သို့သော ရောဂါပိုးများ အလွယ်တကူဝင်ရောက်လာနိုင်ပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် HIV ကဲ့သို့သော ရောဂါများ ကူးစက်ခံရခြင်း လျော့ပါးစေရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂခုခံအားကျဆင်းမှုရောဂါတိုက်ဖျက်ရေးအဖွဲ့ (UNAIDS) တို့ ပူးပေါင်းကာ အစီအမံများ ချမှတ်ဆောင်ရွက်သွားနေပြီဖြစ်ကြောင်း သိရသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး မဟာဗျူဟာနှစ်ရပ်နှင့် နည်းဗျူဟာသုံးရပ်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ မဟာဗျူဟာနှစ်ရပ်မှာ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်အောင် ဆောင်ရွက်ရေးပင်ဖြစ်ပါသည်။ နည်းဗျူဟာသုံးရပ် မှာ ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးနှိမ်နင်း ရေးပင်ဖြစ်ပါသည်။ ၁၉၉၉-၂၀၀၀ ခုနှစ်မှစတင်ကာ မူးယစ်ဆေးဝါး ပပျောက်ရေး(၁၅)နှစ်စီမံကိန်းကို ချမှတ်ဆောင်ရွက်နေကြောင်း သိရပါသည်။ ဤသို့ မူးယစ်ဆေးဝါး ပပျောက်ရေး အစီအစဉ်များ ချမှတ်ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်တွင်လည်း လူငယ်များအနေဖြင့် မူးယစ်ဆေးဝါး၏ အန္တရာယ်ကို မိမိကိုယ်တိုင်ရော မိမိပတ်ဝန်းကျင်၌ပါ ရှောင်ကြဉ်ကာကွယ်နိုင်ရန် သတိအသိဖြင့် ဆင်ခြင်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ရေကြီးရေလျှံမဖြစ်စေရန်ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၄

ဇွန် ၂၂ ရက် နံနက် ၉ နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ကနောင်ခန်းမ၌ ဒဂုံမြို့သစ်လေးမြို့နယ်အတွင်း ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ၏ (၁၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

ညှိနှိုင်းအစည်းအဝေးတွင် ရေကြီးရေလျှံမဖြစ်ရေး ဆောင်ရွက်ချက်များကို တာဝန်ရှိသူများက တင်ပြကြပြီး တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရေကြီးရေလျှံမဖြစ်စေရန် ထိန်းသိမ်းရေးကော်မတီ အစည်း အဝေးကို နှစ်ပတ်တစ်ကြိမ်ကျင်းပပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဝိုင်းဝန်းဆွေးနွေး၍ လုပ်ငန်းများဆောင်ရွက်ခဲ့ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများတွေ့ကြုံမည် ဖြစ်ပြီး အခက်အခဲများအောင်မြင်ကျော်လွှားရေး၊ မိုးလယ်/မိုးနှောင်းကာလ ရာသီဥတုစိန်ခေါ်မှုများကိုကာကွယ်၍ ရေကြီးရေလျှံမဖြစ်စေရေး ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းဟုဆို

ထင်သာမြင်သာပြုပြင်စရာ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး ခရီးသွားပြည်သူများနှင့် မြို့နေပြည်သူများ၏ ယာဉ်များ၊ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်ထော်လာဂျီများ၊ ဆိုက်ကားများ ယခင်ကထက်ပိုမိုများပြားစွာ ခရီးသွားလာအသုံးပြုကြရာတွင် ယာဉ်တိုက်မှုအန္တရာယ်မဖြစ်ပေါ်စေရန်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာမှုရှိစေရန်အတွက် ယခုအခါ နေ့စဉ် ခရိုင်ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီမှ ဆပ်ကော်မတီကိုးဖွဲ့ဖြင့် နေ့စဉ်စည်းကမ်းဖောက်ဖျက်သောယာဉ်များကို အရေးယူလျက်ရှိသည်။

ဦးထုပ်မဆောင်းသူ၊ လူနှစ်ဦးထက်ပိုမိုစီးသူများနှင့် လမ်းပြောင်းပြန်မောင်းနှင်သူများ၊ ယာဉ်မရပ်ရနေရာ၌ ရပ်နားသူများကို အဓိကထားစစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် စစ်ဆေးရေးအဖွဲ့များမရှိသည့်အချိန်နှင့် မရှိသည့်နေရာများတွင် စည်းကမ်းမဲ့အရှိန်ပြင်းစွာမောင်းနှင်မှုများဖြစ်ပေါ်လျက်ရှိရာ ဇွန် ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်က ရန်ကုန်မြို့မှ ဘုရားဖူးလာသော ဦးဇော်ဝင်းထွဋ်ပိုင် SUZUKI ခွေးဘီလူးအဖြူရောင် YGN-3G /---- ယာဉ်သည် (၂)လမ်း ဂွကြီးဘုန်းကြီးကျောင်းအနီး လမ်းဘေးနေရာအမှန်၌ ရပ်ထားရာတွင် မြောက်မှတောင်သို့ အပြင်းမောင်းလာသော Future အနက်ရောင် 39/----ဆိုင်ကယ်က မျက်နှာချင်းဆိုင်ဝင်တိုက်မိ၍ ဆိုင်ကယ်မောင်းသူ လေထဲလွင့်စဉ်၍ ကားရှေ့လေကာမှန်ကို ဦးခေါင်းနှင့်ဝင်တိုက်မိရာ ရှေ့လေကာမှန်ကွဲကြေသွားသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှ တာဝန်ရှိသူများလာရောက်စစ်ဆေး၍ အမှုမှန်ပေါ်ပေါက်စေရေး ဆောင်ရွက်ပေးပြီး နှစ်ဦးနှစ်ဖက် လျော်ကြေးပေး ကျေအေးလိုက်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဖျာပုံမြို့မှာ ယာဉ်တိုက်မှုတွေ နေ့စဉ်ဖြစ်နေတာကို ယခုဇွန်လမှစပြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့တွေက နေ့စဉ်စစ်ဆေးအရေးယူနေပေမယ့် တရားရုံးဒဏ်ငွေကို သိပ်ဂရုမစိုက်တာတွေ၊ နောက်ပြီးသတ်မှတ်စည်းကမ်းတွေကို လိုက်နာမှုမရှိဘဲ စစ်ဆေးရေးအဖွဲ့တွေရှိနေတာတောင် ရှောင်ကွင်းပြီးမောင်းချင်သလိုမောင်းနေတာတွေကြောင့် ယာဉ်တိုက်မှုဖြစ်နေရတာပါ။ အဓိကအရှိန်ပြင်းပြင်းမောင်းတာရယ်၊ စည်းကမ်းမဲ့ယာဉ်ကြောပိတ်ဆို့ မောင်းတာရယ်ကြောင့်ပါ။ ဆိုင်ကယ်ကယ်ရီသမားတွေက ပိုဆိုးပါတယ်၊ လူနှစ်ဦးထက်ပိုပြီးမောင်းသူအပါ သုံးဦးစီးနေတာပါ။ အရေးယူတဲ့ အချိန်လောက်ပဲ စည်းကမ်းလိုက်နာပြီး နောက်တော့ စည်းကမ်းမဲ့မောင်းကြတော့ ယခုလို ယာဉ်တိုက်မှုဖြစ် ကြတာပါပဲ။ ယခင်ထက်ပိုပြီး စစ်ဆေး အရေးယူဆောင်ရွက်ကာ တရားရုံးဒဏ်ငွေအပြင် ဒေသန္တရဒဏ်ငွေပါ ဆောင်ခိုင်းမှကျွန်တော်တို့ပြည်သူတွေ ယာဉ်တိုက်မှုအန္တရာယ်ကင်းဝေးပါမယ်"ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

ဖျာပုံမြို့သည် ခရိုင်မြို့ဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်းများကို မှန်ကန်တိကျစွာ သက်ဆိုင်ရာတာဝန်ရှိ စစ်ဆေးရေးအဖွဲ့ဝင်များက စစ်ဆေးအရေးယူ ဆောင်ရွက်မှုများကို ပြည်သူများက လေးစားလိုက်နာဖို့ လိုအပ်နေပြီဖြစ်ကြောင်း သိရသည်။

(ဝဇာ)

အသိပညာပေးဟောပြော

မိုးမောက် ဇွန် ၂၄

ကချင်ပြည်နယ် မိုးမောက်မြို့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး အသိပညာပေး ဟောပြောပွဲကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်းရှေ့ မြက်ခင်းပြင်တွင် ကျင်းပရာ ရဲအုပ်အောင်လွင်က လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အကြောင်းသိကောင်းစရာများ၊ ရဲအုပ်အောင်ဆန်းမိုးက မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးအကြောင်း သိကောင်းစရာများနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ငယ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးနှင့် မှုခင်းကျဆင်းရေးတို့ကို အသိပညာပေး ဟောပြောကြသည်။

ဆီမီးခုံ -နန်းရီ

**အပူပိုင်းဒေသ
စိမ်းစိုဖို့ သစ်တော
သစ်ပင်တွေ
ထိန်းသိမ်းစို့**

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မြန်မာနိုင်ငံရှိ ပျူရှေးမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ပိသနိုး နှင့် သရေခေတ္တရာမြို့ဟောင်းတို့အား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည့်အတွက် အထူးပင် ဂုဏ်ယူ ဝမ်းမြောက် ပါကြောင်း နှင့် ပါဝင်ကြိုးစားဆောင်ရွက်ခဲ့သော ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ နှင့် အရာထမ်း ဝန်ထမ်း မိသားစုဝင် အားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုအပ်ပါသည်။

မင်္ဂလာမြန်မာ အဖွဲ့ဝင်များ

စီမံကိန်းဒေသအတွင်း အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ပြောင်းလဲပေးရန်လို

နေပြည်တော် ဇွန် ၂၄

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၄ နာရီတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့များမှ ဒုတိယအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် **(အပေါ်ယာပုံ)**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး စီမံကိန်း၏ စီးပွားဖြစ်ထုတ်လုပ်သည့်(Production Period) အဆင့်သို့ မရောက်ရှိသေးကြောင်း၊ တည်ဆောက်ရေးကာလ (Construction Period) တွင် အရှိန်အဟုန်လျော့ကျမသွားရန် ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းကြောင့် မြေယာဆုံးရှုံးနစ်နာသွားသည့် တောင်သူများ၏ လူမှုဘဝအဆင်ပြေစေရေး၊ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးရန် လွန်စွာအရေးကြီးပြီး နစ်နာကြေး၊ ထောက်ပံ့ကြေးပေးရုံမျှဖြင့် မလုံလောက်ဘဲ တောင်သူများ၏ ရေရှည် စားဝတ်နေရေးအတွက် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝနှင့်ပတ်သက်၍ ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ထုတ်လုပ်မှုဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရန် မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းများသာမက အခြားအသက်မွေးဝမ်းကျောင်းပညာရပ်များကို Vocational Training များ စနစ်တကျ ဖွင့်လှစ်၍ ဒေသခံပြည်သူများကို သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ လေ့ကျင့်တတ်မြောက်ပြီးသူများအနက်မှ အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူများကို လိုအပ်သည့် ငွေကြေးများ ပံ့ပိုးပြီး စီမံကိန်းဒေသအတွင်း အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ ဖန်တီးပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပြောင်းလဲပေးရန် လိုကြောင်း၊ ဒေသခံများ၏ တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ရာတွင် "အထက်သို့ တင်ပြပေးမည်" ဟူသော ဗဟိုချုပ်ကိုင်မှုပုံစံ အသုံးအနှုန်းသည် ခေတ်စနစ်နှင့် မလျော်ညီကြောင်း၊ လက်တွေ့ဆောင်ရွက်ပေးနိုင်သည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စေတနာထားဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသခံများအားလုံးပူးပေါင်းဆောင်ရွက်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမည်ဖြစ်ကြောင်း၊ စီမံကိန်းအပေါ် နားလည်မှုမရှိသေးသည့် လူနည်းစုကိုလည်း စိတ်ရှည်သည်းခံပြီး နားလည်လာသည်အထိ ဖြေလျှော့နိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးတာဝန်ခံများနှင့် ပူးပေါင်း၍ ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ ခံစားချက်များကို အစဉ်ဦးစားပေးဖြည့်ဆည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စီမံကိန်းဒေသနှင့် နိုင်ငံတစ်ဝန်းရှိပြည်သူများ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရန် ရသင့်ရထိုက်သည့် အခွင့်အရေးများကို စီးပွားရေးလုပ်ငန်းကြီးများ၏ လူမှုရေးတာဝန်ယူမှု (CSR) ရန်ပုံငွေဖြင့် သာမက နိုင်ငံတော်ဘတ်ဂျက်မှလည်း ဒေသဖွံ့ဖြိုးရေး ကဏ္ဍအသီးသီးအတွက် ဆောင်ရွက်ပေးလျက်ရှိနေကြောင်းကို ဒေသခံပြည်သူများ သိရှိနားလည်ရန် ရှင်းလင်းပြောကြားသွားရမည် ဖြစ်ကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ စီမံကိန်းဒေသပတ်ဝန်းကျင်ကို မထိခိုက်အောင် လုပ်ကိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး "အစကောင်းမှ အနှောင်းသေချာ" ဆိုသကဲ့သို့ စီမံကိန်း စတင်စဉ်ကပင် စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားကြရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ ပိတ်သိမ်းသည့်အချိန်တွင် ဒေသဝန်းကျင်ကို သာယာလှပစေမည့် Mine Closure Plan ကို နိုင်ငံတကာအဆင့်မီရေးဆွဲ၍ ဒေသခံများ၏ အနာဂတ်အတွက် စိုးရိမ်ပူပန်မှုမရှိစေရေး၊ ပွင့်လင်းမြင်သာစွာ ရှင်းလင်းသွားရမည့်အပြင် တာဝန်ရှိသူများအနေဖြင့် ကိုယ်ချင်းစာတရား ထားရှိဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် ဒေသအကျိုး၊ တိုင်းပြည်အကျိုးဖြစ်ထွန်းစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းဖြစ်သည့်အတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ပြည်တွင်းသတင်း

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက စီမံကိန်းအကောင်အထည်ဖော်ရာတွင် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအတိုင်း ရာနှုန်းပြည့် ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အမြဲသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းတာဝန်များကို အချိန်မီဆောင်ရွက်နိုင်ရန် အလေးထားရမည်ဖြစ်ကြောင်း၊ ပြည်သူများနှင့် ထိတွေ့မှုပိုမိုရယူပြီး ဒေသအကျိုး၊ ပြည်သူ့အကျိုးပိုမိုဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့နှင့် သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့များ၏ ဒုတိယအဖွဲ့ခေါင်းဆောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက မိမိတို့ သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက စီမံကိန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ဒေသခံများနှင့် ထိတွေ့ဆက်ဆံရာ၌ ဒေသနေပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ရှေးရှုဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ စီမံခန့်ခွဲမှုကော်မတီ (JMC) အနေဖြင့် လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းကာ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန် လိုအပ်ပြီး စီမံကိန်းဒေသအတွင်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် ပြည်သူလူထုပူးပေါင်းပါဝင်သည့် စီမံကိန်းတစ်ရပ်ဖြစ်စေရန် စည်းရုံးဆောင်ရွက်ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းမိသားစုများအား ထောက်ပံ့ကြေးပေးအပ်

လှိုင်ကော် ဇွန် ၂၄

မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မြသည် မြန်မာ့စီးပွားရေးဘဏ် (ကယားပြည်နယ်ရုံး) လှိုင်ကော်မြို့၌ ကယားပြည်နယ်အတွင်းရှိအရာထမ်းအမှုထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံမှာကြားခဲ့ပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော အဖွဲ့ဝင်များသည် ကယားပြည်နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့ ဝန်ထမ်းမိသားစုများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပြည်သူလိုတာ
လုပ်ဖို့ရာ
ကျရာအခွန်
ပေးဆောင်ပါ

ရန်ကုန်တိုင်းဒေသကြီး တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်၏ ပြန်တမ်းဝင်အမှတ်ပြင်ဆင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ်(၂၂/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

ရန်ကုန်တိုင်းဒေသကြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ ပြန်တမ်းဝင်အမှတ်ပြင်ဆင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၆-၂၀၁၄ ရက်စွဲပါ ကြေညာချက်အမှတ်(၂၀/၂၀၁၄)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၆)ဦး အစားထိုးပြောင်းလဲခြင်းကြေညာချက်၏အမှတ်စဉ် (၄)တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၏ ပြန်တမ်းဝင်အမှတ်အား အောက်ပါအတိုင်းပြင်ဆင်လိုက်သည်-

ကြည်း ၃၅၁၃၂	(အစား)	ကြည်း ၂၇၇၆၉
ဗိုလ်ကြီး ခင်မောင်ဝင်း		ဗိုလ်ကြီး ခင်မောင်ဝင်း

အမိန့်အရ
တင်ထွန်း
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတကာသတင်း

ဆီးရီးယားကို ဆက်လက်တိုက်ခိုက်သွားမည် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ခြိမ်းခြောက်

တဲလ်အဗစ် ဇွန် ၂၄

အစ္စရေးနိုင်ငံအနေဖြင့် ဆီးရီးယားကို ပိုမိုတိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ခြိမ်းခြောက်လိုက်သည်။ ဆီးရီးယားအနေဖြင့် လက်တုံ့ပြန်မှုများ ပြုလုပ်လာလျှင် အစ္စရေးက ချက်ချင်းတိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နေတန်ယာဟုက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ယမန်နေ့ညက ဆီးရီးယားကို ပစ်မှတ်ထားပြီး တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ လိုအပ်လျှင် ထပ်အသုံးပြုသွားမည်ဖြစ်ကြောင်း နေတန်ယာဟုက လီကွတ်ပါတီဝင်များအား ပြောကြားလိုက်သည်။

မိမိတို့အား အန္တရာယ်ဖြစ်အောင် ပြုလုပ်သူမည်သူမဆို ပြန်လည်တိုက်ခိုက်ခံရလိမ့်မည်ဖြစ်ကြောင်း နေတန်ယာဟုက ပြောကြားသည်။ ဆီးရီးယားနိုင်ငံအတွင်း အစ္စရေးလေတပ်က ကိုးကြိမ်တိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၁၀ ဦး သေဆုံးသွားကြောင်း သတင်းများက ဖော်ပြသည်။ အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် တင့်ကားနှစ်စီးလည်း ပျက်စီးသွားသည်ဟု ဆိုသည်။ (ပရက်စ်တီဗွီ)

အီရတ်နိုင်ငံ၏အကြီးဆုံးရေနံသန့်စင်စက်ရုံ သူပုန်အဖွဲ့ သိမ်းပိုက်

ဘဂ္ဂဒက် ဇွန် ၂၄

ဘဂ္ဂဒက်မြောက်ဘက်ရှိ အီရတ်နိုင်ငံ၏အကြီးဆုံး အဓိကရေနံချက်စက်ရုံကြီးကို လုံးဝသိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း အီရတ် ဆွန်နီသူပုန်များက ပြောသည်။ အဆိုပါ ရေနံချက်စက်ရုံကို သူပုန်များက ၁၀ရက်ကြာ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ပြီးနောက် သိမ်းပိုက်နိုင်ခဲ့သည်ဟုဆိုသည်။ ယင်းရေနံချက်စက်ရုံကြီးသည် အီရတ်နိုင်ငံ၏ သန့်စင်ပြီးရေနံဖြန့်ဖြူးပေးရာ တတိယမြောက် စက်ရုံကြီးဖြစ်သည်။

ISIS အုပ်စု ဦးဆောင်သော အကြမ်းဖက်သမားများက အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး မိုဆူးလ်အပါအဝင် ဘဂ္ဂဒက်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများကို တိုက်ခိုက်သိမ်းပိုက်လျက်ရှိသည်။ ၎င်းတို့သည် ဟာဒီတာအနီးဆည်တစ်ခုကို ဖောက်ခွဲပြီး ဆီးရီးယားနှင့် ဂျော်ဒန်သို့သွားရာ နယ်စပ်ဖြတ်ကျော်ဂိတ်များကိုလည်း သိမ်းပိုက်ထားသည်။

ဆာလာဟုဒင်ပြည်နယ်ရှိ ဘိုင်ဂျီးရေနံသန့်စင်စက်ရုံကို ဒေသဆိုင်ရာ လူမျိုးစုများသို့ လွှဲပြောင်းပေးဖွယ်ရှိကြောင်း သူပုန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါသူပုန်အဖွဲ့က ဘဂ္ဂဒက်သို့ ဆက်လက်ချီတတ်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ၎င်းပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။ သူပုန်အဖွဲ့က လာမည့်ရက်များအတွင်း စိုးရိမ်ဖွယ်ရာတိုက်ခိုက်မှုများပြုလုပ်သွားမည်ဟု ခြိမ်းခြောက်ထားသည်။ (ဘီဘီစီ)

အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိုးစစ်ဆင် တာလီဘန်စစ်သွေးကြွ ၂၂ ဦး သေဆုံး

ကာဘူးလ် ဇွန် ၂၄

တနင်္လာနေ့ မနက်အစောပိုင်းက ပြုလုပ်ခဲ့သော တာလီဘန်စစ်ဆင်ရေးတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တာလီဘန်စစ်သွေးကြွ ၂၂ ဦးတို့အား သုတ်သင်နိုင်ခဲ့ပြီဖြစ်ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အာဖဂန်တပ်မတော်၊ ရဲတပ်ဖွဲ့၊ စစ်ရေးကျွမ်းကျင်အေဂျင်စီအဖွဲ့တို့ ပူးပေါင်းထားသော ၂၄ နာရီကြာ စစ်ဆင်ရေးကို ပြည်နယ်၁၀ခုတွင် ဆင်နွှဲခဲ့ရာ စစ်သွေးကြွ ၂၂ ဦးကို သုတ်သင်နိုင်ခဲ့ပြီး ၁၂ ဦး ဒဏ်ရာရစေခဲ့ကာ ငါးဦးကို ဖမ်းဆီးမိခဲ့သည်ဟု အဆိုပါဝန်ကြီးဌာနက ပြောကြားခဲ့ခြင်းဖြစ်သည်။ (ဆင်ဟွာ)

လက်ဘနွန်တပ်မတော်စစ်ဆေးရေးဂိတ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ဘေရွတ် ဇွန် ၂၄

ဘေရွတ်မြို့တောင်ပိုင်း ဆင်ခြေဖုံးရပ်ကွက် လက်ဘနွန်တပ်မတော် စစ်ဆေးရေးဂိတ်ကို ပစ်မှတ်ထား၍ တနင်္လာနေ့ညနောင်းပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့ရာ ခြောက်ဦးဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကြောင်း Aljadeed ရုပ်သံက ထုတ်လွှင့်ပြသခဲ့သည်။

အစောပိုင်းစုံစမ်းစစ်ဆေးမှုများအရ အသေခံဗုံးခွဲတိုက်ခိုက်သူသည် အမျိုးသမီးဟု ယူဆရပြီး ဗုံးများတင်ဆောင်လာသော မာစီးဒီးကားကို Hadi Nasrallah လမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်ထဲသို့ မောင်းဝင်လာခဲ့ခြင်းဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုမဖြစ်မီ အဆိုပါကားကို လိုက်လံဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ဘနွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဒဏ်ရာရရှိသူခြောက်ဦးကို နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြသည်။ အခင်းဖြစ်ပွားရာနေရာကို တပ်မတော်သားများက လုံခြုံရေးစောင့်ကြပ်လျက်ရှိပြီး ပြည်သူများကို ကာကွယ်ရန်အတွက် သေနတ်ဖောက်ကာ သတိပေးတားမြစ်မှုများ ပြုလုပ်ခဲ့သည်။

ပြီးခဲ့သည့် သောကြာနေ့ကလည်း ပြည်တွင်းလုံခြုံရေးတပ်ဖွဲ့ (အိုင်အက်စ်အက်ဖ်)ကို ပစ်မှတ်ထားပြီး အသေခံ ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်၌လည်း အိုင်အက်စ်အက်ဖ် အရာရှိတစ်ဦး သေဆုံးခဲ့ပြီး ၃၄ ဦး ဒဏ်ရာရရှိခဲ့သည်။ (ဆင်ဟွာ)

အယ်လ်ဂျာဇီးရား သတင်းထောက်သုံးဦးအား သတင်းမှားများရေးသားမှုဖြင့် အီဂျစ်တရားရုံးက ထောင်ချ

လန်ဒန် ဇွန် ၂၄

အီဂျစ်နိုင်ငံ အယ်လ်ဂျာဇီးရား သတင်းထောက်သုံးဦးအား ထောင်ခုနစ်နှစ်စီ ပြစ်ဒဏ်စီရင်လိုက်ခြင်းအပေါ် ဆန့်ကျင်သည့်အနေဖြင့် လန်ဒန်မြို့တွင် ရာပေါင်းများစွာသော သတင်းထောက်များက ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ပီတာဂရက်စတီး၊ မိုဟာမက်ဖာမီနှင့် ဘာဟာမိုဟာမက်တို့အား သတင်းမှားများပျံ့နှံ့အောင် ဖြန့်ချိရေးသားဖော်ပြမှုဖြင့် အပြစ်ရှိကြောင်း ကိုင်ရိုမြို့ တရားရုံးက အင်္ဂါနေ့တွင် စုံစမ်းတွေ့ရှိခဲ့သည်။

၎င်းတို့သုံးဦးက အဆိုပါစွပ်စွဲချက်ကို ငြင်းဆိုထားပြီး အယူခံဖွယ်ရှိသည်။ ယခုကဲ့သို့ ပြစ်ဒဏ်စီရင်ခဲ့ခြင်းအပေါ် မိသားစုအနေဖြင့် တုန်လှုပ်ချောက်ချားမိကြောင်း ဩစတြေးလျနိုင်ငံတွင် နေထိုင်သော ပီတာဂရက်စတီး၏ဖခင်က ဘရစ္စဘိန်းမြို့၌ သတင်းထောက်များအား ပြောကြားသည်။

အဆိုပါ သတင်းထောက်သုံးဦးသည် မွတ်စလင်ညီနောင်များအဖွဲ့ကို ထောက်ခံရေးသားမှုဖြင့် စွဲချက်တင်ခံခဲ့ရသည်။ ကာတာအခြေစိုက် အယ်လ်ဂျာဇီးရားရုပ်မြင်သံကြားသည် သမ္မတဟောင်းမော်စီနှင့် မွတ်စလင်ညီနောင်များအဖွဲ့ကို ထောက်ခံသည့် သတင်းများ ထုတ်လွှင့်ခဲ့ပြီးနောက် အီဂျစ်နိုင်ငံအတွင်း ယင်းသတင်းများ ထုတ်လွှင့်ပြသမှုကို ပိတ်ပင်ခဲ့သည်။ (ဘီဘီစီ)

ဂျာမန်လီယာဂျက်လေယာဉ်နှင့် တိုက်လေယာဉ်တို့ ဝေဟင်တွင်တိုက်မိပြီး ပျက်ကျ



မြူးနစ် ဇွန် ၂၄

ဂျာမနီနိုင်ငံ အနောက်ပိုင်း၌ စစ်ဘက်အထူး ဂျက်လေယာဉ်တစ်စင်းသည် ဂျာမန်လေတပ် ယူရိုဖိုက်တာဂျက်လေယာဉ်နှင့် ဝေဟင်တွင် တိုက်မိပြီး ပျက်ကျသွားခဲ့သည်။

အဆိုပါ လေယာဉ်သည် အောစဘတ်မြို့အနီး သစ်တောအတွင်း ပျက်ကျသွားခဲ့ရာ တစ်ဦးသေဆုံးပြီး အခြားတစ်ဦးအသက်အန္တရာယ် စိုးရိမ်နေရသည်ဟု ဆိုသည်။

ယူရိုဖိုက်တာဂျက်လေယာဉ်သည် ကိုလုံမြို့အနီး ၎င်း၏အခြေစိုက်စခန်းသို့ ဘေးကင်းစွာ ဆင်းသက်နိုင်ခဲ့သည်ဟု ဆိုသည်။ ၎င်းဂျက်လေယာဉ်သည် အခြားသော ယူရိုဖိုက်တာဂျက်လေယာဉ်နှင့် လေ့ကျင့်မှုပြုလုပ်စဉ်အတွင်း ယင်းကဲ့သို့ မတော်တဆ ဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း ဂျာမန်မီဒီယာက ပြောသည်။

လီယာဂျက်သည်လည်း အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ကြောင်း ဒိုင်းဝဲတ်သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ မီးသတ်တပ်ဖွဲ့ဝင်များက ၎င်းလေယာဉ်ပျက်ကိုတွေ့ရကြောင်း၊ အနီးတွင် သေဆုံးသူတစ်ဦး၏ ရုပ်အလောင်းကိုလည်း တွေ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ (ဘီဘီစီ)

ပြည်တွင်းသတင်း

ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် ဉာဏ်ရည်မမီသူများ ဘောလုံးပြိုင်ပွဲ မသန်စွမ်းသက်ငယ်ကျောင်းအသင်း ဒိုင်းဆုဆွတ်ခူး

သတင်း-မောင်စိန်လွင်
(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇွန် ၂၄

အားကစားဝန်ကြီးဌာနအောက်ရှိ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့ စီစဉ်ကျင်းပသည့် ၂၀၁၄ ကမ္ဘာ့အိုလံပစ်နေ့ အထိမ်းအမှတ် ဉာဏ်ရည်မမီသူများ ဘောလုံးပြိုင်ပွဲကြီးယှဉ်ပြိုင်ကစားရာ မသန်စွမ်း သက်ငယ်ကျောင်းအသင်းက ဒိုင်းဆုဆွတ်ခူးရရှိသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကြီးကို ယမန်နေ့ ဇွန် ၂၃ ရက် နံနက် ၇ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားပြိုင်ဝင်း (၂)၌ ကျင်းပခဲ့ပြီး နိုင်ငံတစ်ဝန်းမှ ဉာဏ်ရည်မမီ ဘောလုံးအသင်း ခြောက်သင်း လာရောက်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အုပ်စုနှစ်ခုခွဲ၍ကျင်းပခဲ့သည်။ အုပ်စုပွဲစဉ်များကို ဇွန် ၂၃ ရက်က ယှဉ်ပြိုင်ကစားခဲ့ပြီး ဆီမီးပွဲစဉ်များ၊ ဗိုလ်လုပွဲနှင့် ဆုပေးပွဲတို့ကို ယနေ့နံနက်တွင် ကျင်းပခဲ့သည်။ ယနေ့ယှဉ်ပြိုင်ကစားကြသည့် ဆီမီးပွဲစဉ်များတွင် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် သုဝဏ္ဏကွင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ သုဝဏ္ဏကွင်း အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ မသန်စွမ်း သက်ငယ် အငယ်ကျောင်းအသင်းနှင့် အောင်ဆန်းကွင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ မသန်စွမ်းသက်ငယ်အသင်းက ခုနစ်ဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။

တတိယလုပွဲကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် အောင်ဆန်းကွင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ အောင်ဆန်းကွင်းအသင်းက ပယ်နယ်တီအဆုံးအဖြတ် ခြောက်ဂိုး-လေးဂိုးဖြင့် တတိယဆုရရှိခဲ့သည်။ ဆက်လက်ပြီး ဗိုလ်လုပွဲအဖြစ် မသန်စွမ်း သက်ငယ်အသင်းနှင့် သုဝဏ္ဏကွင်းအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားရာ မသန်စွမ်းသက်ငယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဒိုင်းဆုဖလားကြီးကို ရရှိသွားခဲ့သည်။

"ကျွန်တော်တို့ ဒီအိုလံပစ်နေ့ အထိမ်းအမှတ်အဖြစ် ဉာဏ်ရည်မမီသူများဘောလုံးပြိုင်ပွဲကြီးကို ကျင်းပပေးရတဲ့ ရည်ရွယ်ချက်ကတော့ သူတို့တစ်တွေရဲ့ အစွမ်းကိုထုတ်ဖော်တဲ့ပွဲလို့လည်း ပြောလို့ရပါတယ်။ ပြီးတော့ လာမယ့်ဒီဇင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံမှာ (၄)ကြိမ်မြောက် ကျင်းပမယ့် မဲခေါင်ဒေသ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲကြီး အတွက်လည်း ကြိုတင်ပြင်ဆင်တဲ့ သဘောပါ။ အခုလို သူတို့တစ်တွေ အားတက်သရောနဲ့ ယှဉ်ပြိုင်ကစားကြတာတွေ့ရတဲ့အပြင် ခြေစွမ်းတွေလည်း တစ်နေ့တခြားပိုပြီးတော့ တိုးတက်တာတွေ့ရပါတယ်။ မကြာခင်မှာပဲ ဒီကစားသမားတွေကို အဲဒီ မဲခေါင်ဒေသ ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်မှုတွေ ပြုလုပ်ပေးသွားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးပီတာက ပြောသည်။

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ယခုလာမည့် ဒီဇင်ဘာလတွင် ဗီယက်နမ်နိုင်ငံ၌ (၄)ကြိမ်မြောက်ကျင်းပမည့် ဉာဏ်ရည်မမီသူများ အားကစားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မကြာမီ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ အဆိုပါမဲခေါင်ဒေသ ဉာဏ်ရည်မမီ ဘောလုံးပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဉာဏ်ရည်မမီဘောလုံးအဖွဲ့အနေဖြင့် (၃)ကြိမ်ကျင်းပပြီးသည့်အနက် မဲခေါင်ဒေသ ဉာဏ်ရည်မမီ ဘောလုံးပြိုင်ပွဲကြီးမှ ပထမဒိုင်းဆုကြီးနှင့် ဒုတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့ဖူးကြောင်း သိရသည်။

ကမ္ဘာ့အိုလံပစ်နေ့အထိမ်းအမှတ် ဉာဏ်ရည်မမီသူများဘောလုံးပြိုင်ပွဲတွင် ဒိုင်းဆုဆွတ်ခူးသွားသည့် မသန်စွမ်းသက်ငယ်ကျောင်းအသင်းကိုတွေ့ရစဉ်။

ရွှေလင်ပန်းစက်မှုဇုန်ဒန်အိုးစက်ရုံတွင် သန်းခေါင်ယံလွန်ချိန် မီးလောင်မှုဖြစ်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် မဂ္ဂရာမင်းသားကြီးလမ်းရှိ အမှတ် (၂၉၀/၂၉၂)တွင်ရှိသောကျော်မြန်မာ ဒန်အိုးစက်ရုံတွင် ဇွန် ၂၄ ရက် နံနက် ၁ နာရီ ၅၆ မိနစ် သန်းခေါင်ယံလွန်ချိန်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

အဆိုပါ ဒန်အိုးစက်ရုံတွင် ၁၅ ပေပတ်လည်ရှိသော ပေါင်းအိုးဖိုအပူလွန်ကဲရာမှ အနီးရှိထင်းနှင့် မီးသွေးများကို ကူးစက်လောင်ကျွမ်းခဲ့ပြီး ထိုမှတစ်ဆင့် အမိုးမျက်နှာကြက်ကို ဆက်လက်လောင်ကျွမ်းခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ အုပ်ချုပ်မှုယာဉ်အပါအဝင် မီးသတ်ယာဉ် ၁၅ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၂နာရီ ၁၅မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး စက်ရုံတာဝန်ခံဖြစ်သော စက်ရုံဝင်းအတွင်း နေထိုင်သူ ဦးလှိုင်မြင့်ရှိန်(၃၁နှစ်)အား လှိုင်သာယာ မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းနှင့် ဇွန် ၂၃ ရက် ညနေ ၆ နာရီကျော်မှ ဇွန် ၂၄ ရက်နေ့ထိ မိုးတဖွဲဖွဲရွာသွန်းနေသော အချိန်တွင် ဒန်အိုးစက်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၁၆၄)

မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်း အလယ်ပေါက်ကားမှတ်တိုင်တွင် ခါးပိုက်နှိုက်နှစ်ဦးဖမ်းမိ

ရန်ကုန် ဇွန် ၂၄

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ အကူတပ်ဖွဲ့ခွဲ၊ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ခါးပိုက်နှိုက်ဖမ်းဆီးရမိရေးအတွက် ဇွန် ၂၃ ရက် နံနက် ၉နာရီ ခွဲက မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီး အလယ်ပေါက်ကားမှတ်တိုင်၌ စောင့်ကြည့်သတင်းစုံစမ်းလျက်ရှိစဉ် မှတ်တိုင်သို့ ဆိုက်ရောက်လာသည့် (၁၀၃) ယာဉ်လိုင်း ခရီးသည်တင်ဒိုင်နာယာဉ်ပေါ်မှဆင်းလာသော ခါးပိုက်နှိုက်ပြစ်ချက်ဟောင်းရှိသူ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာနေသူများဖြစ်သည့် ဟန်ဝင်းအောင်(ခ)ကိုဟန် (၃၀နှစ်)နှင့် စောအယ်နော်ကောင်း(ခ) အယ်နီကောင်း(၂၀နှစ်)တို့ကို တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့လွယ်ထားသော ကျောပိုးအိတ်အတွင်းမှ အပေါင်ဘောက်ချာစာရွက်တစ်ရွက်၊ မိုးစက်ပုံ ပန်းနုရောင်ကျောက်တစ်လုံးနှင့် ငွေကျပ် ၁၂၈၀၀ တို့ကို တွေ့ရှိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ စစ်မေးရာ၎င်းယာဉ်ပေါ်ပါ အသက် (၄၀နှစ်)ခန့်ရှိ အမျိုးသမီးတစ်ဦး၏ စလင်းဘက်အိတ်အတွင်းမှ နှိုက်ယူခဲ့သောပစ္စည်းနှင့် ငွေများဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား မင်္ဂလာဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မိုဘိုင်းတင်းမ်အဖွဲ့ဖြင့် တားဆီးစစ်ဆေး အကောက်ခွန်မဲ့ပစ္စည်းများစစ်ဆေးတွေ့ရှိ

ရန်ကုန် ဇွန် ၂၄

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီအနေဖြင့် တရားမဝင် ကုန်သွယ်မှုလုပ်ငန်းများ တားဆီးရန်နှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် Mobile Team အဖွဲ့ဖြင့် နယ်စပ်ဝင်ပေါက်များနှင့် ကုန်ပစ္စည်းများ သယ်ယူသည့်လမ်းကြောင်းများကို ဝင်ရောက်တားဆီးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့စစ်ဆေးရာတွင် မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်ရှိ ဝေါမြို့နယ် ညောင်ခါးရှည်စစ်ဆေးရေးနေရာ၌ ဇွန် ၁၉ ရက် ည ၁၀ နာရီခွဲက မော်လမြိုင်မှ မန္တလေးသို့ ထွက်ခွာလာသည့် ရာဇာအောင်မှန်လုံယာဉ်ကို Mobile Team အဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ အကောက်ခွန်မဲ့ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၁၅၀၀ စစ်ဆေးတွေ့ရှိခဲ့သည်။

တစ်ချိန်တည်းမှာပင် မြဝတီမှ ရန်ကုန်သို့ မောင်းနှင်လာသော ရွှေနန်းတော်မှန်လုံယာဉ်ကို Mobile Team အဖွဲ့ဖြင့်စစ်ဆေးခဲ့ရာ အကောက်ခွန်မဲ့ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၉၁၅၀၀ စစ်ဆေးတွေ့ရှိခဲ့သည်။

ဇွန် ၂၁ ရက် နံနက် ၂ နာရီကလည်း ဘားအံမှ ရန်ကုန်သို့ထွက်ခွာလာသည့် ရွှေခြင်္သေ့မှန်လုံယာဉ်ကို Mobile အဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ အကောက်ခွန်မဲ့ စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းများဖြစ်သော အသားတု 306 kg နှင့် ခရီးဆောင်အိတ်ပျော့အသေးအကြီး ၅၃ အိတ် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၂၀၀ စစ်ဆေးတွေ့ရှိခဲ့သည်။

ယင်းနေ့ ည ၉ နာရီခွဲတွင် ဘားအံမှ ရန်ကုန်သို့ထွက်ခွာလာသည့် မြတ်သစ္စာမှန်လုံယာဉ်ကို Mobile Team အဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ အကောက်ခွန်မဲ့ Hand Phone ဆက်စပ်ပစ္စည်းငါးမျိုးနှင့် ထိုင်းနိုင်ငံထုတ် နှစ်ပေစလောင်းဆက်စပ်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၃၀၀၀ စစ်ဆေးတွေ့ရှိခဲ့ပြီး စစ်ဆေးတွေ့ရှိမှုများကို သက်ဆိုင်ရာအမှုတွဲများဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သတင်းလွတ်လပ်ခွင့်နှင့် လိုက်နာရမည့် မီဒီယာကျင့်ဝတ်

စိန်လှိုင်ဗိုလ်

ယနေ့အချိန် ယနေ့ကာလ မီဒီယာစာမျက်နှာများပေါ်တွင် နေရာများစွာယူနေသော အကြောင်းအရာများမှာ မြေသိမ်းယာသိမ်းကိစ္စများ၊ အလုပ်ရှင်နှင့်အလုပ်သမားအကြား လုပ်အားခတောင်းဆိုခြင်းကိစ္စများနှင့်တရားစီရင်ရေးနယ်ပယ်တွင် တွေ့ကြုံနေရသော မညီမျှမှုပြဿနာများဖြစ်သည်။

ထိုပြဿနာများကြားတွင် သတင်းမီဒီယာသမားများ၏ အခန်းကဏ္ဍသည်လည်း ပါဝင်ပတ်သက်လျက်ရှိသည်။ သတင်းမီဒီယာဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည်။ စာနယ်ဇင်းကောင်စီ(ယာယီ)ကလည်း မီဒီယာကျင့်ဝတ်ကို မေ ၃ ရက်က အတည်ပြုထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ မီဒီယာသမားများအနေဖြင့် မီဒီယာကျင့်ဝတ်နှင့်အညီ အစိုးရနှင့်ပြည်သူများအကြား စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်လှုပ်ရှားရေးသားကြရတော့မည်ဖြစ်သည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ၏ သတင်းမီဒီယာကျင့်ဝတ် အတည်ပြုထုတ်ပြန်ခြင်းအခမ်းအနားကျင်းပသည့် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမသို့ တက်ရောက်ခွင့်ရရှိခဲ့ရာ စာနယ်ဇင်းကောင်စီ၏ တာဝန်ရှိပုဂ္ဂိုလ်များဖြစ်ကြသော ဦးသီဟစော၊ ဦးဇော်သက်ထွေး၊ ဦးကိုကို၊ ဦးကျော်မင်းဆွေ အပါအဝင် ဦးချစ်ဝင်းမောင်၊ ဦးမြတ်ခိုင်နှင့်ဦးမြင့်ကျော်တို့၏ ဆွေးနွေးချက်များကိုမှတ်သားနာယူခဲ့ရသည်။ မိမိနှင့်သဘောထားချင်း တိုက်ဆိုင်တူညီသောအချက်များ များစွာပါဝင်ခဲ့သဖြင့် မတက်ရောက်နိုင်ကြသူ သတင်းသမားများကို လိုရင်းတိုရှင်းအနှစ်ချုပ်၍ ရေးသားတင်ပြလိုက်ပါသည်။

မီဒီယာဆွေးနွေးပွဲတိုင်းလိုလို ပါဝင်ထည့်သွင်းဆွေးနွေးနေကျဖြစ်သော လှိုင်ကော်မြို့၊ မကွေးမြို့အပါအဝင် ဒေသအသီးသီးမှသတင်းထောက်များ တရားစွဲဆို ထောင်ဒဏ်ချမှတ်ခံနေကြရခြင်းအပေါ်တွင်လည်းကောင်း၊ ထပ်မံ၍ တရားစွဲဆိုခံနေကြရသော သတင်းထောက်များက လည်းကောင်း မကျေနပ်ချက်၊ ရင်ဖွင့်ချက်များကို တွေ့မြင်ကြားသိလိုက်ရသည်။

တစ်ယောက်ကမျှားဆိုလျှင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီကိုပင် နင့်နင့်သီးသီးထိပါးပုတ်ခတ်ဝေဖန်ခဲ့သည်။ မိမိတို့အနေဖြင့် သတင်းမီဒီယာဥပဒေနှင့်သတင်းမီဒီယာကျင့်ဝတ် အတည်ပြုပြဋ္ဌာန်းနိုင်ရန် ရန်ကုန်နှင့် နေပြည်တော်အကြား နှစ်နှစ်တာကာလအတွင်း အခေါက်ခေါက်အခါခါ ပင်ပန်းကြီးစွာ ပြေးလွှားလှုပ်ရှားနေကြရသော ကောင်စီဝင်များကိုစာနာထောက်ထားမိသည်။ နည်းနည်းနှင့်ကျဲကျဲဝိုင်း၍ အလွန်လေးလံသောဝန်ထုပ်ကြီးကို ကိုယ့်ထမင်းကိုယ်စားပြီး ထမ်းဆောင်နေကြရသူများအပေါ် အလွန်ပင်ကျေးဇူးတင်နေမိသည်။

ယခင်သတင်းမီဒီယာ ဥပဒေကလည်း မပေါ်လာသေး၊ သတင်းမီဒီယာကျင့်ဝတ်ကလည်း မထုတ်ပြန်နိုင်သေးသည့်အချိန်တွင် မိမိတို့သတင်းသမားအချို့ ခြေချော်လက်ချော်အမှားများ အမှတ်မထင်ကျူးလွန်ခဲ့ကြဖူးသည်။ မိမိသည် တိုင်းဒေသကြီးတစ်ခု၏ သတင်းမီဒီယာဆိုင်ရာအကြီးအကဲတာဝန်ကို ထမ်းဆောင်နေသူဖြစ်ရာ ကိုယ်တွေ့ကြုံရသည်များအနက်မှ အချို့ကို ကိုယ့်ပေါင်ကိုယ်လှန်ထောင်းလိုက်ချင်သည်။ ဦးစွာတင်ပြလိုသည်မှာ ရောက်ရှိလာသော တိုင်စာအချို့ဖြစ်သည်။ ရင်ဘတ်တွင် ရင်ထိုးတံဆိပ်တပ် အိတ်ကပ်ထဲတွင် ကတ်ပြားထည့်၍ နေရာအနှံ့ သတင်းသမားအချို့အကြောင်းဖြစ်သည်။

KTV ကိုသွားသည်။ မာဆက်ကိုသွားသည်။ ရဲစခန်းကိုသွားသည်။ တစ်လုံး နှစ်လုံး သုံးလုံးဒိုင်တွေဆီကိုလည်းရောက်သည်။ တရားရုံးကိုလည်း ရောက်သည်။ ဘာသွားလုပ်သည်ထင်ပါသနည်း။ ထို့အပြင် သစ်ခွဲစက်သို့လည်း ရောက်သည်။ တောတွင်းက သစ်ခွဲသည့်လွှစင်ကိုလည်းရောက်သည်။ မီးသွေးဖုတ်သည့် တောထဲကိုလည်းရောက်သည်။ ဝါးဖောင်မျှောသည့်ရေဆိပ်တွင် ဝါးအောက်၌ သစ်များပါလာခြင်းရှိ မရှိလည်း သွားရောက်စစ်ဆေးလိုက်သေးသည်။ ရှာဖွေရေးဂိတ်များ၌လည်း သူ့နည်းသူ့ဟန်နှင့်တွင်ကျယ်ကြသည်။ ကျွန်တော်တို့မီဒီယာသမားတွေ အကြောင်းဖြစ်သည်။ အချို့သတင်းဌာနများကလည်း သတင်းမီဒီယာသမားကို စိစိစစ်စစ်မဟုတ်ဘဲ ရင်ထိုးတွေ၊ ကတ်ပြားတွေကို ဖောဖောသီသီဖောင်းဖောင်းပွပွ ထုတ်ပေးလျက်ရှိသည်။ **အများပြည်သူအကျိုးအတွက် တာဝန်ထမ်းဆောင်ကြမည့် သတင်းမီဒီယာများထဲတွင် "ငါရေးလိုက်ရမလား....လာထား"** တွေ မရှိစေချင်ပါ။

စာနယ်ဇင်းကောင်စီဝင်တစ်ဦးက သတင်းမီဒီယာသမားများကို မှာကြားသော စကားတွင် **သူများလာထိန်းတာမကြိုက်ရင် ကိုယ့်ဘာသာကိုယ်ထိန်းရမယ်** ဟူသော စကားလုံးကို ကြိုက်နှစ်သက်သည်။ သတင်းစာဆရာ မစ္စတာလယ်ရီယေကင်က ကမ္ဘာပေါ်တွင်အခက်ခဲဆုံး အသက်မွေးဝမ်းကျောင်းအလုပ်သည် သတင်းသမားအလုပ်ဖြစ်ကြောင်း ဆီဒိုးနားဟိုတယ်တွင်ပြောကြားခဲ့သည်။ သတင်းသမားတွင် အခွင့်အရေးရှိသကဲ့သို့ တာဝန်လည်းရှိကြောင်း မျှတစွာရေးဖို့ ပြောဖို့လိုသကဲ့သို့ ဘက်လိုက်မှုမရှိရန်လိုအပ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

စာနယ်ဇင်းကောင်စီဝင်တစ်ဦးကမူ သတင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ **ပေးသူရှိမှ ရတာမျိုးမဖြစ်ချင်ကြောင်း၊ကျင့်ဝတ်နှင့်ညီသော သတင်းသမားဖြစ်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ သတင်းစာအခြေခံပညာအတိုင်း မျှတစွာဆောင်ရွက်ရင် အကာအကွယ်ဆိုတာရပြီးသားဖြစ်ကြောင်း၊ အများတွေ့တိုင်းဆဲနေရင် ပြုပြင်ပြောင်းလဲရေးလုပ်လို့ရမည်မဟုတ်ကြောင်း** အကျယ်တဝင့် ဆွေးနွေးချက်သည် သတင်းမီဒီယာသမားများအတွက် သတိပြုဖွယ်ရာဖြစ်သည်။

ဥပဒေပြဋ္ဌာန်းချက်ဆိုသည်မှာ မိမိကြိုက်နှစ်သက်သည်ဖြစ်စေ၊ မကြိုက်မနှစ်သက်သည်ဖြစ်စေ လိုက်နာရမည်သာဖြစ်သည်။ ကျင့်ဝတ်ဆိုသည်မှာမူ မိမိအသိဖြင့် လိုက်နာရခြင်းမျိုးဖြစ်သည်။ မိမိတို့ဘက်ကလည်း လူကြီးလူကောင်း ဆန်ဆန်ပြုမူပြောဆိုခြင်းဖြင့် ကျင့်ဝတ်ကို ကိုယ်တိုင်ထိန်းကျောင်းခြင်းမျိုး လိုအပ်ကြောင်း ဆွေးနွေးချက်မှာလည်း အလွန်ကောင်းမွန်သည်။ မိမိရောက်ရှိ သတင်းယူနေသောနေရာ၏အဆင့်အတန်းကို ကိုယ်တိုင်သိရှိဖို့လိုအပ်ပြီး ဝတ်စားဆင်ယင်မှုမှစ၍ လိုက်လျောညီထွေရှိဖို့လိုသည်။ မောင့်ကျက်သရေ ခေါင်းပေါင်းပေါင်းပြီး တောင်ရှည်ပုဆိုးဝတ်ရန်ဆိုလိုခြင်း မဟုတ်ကြောင်း ထည့်သွင်းမှာကြားချက်ကိုလည်း ကြိုဆိုသည်။

မိမိတို့ သတင်းမီဒီယာသမားများသည် သတင်းသမားတာဝန်ကိုလည်း ကျေပွန်စွာထမ်းဆောင်ကြရမည်။ ပြည်သူလူထုက သတင်းသမားများကို အားကိုးတကြီး ဦးတည်ချဉ်းကပ်နေပါပြီ။ မိမိရောက်ရှိနေသော အဆင့်အတန်းကို မိမိကိုယ်တိုင် သိရှိဖို့လိုအပ်သည်။ စာနယ်ဇင်းကောင်စီအတွင်းရေးမှူးက အများအကြိုက် ရေလိုက်ငါးလိုက်မပြောဘဲ **ဘယ်သူတွေဘာပြောပြော ပြင်စရာရှိတာတွေ ကိုယ်တိုင်ပြင်မှရမယ် လက်ခုပ်သံကိုမမျှော်လင့်ဘူး ဆဲသံပဲကြားချင်တယ်** ဟုပြောသော နိဂုံးချုပ်အမှာစကားကို မိမိနှင့်တက်ရောက်လာသူသတင်းသမားများက လက်ခုပ်သံတဖြောင်းဖြောင်းဖြင့် ကြိုဆိုခဲ့ကြသည်။

အထက်တွင် ရေးသားဖော်ပြခဲ့သည်များမှာ မြန်မာနိုင်ငံ သတင်းစာဆရာများ သတင်းမီဒီယာကျင့်ဝတ် အတည်ပြုထုတ်ပြန်ခြင်းအခမ်းအနား၌ တာဝန်ရှိကောင်စီဝင်များ၏ မှာကြားချက်နှင့် မိမိ၏အမြင်ကိုပေါင်းစည်း ရေးသားလိုက်ခြင်းဖြစ်သည်။ နိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ ပြည်သူလူထုက **" သတင်းမီဒီယာသမားတွေ မှားနေ"** ဟု ဝေဖန်ပြစ်တင်ခြင်းမှ လွတ်ကင်းစေရန် သတင်းမီဒီယာဥပဒေကို ကျေညက်အောင်ဖတ်ကြပါ။ သတင်းမီဒီယာကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များကို မတိမ်းမစောင်းဘဲ လိုက်နာကြပါ။ သို့ပါလျှင် သတင်းသမားများကို ခြိမ်းခြောက်လျက်ရှိသော "အသရေဖျက်မှု၊ ကျော်နင်းဝင်ရောက်မှု၊ ဝတ္တရားနှောင့်ယှက်မှုအပါအဝင် အစိုးရလျှို့ဝှက်ချက်ဥပဒေ" များကို ငြိစွန်းမှုမရှိစေဘဲ ပြည်သူ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

သတင်းစာဆရာကြီးတစ်ဦးက သတင်းသမားများကို မြန်မာနိုင်ငံ သတင်းစာဆရာအသင်း ပထမအကြိမ် ဗဟိုဦးစီးအစည်းအဝေးတွင် "ခြေဖျားမထောက်ကြပါနဲ့" ဟု ဆုံးမစကားပြောကြားသွားသည်ကို ဦးထိပ်ပန်ဆင်ကြစေလိုသည်။ မိမိအနေဖြင့်မူ သတင်းမီဒီယာသမားများ **"သတင်းမီဒီယာဥပဒေနှင့်ကျင့်ဝတ်ကို လေးနက်စွာကျင့်သုံးလိုက်နာ၍ ညောင်သီးလည်းစား လေးသံလည်းနားထောင်ကြရန်"** တိုက်တွန်းလိုက်ရပါသည်။

> **စာနယ်ဇင်းကောင်စီဝင်တစ်ဦးက သတင်းမီဒီယာသမားများကို မှာကြားသော စကားတွင် သူများလာထိန်းတာမကြိုက်ရင် ကိုယ့်ဘာသာကိုယ် ထိန်းရမယ်ဟူသော စကားလုံးကို ကြိုက်နှစ်သက်သည်။**

ချင်းပြည်နယ် ထန်တလန်မြို့နယ် တလန်ရွာနှင့် ဟရီဖီးရွာချင်းဆက် လမ်းဖောက်လုပ်ရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ခွင့်ပြုငွေကျပ်သန်း ၁၆၄ ဒသမ ၄၀၀ ဖြင့် Marcy Company မာဆီကုမ္ပဏီမှ လမ်းအရှည် ၁၂ မိုင် ဖောက်လုပ်မှုအခြေအနေကို ဇွန် ၁၉ ရက်က ချင်းပြည်နယ် ကျေးလက်ဦးစီးမှူး ဦးဌေးဝင်းနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးချန်ဟမ်းတို့ ကွင်းဆင်းစစ်ဆေးစဉ်။ ကိုကိုရှုပ

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ Public Digital Library Service တပ်ဆင်ပြီးစီး

ပင်းတယ ဇွန် ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တွင် ပြည်သူများ မိမိဖတ်ရှုလိုသည့် သုတ၊ ရသစာအုပ်များကို လွယ်လင့်တကူလွေ့လာဖတ်ရှုနိုင်ရန်အတွက် Public Digital Library Service ကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီမှစ၍ တပ်ဆင်ပြီးစီးပြီဖြစ်သည်။

အဆိုပါ Public Digital Library Service တွင် ပြည်သူများ ဗဟုသုတစုံလင်စွာ ဖတ်ရှုနိုင်ရန်အတွက် သုတ၊ ရသ စာအုပ်ပေါင်း ၆၀၀၀ ကျော်ပါရှိပြီး မိမိ၏ Phone, Tablet , Notebook နှင့် Laptop များဖြင့် ဖမ်းယူဖတ်ရှုနိုင်ရန်အတွက် အသုံးပြုနည်းလမ်းညွှန်များကိုလည်း မြို့နယ်ရုံးတွင် ပြသပေးထားပါသဖြင့် အဆိုပါအသုံးပြုနည်းလမ်းညွှန်များအတိုင်း အလွယ်တကူလေ့လာဖတ်ရှုနိုင်ပြီး ဖတ်ရှုနိုင်သော အကွာအဝေးမှာ အတားအဆီးမရှိပါက မီတာ ၆၅၀ အတွင်း ဖမ်းယူဖတ်ရှုနိုင်မည်ဖြစ်ပြီး Wifi Signal ရရှိသော အကွာအဝေးတွင် ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

အများပြည်သူများ ဗဟုသုတတိုးပွားစေရန်အတွက် Digital Library များကိုလည်း နည်းလမ်းသစ် တစ်ခုအဖြစ် ဖွင့်လှစ်ပေးသည့်အပြင် လူစည်ကားရာနေရာများဖြစ်သည့် ကားဂိတ်၊ ပြည်သူ့ဆေးရုံ၊ ဈေး၊ ဘဏ်စသည့် နေရာများတွင် စာပေရေချမ်းစင်အိတ်များကိုလည်း ထားရှိပေးပြီး တစ်လတစ်ကြိမ် စာအုပ်အသစ်များ ဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု၊ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပျဉ်းမနား ဇွန် ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ဇွန် ၂၄ ရက် နံနက် ၈ နာရီက သစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

"ရှင်အောင်စိုက်ပျိုး ကြီးအောင်ပြုစု၊ မြဲအောင်ထိန်းသိမ်းပေး"ဆောင်ပုဒ်နှင့်အညီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးပေးခြင်းသည် ကုန်ကျစရိတ် အသက်သာဆုံးနှင့်ကမ္ဘာကြီးပူနွေးမှုကိုအထိရောက်ဆုံး လျှော့ချနိုင်သောနည်းလမ်းဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းသည် ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကောင်းကိုရရှိစေရန်နှင့်မြန်မာနိုင်ငံအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု၍ စိုက်ပျိုးကြသည်။ စိုက်ပျိုးပင်များ ဖြစ်သော ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက်၊ မဲဇလီ၊ မဟော်ဂနီ၊ ကုက္ကိုအစရှိသော အရိပ်ရသစ်ပင်များကို မြို့နယ်သစ်တောဦးစီးဌာနက ပေးအပ်ကူညီခဲ့ပြီး အရိပ်ရပျိုးပင်စုစုပေါင်း အပင် ၂၀၀ ကို နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ အတွင်းရေးမှူး ဒေါ်ဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ ဒက္ခိဏခရိုင်နှင့်ဥတ္တရခရိုင်အမျိုးသမီးရေးရာ ဥက္ကဋ္ဌများ၊ ပျဉ်းမနားမြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့်က အထက(၃)ကျောင်းဝင်းအတွင်း ဝိုင်းဝန်းစိုက်ပျိုးကြကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

တင်းနစ်အားကစားနည်းပြများ မှတ်ပုံတင်ကြရမည်

ရန်ကုန် ဇွန် ၂၄

မြန်မာ့တင်းနစ်အားကစား ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်များထား၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နည်းပြအခန်းကဏ္ဍမှာ အရေးပါလာလျက်ရှိသည်။ တင်းနစ်အားကစားနည်းစနစ်များသည် ပိုမိုတိုးတက်လာလျက်ရှိနေသောကြောင့် ယင်းတိုးတက်လာမှုကို မျက်ခြည်မပြတ်စေရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်သည် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်၊ အာရှတင်းနစ်အဖွဲ့ချုပ်တို့ဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တင်းနစ်အားကစားနည်းပြများအနေဖြင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် **(Tennis Federation of Myanmar)** တွင် နည်းပြမှတ်ပုံတင်ကြရမည်ဖြစ်သည်။ မှတ်ပုံတင်ထားရှိခြင်းဖြင့် နည်းစနစ်ဆိုင်ရာ သင်တန်းများကို အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်၏အကူအညီဖြင့်ဖွင့်လှစ်သင်ကြားသည့်အခါများတွင် သက်ဆိုင်ရာအခန်းကဏ္ဍများအလိုက် တက်ရောက်နိုင်ကြမည်ဖြစ်သည်။ အသေးစိတ်စုံစမ်းသိရှိလိုပါက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်း ဖုန်း ၀၁-၃၈၁၉၉၁ နှင့် ၃၈၁၉၉၂ တို့သို့ စုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

❀ ပြည်သူ့လွှတ်တော်မှ

ထို့အပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထိုမျှသာမက မီးဖွားသူဇနီးသည်နှင့် မွေးကင်းစကလေးကို ပြုစုစောင့်ရှောက်နိုင်ရန်အတွက် ခင်ပွန်းဖြစ်သူသည်လည်း ဝန်ထမ်းဖြစ်ပါက ၎င်းကိုလည်း လစာနှုန်းပြည့်ဖြင့် ရက်သတ္တပတ် နှစ်ပတ် ခွင့်ပြုပေးထားပါကြောင်း၊ ယခုလို ဝန်ထမ်းအမျိုးသမီး မီးဖွား၍ဝန်ထမ်းခင်ပွန်းသည်ကို ခွင့်ပေးခြင်းမှာ အာဆီယံ ၁၀ နိုင်ငံတွင် မြန်မာနှင့်စင်ကာပူ နှစ်နိုင်ငံသာရှိပါကြောင်း၊ ယင်းကိုထောက်ရှုခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများသည် မိမိတို့၏ဝန်ထမ်းများအပေါ် များစွာထောက်ထားသက်ညှာပြီး နိုင်ငံတကာစံနှုန်းများထက်သာလွန်သော အခွင့်အရေးများပေးထားပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဆက်လက်၍ ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေသည် နိုင်ငံတော်သမ္မတက ၂၀၁၃ ခုနှစ် မတ် ၈ ရက်တွင် အတည်ပြုလက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်မှ ဥပဒေအမှတ်(၅)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၇၆)၊ ပုဒ်မခွဲ (က) အရ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က မူကြမ်းပြုစုရေးဆွဲကာ ၂၀၁၄ ခုနှစ် မတ် ၂၀ ရက်တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၄)၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင်လက်မှတ်ရေးထိုး

ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြေကြားစဉ်။ (သတင်းစဉ်)

ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ တည်ဆဲဖြစ်သော ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ (၁၃)၊ ပုဒ်မခွဲ(ခ) အရ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများသည် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်တွင် လက်မှတ်ရေးထိုး၍ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၁၄)ဖြင့် ထုတ်ပြန်ခဲ့သည့်နေ့မှစ၍ အာဏာတည်ပါကြောင်း။

အာဏာ သက်ရောက်သည့် ၂၀၁၄ ခုနှစ် မတ် ၂၆ ရက် နောက်ပိုင်းမှာ မီးဖွားခွင့်သုံးလသာ ရရှိထားသော ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများသည် ၂၀၁၄ ခုနှစ် မတ် ၂၆ ရက်မှစတင်၍ အာဏာသက်ရောက်ပြီးဖြစ်သည့်အတွက် ယင်းနေ့နောက်ပိုင်း မီးဖွားခွင့်ခံစားလျှင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၁၀၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ခံစားခွင့်ရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ စတင်အာဏာသက်ရောက်စေရန် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ လွှတ်တော်ရုံးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသို့ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစာအုပ်ကို ၂၀၁၄ ခုနှစ် ဧပြီ ၂ ရက်တွင် အခမဲ့ ဖြန့်ဝေပေးပို့ခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံတော်သမ္မတကြီးက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို အစိုးရဌာနများမှဝယ်ယူ၍ ဝန်ထမ်းများအား ရာထူးအဆင့်အတန်းတစ်ခုအထိ ဖြန့်ဝေပေးပြီး အဆိုပါ ဝန်ထမ်းများမှတစ်ဆင့် ဌာနတွင်း၌ ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဟူ၍ လမ်းညွှန်မှုပြုခဲ့သဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ

ပျော်ဘွယ် မဲဆန္ဒနယ်မှ ဦးမြင့်စိုး မေးမြန်းစဉ်။ (သတင်းစဉ်)

စာအုပ်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း၊ ထိုသို့ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေထားခဲ့ပြီး ရုံးလုပ်ငန်းစည်းမျဉ်း(SD)နှင့်လည်း ညီညွတ်မှုမရှိသည့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံကွပ်ကဲမှုအောက်ရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာ အသီးသီးသို့ သီးခြားအမိန့်ညွှန်ကြားချက်များထုတ်ပြန်ညွှန်ကြားသွားရန်မရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၏ **ရန်ကုန်-မန္တလေးလမ်းမကြီး(လမ်းဟောင်း)ကို အဝေးပြေးလမ်းသစ်ကြီးကဲ့သို့ ၄၈ ပေ အကျယ်ဖောက်လုပ်ရန် BOT ယူထားသည့် ကုမ္ပဏီများအား သတ်မှတ်ကာလအတွင်း မပြီးစီးပါက မည်ကဲ့သို့အရေးယူမည်** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်းအား မက်စ်မြန်မာကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ၊ ဟိုက်စတားကုမ္ပဏီ၊ ကမ္ဘောဇကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီ၊ ယုဇနကုမ္ပဏီနှင့် သော်တာဝင်းကုမ္ပဏီတို့အား B.O.T စနစ်ဖြင့် ဆောက်ရွက်ခွင့်ပြုခဲ့ပါကြောင်း၊ ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်းကို ၄၈ ပေ အကျယ် ကတ္တရာလမ်းတိုးချဲ့ခြင်းနှင့် ပတ်သက်ပြီး မက်စ်မြန်မာကုမ္ပဏီမှ ဆောင်ရွက်ခဲ့သည့် ထောက်ကြန့်-ပဲခူးလမ်းပိုင်း ၃၂ မိုင် ခြောက်ဖာလုံကို ၇၂ ပေအကျယ် ကတ္တရာလမ်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ရွှေသံလွင်ကုမ္ပဏီမှ ဆောင်ရွက်သည့် ပဲခူး-ညောင်လေးပင်အပိုင်း ၄၈ မိုင်၊ ဟိုက်စတားကုမ္ပဏီမှ ဆောင်ရွက်သည့် ညောင်လေးပင်-ဖေယျာဝတီအပိုင်း ၄၈ မိုင်၊ ကမ္ဘောဇကုမ္ပဏီမှ ဆောင်ရွက်သည့် ဖေယျာဝတီ-ရေတာရှည်အပိုင်း ၄၈ မိုင်၊ အေးရှားဝေါလ်ကုမ္ပဏီမှ ဆောင်ရွက်သည့် ရေတာရှည်-ပျဉ်းမနား-ရမည်းသင်းအပိုင်း ၈၅ မိုင် နှစ်ဖာလုံနှင့် ယုဇနကုမ္ပဏီမှ ဆောင်ရွက်သည့် ရမည်းသင်း-မိတ္ထီလာအပိုင်း ၄၈ မိုင်ကို ၄၈ ပေအကျယ်ကတ္တရာလမ်းတိုးချဲ့ခြင်းတို့ကိုငါးနှစ် စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သော်တာဝင်းကုမ္ပဏီမှ ဆောင်ရွက်သည့် မိတ္ထီလာ-မန္တလေးအပိုင်း ၈၇ မိုင်ခုနစ်ဖာလုံအား ၄၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း လေးနှစ်စီမံချက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၏ **ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို အဆိုတင်သွင်းခဲ့ရာ လွှတ်တော်ကလက်ခံဆွေးနွေးရန်သဘောတူခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

❐ အမျိုးသားလွှတ်တော်မှ

ပညာဘွဲ့(B.Ed)ဘွဲ့ရ ဆရာ ဆရာမများကို အစီအစဉ် (၃)ရပ်ဖြင့် နှစ်စဉ်မွေးထုတ်ပေးလျက်ရှိပြီး လုပ်ငန်းခွင်ကြိုသင်တန်း (တက္ကသိုလ်ဝင်တန်းအောင်) ၆၀၀ ဦး၊ လုပ်ငန်းခွင်ကြိုသင်တန်း (ပညာရေးကောလိပ်ပေါင်းကူး) ၆၀၀ ဦးနှင့် လုပ်ငန်းခွင်သင်တန်း (ပညာရေးဘွဲ့စာပေးစာယူ) ၃၀၀၀ ဦးခေါ်ယူ၍ နှစ်စဉ် ၄၂၀၀ဦး မွေးထုတ်ပေးလျက် ရှိပါကြောင်း။

တက္ကသိုလ်များ၏ Facilities အရ နှစ်စဉ် အထက်တန်းပြ ဆရာဆရာမ ခန့်မှန်းခြေ ၄၅၀၀ ဦး မွေးထုတ်ပေးလျက် ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာန လက်အောက်တွင် အခြေခံပညာအထက်တန်းကျောင်းပေါင်း ၁၅၄၈ ကျောင်းရှိပါကြောင်း၊ လစ်လပ်လျက်ရှိသော ဆရာ ၃၇၅၁ ဦးရှိပါကြောင်း၊ တစ်နိုင်ငံလုံးပျမ်းမျှ ဆရာ၊ ကျောင်းသားအချိုးအရ ၁း၂၃ ခန့်ရှိသဖြင့် ခန့်ထားခွင့်ရ ဆရာလိုအပ်ချက်သည် လေ့ကျင့် မွေးထုတ်ပေးနေသည့် အင်အားနှင့်လုံလောက်ပါကြောင်း။

အခြေခံပညာ အထက်တန်းအထက်အဆင့်၌ တစ်တန်းတိုးမြှင့်ခြင်းကြောင့် ထပ်မံလိုအပ်မည့် ဆရာအင်အားကို ပညာရေးတက္ကသိုလ်များ၏ ဖွဲ့စည်းပုံတိုးချဲ့ခြင်း၊ ပညာရေးကောလိပ်များအား အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အခြေခံပညာကျောင်းများ၏ ဖွဲ့စည်းပုံ၊ ခန့်ခွင့်ပြုအရေအတွက် တိုးမြှင့်ခြင်းနှင့် အလျင်အမြန်လိုအပ်ပါက ဘာသာရပ်ကျွမ်းကျင်ပြီးသည့် ဘွဲ့ရများအား ဆရာအတတ်ပညာ သီးသန့်သင်တန်းပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ထို့အပြင်လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှု အစီအစဉ်တွင် အခြေခံပညာကဏ္ဍ(ထက်၊ လယ်၊ မူ) အဆင့်အားလုံးအတွက် ဆရာအတတ်ပညာကဏ္ဍတစ်ရပ်အဖြစ် စနစ်တကျလေ့လာ၍ အစီအစဉ်များ ချမှတ်စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း

ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ဖြေကြားသည်။

အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်း**ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

အစီရင်ခံစာ၌ တာဝန်မှ ပြန်လည် ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်ကို တိုင်တန်းလိုသည့်အခါ ခိုင်မာမှုရှိစေရန်အတွက် ဥပဒေကြမ်း၏ ပုဒ်မ ၄ တွင် “တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့ကလည်းကောင်း၊ တာဝန်မှ

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ မေးမြန်းစဉ်။ (သတင်းစဉ်)

ပြန်လည်ရုပ်သိမ်းလိုသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို နိုင်ငံသားတစ်ဦးဦးက” ဆိုသည့် စကားရပ်၏နောက်၌ “ခိုင်လုံသော သက်သေ အနည်းဆုံး ၁၀ ဦး၏ လက်မှတ်ရေးထိုးထောက်ခံချက်ကို ပူးတွဲ၍”ဆိုသည့် စကားရပ်ကိုဖြည့်စွက်ရန်၊ ပုဒ်မ ၁၈ တွင် “လွှတ်တော်ကိုယ်စားလှယ်ကို တာဝန်မှ ပြန်လည်ရုပ်သိမ်းရန်ရည်ရွယ်၍ မမှန်မကန်တိုင်တန်းကြောင်း စစ်ဆေးပေါ်ပေါက်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်”ဆိုသည့် စကားရပ်၏နောက်၌ “တိုင်တန်းသူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အပေါ် တိုင်တန်းချက်များတွင် သက်သေအဖြစ် လက်မှတ်ရေးထိုးထောက်ခံသူများအား” ဆိုသည့် စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း ပါရှိသည်။

ယင်းနောက် **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုပြီး ယင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းစည်းဝေး

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံဆေးကောင်စီဥပဒေကြမ်းကို စိစစ်သည့်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး၌ကျင်းပရာ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီအတွင်းရေးမှူး ဒေါက်တာနေလင်း၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီတို့မှ အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစောလှထွန်းနှင့် ကော်မတီဝင်များက မပြီးပြတ်သေးသောဥပဒေကြမ်းပါ ပုဒ်မအလိုက်စိစစ်ကြပြီး စိစစ်တွေ့ရှိချက်များကို ပြည်သူ့လွှတ်တော်သို့ တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအား ဧည့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးညွှန့်တင်နှင့် ကော်မတီဝင်များအား ဗန်ကောက်မြို့အခြေစိုက် ဟန်ဂေရီသံအမတ်ကြီး Mr. Denes Tomaj နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် အမှတ်(၂၀)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ဟန်ဂေရီ နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များ၊ ဟန်ဂေရီနိုင်ငံမှ မြန်မာနိုင်ငံအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ပညာရေးဝန်ကြီးဌာနနှင့်အတူ ဆောင်ရွက်နေသည့် အစီအစဉ်များ၊ ဟန်ဂေရီပါလီမန်တွင်ကျင့်သုံးသည့် PR စနစ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လောင်းလုံးမြို့နှင့် သထုံမြို့တို့တွင် ၃ ဒသမ ၈၂ လက်မစီ၊ ဂွမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၃ ဒသမ ၅၄ လက်မစီ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၃ဒသမ ၃၉လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၃ ဒသမ ၁၉ လက်မ၊ ချောင်းဆုံမြို့တွင် ၃ ဒသမ ၀၇ လက်မ၊ မအူပင်မြို့တွင် ၂ ဒသမ ၉၉ လက်မ၊ မြိတ်မြို့တွင် ၂ ဒသမ ၉၅ လက်မနှင့် တမူးမြို့တွင် ၂ ဒသမ ၉၁ လက်မ တို့ဖြစ်ကြသည်။

❖ ကျောဖုံးမှ

ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ-ထိုင်းငါးချိစိန်ခေါ်ပွဲ တွဲဆိုင်း၊ ၁၀ ဆိုင်းတွင် စောဒါးပို့(ရွှေဖူး)နှင့် ဝက်ချ်နာ(ထိုင်း)၊ ရဲမြတ်အောင်(အဖြူရောင်)နှင့် ဂွန်ချန်ပဲ(ထိုင်း)၊ ရန်တိုင်းကျော် (ဝါဆို)နှင့် ဖားမွန်ခွန်း(ထိုင်း)၊ ရဲတံခွန် (အလင်းရောင်)နှင့် ဖက်နီခွန်(ထိုင်း)၊ စောဂေါ်မူဒို(သတ္တိ)နှင့်ဖာခေါ(ထိုင်း)၊ သတ္တိအောင်(တောင်ကလေး)နှင့် ဖူထိုင်း(ထိုင်း)၊ သပြေညို(ဘိလပ်မြေစက်ရုံ)နှင့် နက်တဒက်(ထိုင်း)၊ တူးတူး(နဂါးမာန်)နှင့် ခရွန်(ထိုင်း)၊ စိုးလင်းဦး(ဒို့ရိုးရာ)နှင့် ပါဝိ(ထိုင်း)၊ ထွန်းထွန်းမင်း(မုဒိုသား)နှင့် ဝီရာပိုလ်(ထိုင်း)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ထိုပြိုင်ပွဲတွင် မြန်မာမှလက်ရွေးစင်လက်ဝှေ့သမားများကို ကလပ်အသင်း ၁၀ ခုမှ လက်ဝှေ့သမားဆယ်ဦးရွေးချယ်ထားပြီး ထိုင်းနိုင်ငံမဲဆောက်က မြန်မာ့ရိုးရာ လက်ဝှေ့သမားအများဆုံး ရွေးချယ်ထားကြောင်း သိရသည်။ ပြိုင်ပွဲစင်မြင့်ကို LED Digital Display များ၊ နိုင်ငံတကာအဆင့်မီ Lighting System များဖြင့် တစ်မူထူးခြားစွာ ပွဲစဉ်တစ်လျှောက် ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့ပွဲများကို သုံးချီ၊ ကြားပွဲ၊ လေးချီအထူးပွဲ၊ ငါးချီစိန်ခေါ်ပွဲ ကျင်းပခဲ့ကြသည်။ ယခု မြန်မာ-ထိုင်းငါးချီစိန်ခေါ်ပွဲတွဲဆိုင်းတစ်ဆိုင်းကို လက်ဝှေ့ဝါသနာရှင်များ အားပါးတရ ကြည့်ရှုကြရတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

✲ ကျောဖုံးမှ

ရတနာပုံနောက်ခံလူ ရဲဝင်းအောင်ကို အစားထိုးရွေးချယ်ခဲ့ပြီး ဆောက်သမ်းဂိုးသမား ပြည့်ဖြိုးအောင်ကိုလည်း ထပ်မံအားဖြည့်ရွေးချယ်ထားသည်။

ပဏာမ မြန်မာ့လက်ရွေးစင်အသင်းတွင် နည်းပြချုပ်အေဗရာမိုဗစ်၊ လက်ထောက်နည်းပြ ဇီကိုဗစ်နှင့် ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြဒီနို၊ အသင်းအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**- သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ ပြည့်ဖြိုးအောင်၊ ဗန်လားဟရွှယ်၊ ရန်အောင်လင်း၊ **နောက်တန်း**-ဇော်မင်းထွန်း၊ သက်နိုင်၊ အောင်ဇော်၊ ရဲဝင်းအောင်၊ သိန်းဇော်၊ နေမျိုးအောင်၊ မန်ဘိုထွန်း၊ **အလယ်တန်း**- ရန်အောင်ဝင်း၊ ကျော်ဇေယျာဝင်း၊ အောင်ကျော်နိုင်၊ အောင်ရှိုးသာမောင်၊ နိုင်လင်းဦး၊ နေလင်းထွန်း၊ မင်းမင်းသူ၊ ကြည်လင်း၊ အောင်မိုး၊ ရန်အောင်ကျော်၊ **ရှေ့တန်း**- ရန်ပိုင်၊ ကောင်းစည်သူ၊ စိုးမင်းဦးနှင့် ကျော်ကိုကိုတို့ ပါဝင်ကြသည်။

ခြေစမ်းကစားမည်

မြန်မာအသင်းသည် ဇွန် ၂၈ ရက် ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ဂျေလိဂ်ကလပ် ဆီရီဗိုအိုဆာကာအသင်း၊ ဇူလိုင် ၂ရက်တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်နိုင်ငံတွင် ခြေစမ်းကစားမည်ဖြစ်သည်။

ပြည်တွင်းသတင်း

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ။)

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေတွင်ပါရှိသော "ခွင့်ပြုမိန့်" ဆိုသည့် စကားရပ်ကို "ခွင့်ပြုချက်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (ဂ)၌ ပါရှိသော "ကိုယ်ရေးအချက်အလက်" ဆိုသည့် စကားရပ်ကို "အမည်နှင့်ဆက်သွယ်ရမည့် နေရပ်လိပ်စာအပြည့်အစုံ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေအခန်း(၄)တွင်-

(က) အခန်းခေါင်းစဉ်၌ ပါရှိသော "နှင့် ငြင်းပယ်ခြင်း" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသား တစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများက ဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုချက်ထုတ်ပေးရမည်။"

(ဂ) ပုဒ်မ ၆ ၌ ပါရှိသော "သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်းတို့" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၉ တို့ကို ပယ်ဖျက်ရမည်။

(င) ပုဒ်မ ၈၊ ပုဒ်မခွဲ (င)၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ) ဟောပြောခွင့်ပြုသည့် အကြောင်းအရာနှင့် ကြွေးကြော်ခွင့်ပြုသည့် စကားရပ်များ၊"

၅။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဋ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဋ) ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ည)အထိပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာခြင်းမရှိ၍ ခွင့်ပြုချက်ရုပ်သိမ်းခြင်း ခံရပါက ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ လူစုခွဲရမည်။"

၆။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တွင်ပါရှိသော"နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်"ဆိုသည့် စကားရပ်ကို "တစ်နှစ်ထက်မပိုသောထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော "တစ်နှစ်ထက်မပိုသော ထောင်ဒဏ်" ဆိုသည့်စကားရပ်ကို "ခြောက်လထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ တွင်ပါရှိသော "ခြောက်လထက်မပိုသော ထောင်ဒဏ်" ဆိုသည့်စကားရပ်ကို "သုံးလထက်မပိုသော ထောင်ဒဏ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

✻ ရှေ့ဖုံးမှ

ယနေ့ပြပွဲတွင် သက်နိုင်အောင်ကုမ္ပဏီက နိုင်ငံတော်နှင့် အကျိုးတူတူးဖော်ရရှိသည့် အလေးချိန် ၄ ဒသမ ၆၃ ကီလိုရှိ ဂဲကပ်ပတ္တမြားရိုင်းတစ်ပွင့်ကို နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ခံရယူခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှ စတင်၍ရောင်းချခဲ့ရာ ယခုကျင်းပသည့် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအပါအဝင် ပြပွဲပေါင်း(၈၇) ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

(၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့မှ ဇူလိုင် ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲပေါင်း ၇၄၅၄ တွဲ၊ ကျောက်မျက်ရတနာ အတွဲပေါင်း ၄၃၆ တွဲနှင့် ပုလဲအတွဲပေါင်း ၃၄၂ တွဲတို့ကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲပေါင်း ၇၁၆၀ တွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ အတွဲပေါင်း ၂၉၄ တွဲကို ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်သည်။

ယင်းသို့ရောင်းချရာတွင် ကြမ်းခင်းဈေး ယူရိုတစ်သန်းနှင့်အထက် ကျောက်စိမ်းအတွဲပေါင်း ၆၉ တွဲပါဝင်ပြီး အမြင့်ဆုံးကြမ်းခင်းဈေးအနေဖြင့် သာယာကြည်နူးဖွယ် ကျောက်မျက်ကုမ္ပဏီက တင်ပြရောင်းချမည့် ကြမ်းခင်းဈေး ယူရိုငွေ သန်း ၆၀သတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲဖြစ်သည်။ ယင်းကျောက်စိမ်းအတွဲကို လုံးခင်း၊ ဖားကန့်ရတနာမြေ စဗျိုဝမှော်မှ တူးဖော်ရရှိခြင်းဖြစ်ပြီး အလေးချိန် ၂၃၃ ကီလိုရှိသည်။

ထို့အတူ ကျောက်မျက်ရတနာအတွဲများကို ဇွန် ၂၇ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၂၇၁ တွဲကိုလည်းကောင်း၊ ဈေးပြိုင်စနစ်ဖြင့် ၁၆၅ တွဲကိုလည်းကောင်း ရောင်းချသွားမည်ဖြစ်ပြီး ယင်းသို့ရောင်းချရာတွင် အမြင့်ဆုံးကြမ်းခင်းဈေးအနေဖြင့် တစ်ပိုင်တစ်နိုင် လုပ်ကွက်မှ ဦးဌေးအောင်က ယူရို ၁၀၀၈၈၈၈ တန် မြပြာရိုင်းတစ်ပွင့်၊ နီလာနဂါးကုမ္ပဏီက ယူရို ၃ သိန်းတန် ပတ္တမြားရိုင်းတစ်ပွင့်၊ Excellent Ruby & Sapphire ကုမ္ပဏီက ယူရို ၃ သိန်းတန် ပတ္တမြားဂေါ်ကြီးတစ်ပွင့်၊ Ruby Dragon ကုမ္ပဏီက ယူရို ၃ သိန်းတန် ပတ္တမြားရိုင်းတစ်ပွင့်၊ ပုဂ္ဂလိကလုပ်ငန်းရှင် ဦးကျော်စိုးဝင်းက ယူရို ၈၅၀၀၀ တန် ရွှေဝါရောင်ထပ်တစ်ရာရိုင်းတစ်ပွင့်နှင့် လက်ဝတ်ရတနာအချောထည်များအနေဖြင့် မြှားညီအစ်ကိုများ ကုမ္ပဏီက ယူရို ၉၀၀၀၀ တန် ပတ္တမြားလုံးချောလက်စွပ် တစ်ကွင်းနှင့် ယူရို ၄၀၀၀၀ တန် ပတ္တမြားလုံးချော လည်ဆွဲတစ်ကုံးတို့ကို တင်ပြရောင်းချသွားမည်ဟု သိရသည်။

အဆိုပါကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်ရတနာအတွဲများကို မဏိရတနာကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ပုလဲအတွဲများကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် ရတနာဈေးအထပ်တွင် ခင်းကျင်းပြသရောင်းပေးသွားမည်ဖြစ်ပြီး မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းမှ နိုင်ငံပိုင်ပုလဲအတွဲပေါင်း ၂၀၄ တွဲနှင့် ကုမ္ပဏီပိုင်ပုလဲအတွဲပေါင်း ၁၃၈ တွဲ စုစုပေါင်းပုလဲအတွဲ ၃၄၂ တွဲအနက် ပုလဲအတွဲပေါင်း ၃၁၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ပုလဲအတွဲပေါင်း ၃၀ ကို ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ပြပွဲသို့လာရောက်ကြသည့် ပြည်တွင်းပြည်ပမှရတနာကုန်သည်များတည်းခိုရေး၊ စားသောက်ရေး၊ သွားလာရေး၊ ဆက်သွယ်ရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးစသည်တို့ အဆင်ပြေချောမွေ့စေရေးအတွက် သက်ဆိုင်ရာကော်မတီအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီး ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဇူလိုင် ၆ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပို့ဆောင်ရေး၊ စက်မှုနှင့်လျှပ်စစ်စွမ်းအားဆိုင်ရာ သဘာဝဓာတ်ငွေ့သုံးစွဲမှု ဖိုရမ်ကျင်းပ

ရန်ကုန် ဇွန် ၂၄

1st Myanmar CNG For Transport, Industry and Power Forum ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Chatruim Hotel Ballroom ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သော Forum မှ အကြံပြုဆွေးနွေးချက်များသည် သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များပြောင်းလဲတပ်ဆင်မှု၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံများနှင့် လျှပ်စစ်ဓာတ်အားပေးအလုပ်ရုံများတွင် အသုံးပြုမှု၊ ဘေးကင်းလုံခြုံစိတ်ချမှုနှင့်သဘာဝဓာတ်ငွေ့ဖြန့်ဖြူးရောင်းချမှုလုပ်ငန်းများတွင် နည်းပညာနှင့်အသိဉာဏ်ဗဟုသုတများရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် Asia Pacific Natural Gas Vehicles Association (ANGVA) မှ Executive Director Mr.Lee Giok Seng က 1st Myanmar CNG For Transport, Industry and Power Forum ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Hotel Ballroom အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။ **(ဓါတ်ပုံ)**

1st Myanmar CNG For Transport, Industry and Power Forum ကို ရန်ကုန်မြို့ Chatruim Hotel Ballroom ၌ ဇွန် ၂၄ ရက်မှ ၂၅ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပကုမ္ပဏီများမှ မြန်မာနိုင်ငံ၏ သဘာဝဓာတ်ငွေ့သုံးစွဲမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသမီးများနေ့ကြိုဆိုဂုဏ်ပြု သွေးလှူဒါန်း

ပဲခူး ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ နာယက ဒေါ်တင့်မော်၊ ဥက္ကဋ္ဌ ဒေါ်မေသူ ဦးဆောင်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သွေးလှူဒါန်းပွဲအခမ်းအနားကို ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဇွန် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)** တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့သည် သွေးလှူရှင်များကို ကွေကာအုပ်၊ ကြက်ဥနှင့် အိုဗာတင်းဘူးများ လှူဒါန်းခဲ့ရာ ပဲခူးပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်သို့ အလှူငွေကျပ် သုံးသိန်းကိုလည်း လှူဒါန်းခဲ့ပြီး အဆိုပါသွေးလှူဒါန်းအဖွဲ့တွင် သွေးလှူရှင် ၂၈ ဦးကို လှူဒါန်းခဲ့ကြောင်း သိရသည်။

(၁၈၃)

✻ ကျောဖုံးမှ

တစ်ရုပ်၊ ကြေးဘုရားကျောင်းဆောင်နှင့် ကြေးပုစွန်ရုပ်ငါးရုပ်၊ ကဏန်းရုပ်များ တူးဖော်တွေ့ရှိသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေ၊ မြို့မရဲစခန်းမှူး ဦးပန်စိုးတို့ကသွားရောက်လက်ခံယူပြီး သာသနာရေးဦးစီးဌာနသို့ ဆက်လက်လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဌေး(ပွင့်ဖြူ)

✳ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆလိုဗေးနီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စအာလန်ကာဘရာတူဆက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဆလိုဗေးနီးယားအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၅

၂၀၁၄ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ဆလိုဗေးနီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆလိုဗေးနီးယား သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာကာလ်ဗစ်တာအာရ်ဂျဗက်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ကျေးရွာထင်းစိုက်ခင်းများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် ထင်းလောင်စာလိုအပ်မှု စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်

နေပြည်တော် ဇွန် ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ရေနံ့သာစံပြကျေးရွာတွင် ဒေသခံကျေးရွာလူထုနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းစိုက်ပျိုးခဲ့သည့် တစ်ရွာ တစ်ဧက(ယူကလစ်)စိုက်ခင်းများ ရှင်သန်ဖြစ်ထွန်း အောင်မြင်မှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။ (ယာပုံ)

ပြည်ထောင်စုဝန်ကြီးသည် ဥက္ကံ၊ ရေနံ့သာ၊ နံ့သာမြိုင်၊ ပြည်သာအေး၊ ဒီယာ၊ နေပူကုန်း၊ တမာကုန်း၊ ကျောက်စရစ်(တောင်)၊ ကျောက်စရစ်(မြောက်) ကျေးရွာလူထုနှင့် တွေ့ဆုံကာ အေဝမ်းစွမ်းအားမြှင့်မီးဖိုများကို အခမဲ့ဝေငှပေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် ကြိုးဝိုင်းများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ အခြေချနေထိုင်လာခဲ့သည့် ပြည်သူများအတွက် သီးနှံသစ်တောရောနှောစိုက်ပျိုးသည့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ (CF) တည်ထောင်ခြင်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်ကျသည့်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ ကျေးလက်အိမ်ရာထူထောင်ရေးစိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးလက် လူထုစွမ်းဆောင်ရည် မြှင့်မားရေးအတွက် သင်တန်းများကျင်းပခြင်းစသည်တို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရန် အထိရောက်ဆုံးဆောင်ရွက်ရမည့် နည်းလမ်းမှာ သစ်တော၊ သစ်ပင်များ ပြန်လည်စိုက်ပျိုး တည်ထောင်ခြင်းဖြစ်ပါကြောင်း၊ ရှေးယခင်က နေ့စဉ်အသုံးပြုရသည့် ထင်း၊ မီးသွေး လောင်စာ၊ အဆောက်အအုံနှင့် လယ်ယာသုံးပစ္စည်းကိရိယာများအတွက် သစ်၊ တိုင်၊ မျော၊ ဝါးတို့ကို သဘာဝတောကြီးများမှသာ ထုတ်ယူသုံးစွဲရပါကြောင်း၊ ဒေသခံများ၏ မိမိသုံးလိုအပ်ချက်သာမက သစ်တောထွက်သယံဇာတများ ထာဝစဉ်ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်သည့် စီးပွားဖြစ်ထုတ်လုပ်တင်ပို့မှုများကြောင့် သဘာဝတောကြီးများမှ ထုတ်လုပ်နိုင်စွမ်းလျော့ကျလာသဖြင့် သစ်တောစိုက်ခင်းများအား ပြန်လည်စိုက်ပျိုးနေခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဒေသခံများက မိမိတို့၏ နေ့စဉ်လိုအပ်သည့် သစ်၊ ထင်းလောင်စာအတွက် တစ်ပိုင်တစ်နိုင်၊ တစ်ရွာတစ်ဧက ကိုယ်တိုင်ကိုယ်ကျ စိုက်ပျိုးတည်ထောင်ခြင်းဖြင့် မူးစု၊ ပဲစု၊ တောင်းပြည့်ပုံစံဖြင့် အားလုံးပါဝင်စိုက်ပျိုးခြင်းဖြင့် သစ်တောများ ပြန်လည်ဖြစ်ထွန်းလာပြီး သဘာဝပတ်ဝန်းကျင်အခြေအနေကောင်းများ ရရှိလာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ထင်းလောင်စာသုံးစွဲရမှု ၄၀ ရာခိုင်နှုန်းသက်သာစေသည့် အေဝမ်း စွမ်းအားမြှင့်မီးဖိုများကို အသုံးပြုခြင်းဖြင့် ကျေးလက်နေပြည်သူများ နှစ်စဉ်ထင်းသုံးစွဲမှု တစ်တန်သက်သာစေမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများနှင့် ထင်းအစားထိုးလောင်စာများကို အသုံးပြုခြင်းဖြင့် သစ်တောများမှ ထင်းအသုံးပြုမှုလျော့နည်း သက်သာစေမည်ဖြစ်ပါကြောင်း၊ ဒေသခံမိဘများအနေဖြင့် သစ်တောသစ်ပင်များကို မိမိတို့၏ အိမ်ခြံဝင်း၊ အများပိုင်မြေ၊ လယ်ယာမြေနယ်နိမိတ်များ၊ မြေလွတ်မြေလပ်များတွင် စိုက်ပျိုးတည်ထောင်ကြခြင်းဖြင့် ထာဝရကုသိုလ်ရယူနိုင်သကဲ့သို့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတု ကောင်းမွန်ရေးအတွက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မတ္တရာမြို့နယ် ဥက္ကံသစ်တောပျိုးဥယျာဉ်၌ သစ်တောဝန်ထမ်းများနှင့် တွေ့ဆုံ၍ တတိယအဆင့် အရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များ ပီပြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ဝန်ထမ်းများအနေဖြင့် ဌာန၏ ရည်မှန်းချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို တိတိကျကျနားလည်သဘောပေါက်ကြရန်၊ လုပ်ငန်းများကြန့်ကြာမှုမရှိစေဘဲ ပြည်သူလူထုအား အပြည့်အဝဝန်ဆောင်မှုပေးရန်၊ လက်အောက်ဝန်ထမ်းအဆင့်ဆင့်အား အသိပေးကြပ်မတ်ဆောင်ရွက်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်(၇)ရပ်ပါ သစ်တောနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာလုပ်ငန်းစဉ်များအား အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ ပြည်သူတို့၏ဆန္ဒနှင့် သဘောထားအမြင်ကို ရယူရန်၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရန်၊ လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှုကင်းစင်ရေး လိုက်နာဆောင်ရွက်ကြရန်၊ ပြည်သူလူထုဗဟိုပြု သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှု စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန်မှာကြားခဲ့သည်။

ထို့နောက် စဉ့်ကူးမြို့နယ်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်းနှင့် ပျိုးဥယျာဉ်တို့ကိုလည်းကောင်း၊ သပိတ်ကျင်းမြို့နယ်အတွင်း ၂၀၁၃-၂၀၁၄ ခုနှစ်၌ တည်ထောင်ခဲ့သည့် စီးပွားရေးပိတောက်စိုက်ခင်း ဧက ၁၀၀၊ ၁၉၉၅ ခုနှစ် ကျွန်းစိုက်ခင်းနှင့် ဖော့တောကျေးရွာရှိ ကျွန်းမျိုးစေ့၊ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် ပြုစုထိန်းသိမ်းထားသည့် သစ်စေ့ထုတ်ဧရိယာ (Seed Production Area) ဧက ၂၀ တို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်

နေပြည်တော် ဇွန် ၂၄

ယနေ့ နံနက် ၆ နာရီခွဲတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်အဝိုင်းအနီး၌ ကျင်းပသော မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့် ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၅၀ ခန့် တက်ရောက်ကြသည်။ (အောက်ဝဲပုံ)

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများ ဖြစ်ကြသော ဒေါ်နီနီဝင်းနှင့် ဒေါ်ကျင်ခိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ကို လေဆာဘောဖြင့် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်အဝိုင်းအနီး၌ ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းနှင့် ဒေါ်ကျင်ခိုင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို လေဆာဘောဖြင့် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးယာဉ်အန္တရာယ်ကင်းရှင်းရေး နည်းပညာစနစ်မိတ်ဆက်ပြသ

နေပြည်တော် ဇွန် ၂၄

မော်တော်ယာဉ် ခြေရာခံစနစ်၊ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးစနစ်၊ စည်းကမ်းထိန်းသိမ်းရေးစနစ် နည်းပညာပိုင်းရှင်းလင်းပြသပွဲကို ယနေ့ နေ့လယ်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေရှိ ပလွေးအမြန်လမ်း ရဲတပ်ဖွဲ့စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ယာဉ်အန္တရာယ်ကင်းရှင်းလျော့ပါးစေရေး၊ လုံခြုံရေးစနစ် စည်းကမ်းထိန်းသိမ်းရေးစနစ်နည်းပညာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်အသုံးပြုဝန်ဆောင်မှုလုပ်ငန်းများကို b smart Co.,Ltd. မှ ဦးအောင်ညီညီမော်က ရှင်းလင်းပြသသည်။ b smart vehicle Safety Management System သည် GPS ကို အသုံးပြု၍ ဂြိုဟ်တုနှင့်ချိတ်ဆက်ပြီး GSM, GPRS network တို့ပေါင်းစပ်၍ မော်တော်ယာဉ် အမြန်နှုန်း၊ ရောက်ရှိ တည်နေရာ၊ အချိန်စသည့် အချက်အလက်များကို တိကျစွာသိရှိနိုင်ခြင်း၊ ယာဉ်မတော်တဆမှုများကို ပြန်လည်သုံးသပ်နိုင်ခြင်း၊ အရေးပေါ်အခြေအနေကို သတိပေးနိုင်ခြင်း၊ ယာဉ်မောင်း၏ မှုမမှန်သော (အိပ်ငိုက်ခြင်း) အခြေအနေမှ ဖြစ်ပေါ်လာနိုင်သော ယာဉ်မတော်တဆမှုကို အသေးစိတ်သိရှိနိုင်ခြင်းအချက်အလက်များကို မြေပုံနှင့်တကွ Google map, Google Earth မှ အတိအကျမှတ်တမ်းတင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

၎င်းနည်းစနစ်ပိုင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနှင့် ပထမဆုံးစတင် ဆောင်ရွက်မည်ဖြစ်သည်။ အမြန်လမ်း အရှိန်ထိန်းစနစ်ကို အမြန်လမ်းမကြီးတွင် ဆောင်ရွက်သကဲ့သို့ ဟိုင်းဝေးလမ်းတိုင်းတွင် အသုံးပြုသင့်ကြောင်း အမြန်လမ်းအသုံးပြုသွားလာနေသော ခရီးသွားယာဉ်မောင်းတစ်ဦးက ပြောသည်။ အမြန်လမ်းမကြီးပေါ်တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများ လျော့ပါးစေရေးနှင့် ခရီးသည်ယာဉ် ခရီးသွားပြည်သူများအတွက် ယာဉ်အန္တရာယ်လုံခြုံမှုရှိစေရန် ၎င်းနည်းပညာစနစ်နှင့် ဆက်စပ်ပစ္စည်းများအား အမြန်လမ်းအသုံးပြု Express အမြန်ယာဉ်များတွင်သာမက အဝေးပြေးယာဉ်လိုင်း ဟိုင်းဝေး Express များတွင် အသုံးပြုတပ်ဆင်နိုင်သည်။ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းစင် လျော့ပါးစေရေးနှင့် အမြန်လမ်းသုံးပြည်သူများ အန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မီးရထားပို့ဆောင်ရေးဝန်ကြီးဌာန နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေးဌာနပေါင်းစည်းညှိနှိုင်းပြီး လုပ်ဆောင်မည်ဟု သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းအနေနှင့် ၂၀၁၄ ဧပြီလတွင် ယာဉ်မတော်တဆမှု ၆၀၊ သေဆုံးသူ ၃၃ဦး၊ ဒဏ်ရာရရှိသူ ၁၃၉ဦး၊ မေလတွင် ယာဉ်မတော်တဆမှု ၄၀၊ သေဆုံးသူ ၂၃ ဦး၊ ဒဏ်ရာရရှိသူ ၉၂ ဦးနှင့် ဇွန် ၂၃ ရက်အထိ ယာဉ်မတော်တဆမှု ၁၉ မှု၊ သေဆုံးသူ နှစ်ဦး၊ ဒဏ်ရာရရှိသူ ၁၆ ဦးထိ တဖြည်းဖြည်း ယာဉ်မတော်တဆမှု နည်းလာကြောင်း တွေ့ရသည်။

အရှိန်အဟုန်မြှင့်

ထိုကဲ့သို့ ယာဉ်မတော်တဆမှု လျော့နည်းစေရေး၊ အမြန်လမ်းသုံး ခရီးသွားပြည်သူများ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေးအတွက် နေပြည်တော် အမြန်လမ်းရဲတပ်ဖွဲ့မှူးစခန်း၏ ကွပ်ကဲမှုနှင့်အတူ ရန်ကုန်-မန္တလေး အမြန်လမ်းရဲတပ်ဖွဲ့စခန်း အသီးသီးမှ တာဝန်ရှိသူများ၊ အဖွဲ့များသည် နေ့စဉ် နေ့/ည အလှည့်ကျလှည့်ကင်း ပတ်ကင်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်စစ်ဆေး

အမြန်လမ်းမကြီး အသုံးပြုမည့် မော်တော်ယာဉ်များကိုလည်း နေ့စဉ် တာဝန်ရှိအဖွဲ့များက မော်တော်ယာဉ်ကြံ့ခိုင်မှု၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်လိုင်စင်များ၊ မီးသတ်ဆေးဘူးများ၊ ကားတာယာများ၊ Express များပေါ်တွင် ခရီးသည်များအတွက် အရေးပေါ် ထွက်ပေါက်များနှင့် အသုံးပြုပုံများ၊ ကားများတွင် ပါရှိရမည့် ခါးပတ်၊ ပုဆိန်များ ဆောင်ထားခြင်းရှိမရှိများကို သတ်မှတ်စစ်ဆေးရေးဂိတ်များတွင် ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

မော်တော်ယာဉ် ခြေရာခံစနစ်၊ အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးစနစ်၊ စည်းကမ်းထိန်းသိမ်းရေးစနစ် နည်းပညာပိုင်းတွင် အသုံးပြုမည့် စက်ပစ္စည်းများကို တွေ့ရစဉ်။

အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၄) ဖွင့်

နေပြည်တော် ဇွန် ၂၄

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် မိသားစုများ၏ ဝင်ငွေတိုးလုပ်ငန်းအစီအစဉ်အတွက် ရည်ရွယ်ဖွင့်လှစ်ကာ အဆင့်မြင့်စက်ချုပ်သင်တန်း (၁/၂၀၁၄) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၉ နာရီက နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်နယ်မြေအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သင်တန်းသူများ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်များမှ သင်တန်းသူများတက်ရောက်ခဲ့ကြပြီး သင်တန်းဖွင့်အမှာစကားကို ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်းဝင်းက ပြောကြားခဲ့သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် စက်ချုပ်သင်တန်းခန်းသို့ သွားရောက်ကာ ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်များမှ သင်တန်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဩဂုတ် ၆ ရက်အထိ ၄၅ ရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ရုပ်ရှင်ဖန်တီးမှုပိုင်းဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၄

မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်လာစေရန် ရုပ်ရှင်ဖန်တီးမှုပိုင်းဆိုင်ရာ နည်းပညာများ၊ နည်းဥပဒေများနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန၏ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ပြင်သစ်ရုပ်ရှင်ကော်မရှင်တို့ ပူးပေါင်းကျင်းပသော ရုပ်ရှင်ဖန်တီးမှုပိုင်းဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ အခမ်းအနားကို ရန်ကုန်မြို့ Sky Star Hotel ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးမှ Deputy Director of Cooperation Mr. Charles Bonhomme၊ ပြင်သစ်ရုပ်ရှင်ကော်မရှင်မှ Int'l Coproduction Manager Mr. Julien Ezanno နှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်းနှင့် ရုပ်ရှင်လုပ်ငန်းဆိုင်ရာအသိပညာ၊ အတတ်ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြင်သစ်ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သောနည်းလမ်းများ၊ ပြင်သစ်ရုပ်ရှင်ကော်မရှင်အဖွဲ့အစည်းနှင့် ပတ်သက်သည့်အကြောင်းအရာများ၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးသက်ရောက်စေသည့် လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အဖွဲ့အလိုက် ဆွေးနွေးမှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒါရိုက်တာ ဦးကြည်စိုးထွန်း၊ ဦးစိုးမိုးနှင့် ပြင်သစ်အမျိုးသားရုပ်ရှင်ဌာနမှ Mr. Loic WONG နှင့် ပြင်သစ်ရုပ်ရှင်ကော်မရှင်မှ Mr. Julien Ezanno တို့က အသီးသီးဆွေးနွေးခဲ့ကြသည်။

မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်လုပ်ငန်းဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များပါဝင်သော ရုပ်ရှင်လုပ်ငန်းဆိုင်ရာဥပဒေများ အမြန်ဆုံးအကောင်အထည်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ခိုင်မာသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီးမှသာ ရုပ်ရှင်လောကသားများ၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ အရုပ်ပိုင်း၊ အသံပိုင်း နည်းပညာများကို ပိုမိုတိုးတက်လေ့လာကာ စိတ်ကူးကောင်းများဖြင့် ပေါင်းစပ်ဖန်တီးနိုင်ပါက မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ မြန်မာ့ရုပ်ရှင်အနေဖြင့် ပြင်သစ်ရုပ်ရှင်လောက၏ အတွေ့အကြုံများရရှိပြီး ပြည်ပ ရုပ်ရှင်အသိုင်းအဝိုင်း၏ သဘောထားကိုသိရှိကာ အာဆီယံနှင့် နိုင်ငံတကာရုပ်ရှင် အသိုင်းအဝိုင်းအတွင်းသို့ ထိုးဖောက်လုပ်ကိုင်သွားနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း ဒါရိုက်တာ ဦးကြည်စိုးထွန်းက ပြောကြားသည်။ **(သတင်းစဉ်)**

မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမဖွင့်လှစ်၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်

မော်လမြိုင် ဇွန် ၂၄

မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမဖွင့်ပွဲနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမ၌ ဇွန် ၂၂ ရက် နံနက် ၈ နာရီကကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ လူမှုရေးဝန်ကြီး ဒေါက်တာလှဦး၊ မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘက်စုံခန်းမကမွည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယခုဖွင့်လှစ်လိုက်သည့် မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမသည် အကျယ်ပေ ၂၇၀၊ အနံ ၁၆၄ ပေရှိပြီး ငွေကျပ်သန်းပေါင်း ၃၂၀၈ သန်းဖြင့် နိုင်ငံတော်မှတည်ဆောက်ပေးခဲ့ခြင်း ဖြစ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထံမှပေးပို့သည့် မြန်မာတစ်နိုင်ငံလုံးတွင် မွန်ပြည်နယ်သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်အကောင်းဆုံး ပထမဆုကို ခြောက်နှစ်ဆက်တိုက်ရရှိ၍ ချီးကျူးဂုဏ်ပြု

ကြောင်း သဝဏ်လွှာကို ဖတ်ကြားသည်။မွန်ပြည်နယ်ပညာရေးဌာနနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက ပညာရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်အဆင့်လှုပ်ရှားမှုများတွင် ပထမဆုရရှိသော ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိုင်းဝန်းကူညီပေးသော အမျိုးသမီးရေးရာအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုများပေးအပ်ချီးမြှင့်သည်။

မွန်ပြည်နယ်တွင် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဖြေဆိုသူ ၁၅၈၇၃ ဦးရှိရာအောင်ချက် ၄၆ ဒသမ ၇၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ခြောက် ဘာသာဂုဏ်ထူးရှင် ငါးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၃၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၄ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၈၃ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၃၁၁ ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၂၂၆ ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၁၉၁၅ ဦး ရရှိခဲ့ကြောင်း သိရသည်။ မွန်ပြည်နယ်အနေဖြင့် အောင်ချက်အကောင်းဆုံး ပထမဆုကို ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ခြောက်နှစ်တိုင်အောင် ထိန်းသိမ်းနိုင်ခဲ့ပြီး ယခုကဲ့သို့ အောင်မြင်မှုများရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ပြည်နယ်အစိုးရအဖွဲ့နှင့် စေတနာရှင် ရပ်မိရပ်ဖများက ငွေကျပ် ၁၂၂၀ သိန်းကျော်ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်းသိရသည်။**(အပေါ်ပုံ)**

(ပြည်နယ်ပြန်/ဆက်)

■ ရှေ့ဖုံးမှ

၂၀၁၄ ခုနှစ် ယခုအချိန်အထိ လေကြောင်းလိုင်း ၂၅ လိုင်းအထိတိုးတက်ပြေးဆွဲပျံသန်းလျက်ရှိနေသည်။

ဗန်ကောက်လေကြောင်းလိုင်းနှင့် စင်ကာပူလေကြောင်းလိုင်းများမှ လေယာဉ်များသည် မန္တလေးမြို့နှင့် နေပြည်တော်များသို့ တိုက်ရိုက်ပြေးဆွဲပျံသန်းလျက်ရှိနေပြီဖြစ်သည်။ အဆိုပါလေကြောင်းလိုင်းများအနက် ကမ္ဘောဒီးယားနိုင်ငံသို့ တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင် ပျံသန်းသည့် လေကြောင်းလိုင်း ဗန်ကောက်သို့ နေ့စဉ် ပြေးဆွဲပျံသန်းနေသည့် ဗန်ကောက် လေကြောင်းလိုင်း၊ စင်ကာပူ-ရန်ကုန်၊ ရန်ကုန်-ကွာလာလန်ပူ၊ ကွာလာလန်ပူ-ရန်ကုန်လေကြောင်းလိုင်း ရန်ကုန်-ဂယာ၊ ဂယာ-ရန်ကုန်လေကြောင်းလိုင်းများသည် သီတင်းပတ်တိုင်း သတ်မှတ်ထားသည့်နေ့ရက်များတွင် ပြေးဆွဲလျက်ရှိသည်။

ထို့အပြင် ရန်ကုန်-တိုင်ပေ၊ တိုင်ပေ-ရန်ကုန်လေကြောင်းခရီးစဉ်၊ ရန်ကုန်-ဟန္ဒိုင်း၊ ဟန္ဒိုင်း-ရန်ကုန်ခရီးစဉ်၊ ရန်ကုန်-ဟိုချီမင်း၊ ဟိုချီမင်း-ရန်ကုန်ခရီးစဉ်၊ ရန်ကုန်-ချင်းမိုင်၊ ချင်းမိုင်-ရန်ကုန်ခရီးစဉ်၊ ရန်ကုန်-ကိုလ်ကတ္တား၊ ကိုလ်ကတ္တား-ရန်ကုန်ခရီးစဉ်၊ ရန်ကုန်-ကွမ်ကျိုး၊ ကွမ်ကျိုး-ရန်ကုန် ခရီးစဉ်၊ ရန်ကုန်-ကူမင်း-၊ ကူမင်း-ရန်ကုန် ခရီးစဉ် စသည့်ခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည်။

ထိုသို့ နိုင်ငံတကာလေကြောင်းခရီးစဉ်များပြားလာမှုကြောင့်၂၀၁၄ ခုနှစ်မေလအထိ နိုင်ငံခြားသားခရီးသည် ၁ ဒသမ ၂ သန်းရောက်ရှိခဲ့ရာ ဝင်ငွေအမေရိကန်ဒေါ်လာ ၅၅၂ သန်းရရှိခဲ့ကြောင်းသိရသည်။ လက်ရှိအခြေအနေအရ ၂၀၁၄ ခုနှစ်ကုန်တွင် မြန်မာနိုင်ငံသို့ခရီးသည် သုံးသန်းခန့်ရောက်ရှိနိုင်ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ရရှိနိုင်မည်ဟု မျှော်မှန်းထားသည်။ **(မြန်မာ့အလင်း)**

ရေအားပါသည့်မိုး

ရန်ကုန် ဇွန် ၂၄

ဇွန် ၂၄ ရက် မွန်းတည့် ၁၂ နာရီခန့်က ရွာသွန်းလိုက်သည့်မိုးမှာ ရေအားပါသောကြောင့် ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ၂၇ လမ်း၊ ၂၈ လမ်း၊ ရွှေဘုံသာလမ်းတို့မှ ရေနုတ်မြောင်းအတိုင်း မစီးဆင်းနိုင်သောရေတို့မှာ ယင်းလမ်းထိပ်ရှိ အနော်ရထာလမ်းမကြီးပေါ်သို့ စီးဆင်းသွားရာ လမ်းမကြီးပေါ်တွင် ရေဆိုးများပြည့်၍နေသည်ကိုတွေ့ခဲ့ရသည်။ **(ယာပုံ)**

ထို့အပြင်၂၈ လမ်း(အထက်)ဆိုင်တစ်ဆိုင်မှ အမျိုးသားတစ်ဦးက "အခုလိုရေအားပါလာရင် ဟိုမှာစိုက်ထားတဲ့ ဝါးလုံးတိုင်တည့်တည့်မှာ အပေါက်ရှိတယ်။ တစ်ပတ်အတွင်း ခရီးသည်သုံးဦးလောက် ခြေကျွံကျတယ်။ နောက်ဆုံးကျတာက ချိုင်းထောက်နဲ့လူပဲ၊ သနားပါတယ်ဗျာ ကြာပြီ အခုအထိမပြင်သေးဘူး" ဟု ပြောပြသည်။ **(ကိုကြီးတင်)**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး စံပြကျေးရွာ၊ ကျောင်းကြီးရပ်ကွက်၊ ဇောတိက ၅ လမ်းနှင့် ဓမ္မပါလဘုန်းကြီးကျောင်းကြား၊ အထည်ချုပ်စက်ရုံနှင့်ကပ်လျက်ရှိသော အကွက်အမှတ် ၅၃၂/အေ၏ အစိတ်အပိုင်း အကျယ်(အလျား ၁၅၆ ပေ/ပေ ၁၂၀ × အနံ ပေ ၁၆၀/၁၅၂ပေ) ရှိ မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ၅-၃-၂၀၁၁ ရက်စွဲပါ ခြံမြေအရောင်းအဝယ်စာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသောင်းဌေး ၉/မထလ(နိုင်)၁၁၀၉၉၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း(LL.B, D.B.L)အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၉၀၀၄၊၀၁-၇၀၅၄၄၅၊၀၉-၅၁၅၁၈၃၃

ပျောက်ဆုံး

ကျွန်တော် ဦးမျိုးညွန့်ဦး၏ နိုင်ငံကူးလက်မှတ် M-၄၄၈၃၆၄ မှာ ခရီးသွားစဉ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၃၁၉၀၈၉၇**

ပျောက်ဆုံး

ကျွန်တော် ဦးစန်းလွင်၏ နိုင်ငံကူးလက်မှတ်MA-၅၂၄၆၉၉ နှင့် ကျွန်မ ဒေါ်မြသောင်းခင်၏ နိုင်ငံကူးလက်မှတ်MA-၅၂၄၇၂၇ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၂၁၅၀၁၇

စာအုပ်စာပေ လူ့မိတ်ဆွေ

ဖခင် အမည်မှန်

အထက(၄) တာမွေ ပဉ္စမတန်း(D)တွင် ပညာသင်ကြားနေသော မသပြေရိပ်၏ ဖခင်အမည်မှန်မှာ ဦးမြတ်သွင်ဖြစ်ပါသည်။

ဦးမြတ်သွင် ၁၂/ဗဟန(နိုင်)၀၃၃၄၄၄

စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း

ကျွန်တော် မောင်လွှမ်းမိုး ၉/မခန(နိုင်)၁၈၀၈၈၇ နှင့် မနီနီအောင် ၉/မခန(နိုင်)၁၆၁၄၇၆တို့သည် နှစ်ဖက်မိဘများရှေ့စေ့စပ်ကြောင်းလမ်းထားခဲ့ခြင်းအား စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။ **(မေးမြန်းခြင်းသည်းခံပါ။)**

မောင်လွှမ်းမိုး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၇)၊ အိမ်အမှတ် ၈ဗဟုအမည်တွင်သော မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ နှစ်ထပ်အုတ်ညှပ်ခံပျဉ်ထောင်အဆောက်အအုံအား လက်ရှိပိုင်ဆိုင်နေထိုင်ပြီး ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း (၁)ဒေါ်အေးအေးမိ၊ (၂)ဒေါ်သန်းသန်း၊ (၃)ဒေါ်သိန်းသိန်းအေး၊ (၄) ဦးကျော်ဝင်းအောင်၊ (၅)ဒေါ်ခင်ခင်လေးမောင်နှမငါးဦးမှ မြွက်ဟ၍ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်မမှ ဝယ်ယူရန်နှစ်ဦးနှစ်ဖက်သဘောတူသဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်အဖြစ် ပေးချေထားပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကျွန်မထံသို့ တိကျခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်ပြီး ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကျင်သိန်း ISN-၅၆၄၄၄၀
အမှတ် က/၁၄၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၀၇၃၁၉၊ ၇၃၁၃၆၄၉၁

ရခိုင်အမျိုးသားပါတီမှ လေးစားစွာဖိတ်ကြားခြင်း

အဖရခိုင်ပြည်နယ်နှင့် ရခိုင်အမျိုးသားရေးကိုရှေးရှုပြီး ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီတို့ ပူးပေါင်းကာ ရခိုင်အမျိုးသားပါတီကို ဖွဲ့စည်းထူထောင်ပြီးဖြစ်ပါသည်။ နှစ်ဖက်ပါတီဝင်များနှင့် ပါတီမိတ်ဆွေများတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရခိုင်အမျိုးသားရေးကို စိတ်ဝင်စားသူတိုင်း ၂၈-၆-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် တော်ဝင်နှင်းဆီခန်းမ၊ ဗဟန်းမြို့နယ်သို့ တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ရွှေတိဂုံပုံတူ စွယ်တော်ပွားစေတီ(မြဝတီ)

တည်ထားလျက်ရှိရာပါဝင်လှူဒါန်းနိုင်

မြဝတီ ဇွန် ၂၄

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့၌ သာသနာတော် ထွန်းကားပြန့်ပွားစေပြီး ယဉ်ကျေးမှု အမွေအနှစ်များ ထာဝစဉ်ရှင်သန် တည်တံ့စေရန်အတွက် မြို့ကျက်သရေဆောင်အဖြစ် မြို့အဝင် သီဟာသနကုန်းမြေပေါ်၌ ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်လမ်းညွှန် ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များ စုပေါင်းကာ ရွှေတိဂုံပုံတူ စွယ်တော်ပွားစေတီ (မြဝတီ)ကို ၂၀၁၀ ပြည့်နှစ်မှ စတင်တည်ထားလျက်ရှိသည်။

အဆိုပါ စေတီတော်မြတ်ကြီးအား ပန်းတင်းခုံ အကျယ်အဝန်းပေ ၁၀၀၊ အမြင့် ၁၅ ပေနှင့် ဉာဏ်တော် အမြင့် ၉၂ ပေ တည်ထားမည်ဖြစ်သည်။ စေတီတော်၏အနီးတွင် ရွှေဟသ်ာကျောင်းတိုက်၊ ငွေဟသ်ာကျောင်းတိုက်တို့ တည်ရှိသည်။ ရွှေတိဂုံပုံတူ စွယ်တော်ပွားစေတီ (မြဝတီ) တည်ထားပြီးပါက မြို့၏ဂုဏ်ကျက်သရေမှာ ပိုမိုမြင့်မားတင့်တယ်ကာ ပြည်တွင်း ပြည်ပ ခရီးသွားဘုရားဖူးဧည့်သည်များ စည်ကားသိုက်မြိုက်စွာ အဆက်မပြတ် လာရောက်ဖူးမြော်ကြည်ညိုကြမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဒေသနေတိုင်းရင်းသား ပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်း တိုးတက်ရရှိကာ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည်ဟု မျှော်မှန်းထားကြကြောင်း၊ ရွှေတိဂုံပုံတူ စွယ်တော်ပွားစေတီ (မြဝတီ)တည်ဆောက်ရာတွင် အလှူငွေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ သဒ္ဓါတတ်အား နည်းများမဆို ဆောက်လုပ်ရေးကော်မတီသို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝေယံလင်း(iprd)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မင်းပြားမြို့၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

နေပြည်တော် ဇွန် ၂၄

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လမ်းညွှန်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ယူဖွင့်လှစ်ခဲ့သော ရခိုင်ပြည်နယ် မင်းပြားမြို့ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၃ ရက်က မင်းပြားမြို့နယ် ရာမောင်ခန်းမ၌ ကျင်းပရာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်က အမျိုးသမီးငယ်များ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မေ ၂၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး သင်တန်းသူ ၇၉ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘုရင့်နောင်တံတားအမှတ်(၂) သံပေါင်တပ်ဆင်နေစဉ် မြစ်တွင်းသွားရေယာဉ်များ အန္တရာယ်မရှိဖြတ်သန်းမောင်းနှင်နိုင်

ရန်ကုန် ဇွန် ၂၄

ရန်ကုန်အနောက်ပိုင်း လှိုင်မြစ်ပေါ်၌ တံတားစီမံကိန်းအထူးအဖွဲ့(၅)မှ တာဝန်ယူတည်ဆောက်နေသော ဘုရင့်နောင်တံတားအမှတ်(၂) သံပေါင်များ တပ်ဆင်နေစဉ်ကာလ မြစ်အတွင်း မောင်းနှင်သွားလာနေသော ရေယာဉ်များ အသွားအလာ မပျက်ဘဲ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ရေးအတွက် တံတားစီမံကိန်းအထူးအဖွဲ့က ဦးဆောင်၍ ပူးပေါင်းကော်မတီများဖွဲ့၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိနေသည်။

တံတားစီမံကိန်းမှ မြစ်အတွင်း ဆောင်ရွက်နေသော စက်ယန္တရားကြီးများ၊ တည်ဆောက်လက်စ တံတားတိုင်များနှင့် မြစ်ကြောင်းသွားရေယာဉ်များ တိုက်မိခြင်းမဖြစ်ရအောင်ဆောင်ရွက်ခြင်းလုပ်ငန်းကို တံတားတည်ဆောက်ရေးစီမံကိန်းနှင့်အတူ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆိပ်ကမ်းရဲတပ်ဖွဲ့နှင့် ကမ်းနှစ်ဖက်ဖြစ်သည့် မရမ်းကုန်းမြို့နှင့် လှိုင်သာယာမြို့နယ်တို့မှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့က တံတားစီမံကိန်းလုပ်ငန်းခွင်၏ အထက်ပေ ၃၀၀၀ နှင့် အောက်ပေ ၃၀၀၀ အကွာတို့မှ စောင့်၍အချက်ပေးဆောင်ရွက်ခြင်း၊ မဖြတ်ရဆိုသည့် နေရာသို့ ရေကြောင်းမှားယွင်းမောင်းလာပါက မော်တော်ငယ်များနှင့် မောင်းနှင်လိုက်လံ၍ ရေကြောင်းမှန်ဖြစ်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

တံတားစီမံကိန်းကို ဖြတ်သန်းမောင်းနှင်နေကြသည့် ရေယာဉ်များသည် ယခုအခါ တံတားသံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဘုရင့်နောင်တံတားအမှတ်(၂)မှ ရေလယ်တိုင် RP-2၊ RP -3 ကြားနှင့် RP-4၊ RP-5 တိုင်ကြားမှ မောင်းနှင်ခြင်းမပြုဘဲ သံပေါင်ဆင်လုပ်ငန်း မဆောင်ရွက်သေးသော ရေလယ်တိုင်RP -3 နှင့်RP -4 ကြားမှ သာမောင်းနှင်ကြရန် ကြေညာထားသည်။

သတင်းနှင့် ဓာတ်ပုံ
ခရမ်းစိုးမြင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

ဆေးပညာဒီပလိုမာနှင့် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ၂၀၁၅ ပညာသင်နှစ်အတွက် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ အမြဲတမ်းဝန်ထမ်းများလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးပညာဒီပလိုမာ(Dip.Med.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	တီဘီနှင့်ရင်ခေါင်းရောဂါကုပညာ	၁ နှစ်	ရန်ကုန်
၂။	ကာလသားရောဂါပညာ	။	ရန်ကုန်

ဆေးပညာမဟာသိပ္ပံဘွဲ့(M.Med.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)	၂ နှစ်	ရန်ကုန်၊ မန္တလေး၊ မကွေး
၂။	ဆေးပညာမဟာသိပ္ပံ(ဇီဝကမ္မဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
၃။	ဆေးပညာမဟာသိပ္ပံ(ဇီဝဓာတုဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
၄။	ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
၅။	ဆေးပညာမဟာသိပ္ပံ(အဏုဇီဝဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
၆။	ဆေးပညာမဟာသိပ္ပံ(ကာကွယ်ရေးနှင့်အပူပိုင်းဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
၇။	ဆေးပညာမဟာသိပ္ပံ(ရောဂါဗေဒ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
၈။	ဆေးပညာမဟာသိပ္ပံ(ဥပဒေရေးရာဆေးပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
၉။	ဆေးပညာမဟာသိပ္ပံ(ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ)	။	ရန်ကုန်
၁၀။	ဆေးပညာမဟာသိပ္ပံ(အဏုမြူရောင်ခြည်ဆေးပညာ)	။	ရန်ကုန်
၁၁။	ပြည်သူ့ကျန်းမာရေးမဟာဘွဲ့	၁ နှစ်	ရန်ကုန်
၁၂။	ဆေးပညာမဟာသိပ္ပံ(ဆေးရုံအုပ်ချုပ်မှုနှင့်ကျန်းမာရေးစီမံခန့်ခွဲမှုပညာ)	။	ရန်ကုန်
၁၃။	ဆေးပညာမဟာသိပ္ပံ(နား၊ နှာခေါင်း၊ လည်ချောင်းရောဂါပညာ)	၃ နှစ်	ရန်ကုန်၊ မန္တလေး
၁၄။	ဆေးပညာမဟာသိပ္ပံ(မေ့ဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
၁၅။	ဆေးပညာမဟာသိပ္ပံ(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
၁၆။	ဆေးပညာမဟာသိပ္ပံ(အရေပြားရောဂါပညာ)	။	ရန်ကုန်
၁၇။	ဆေးပညာမဟာသိပ္ပံ(အရိုးရောဂါပညာ)	။	ရန်ကုန်၊ မန္တလေး
၁၈။	ဆေးပညာမဟာသိပ္ပံ(မျက်စိရောဂါပညာ)	၃ နှစ်	ရန်ကုန်၊ မန္တလေး
၁၉။	ဆေးပညာမဟာသိပ္ပံ(ဓာတ်မှန်ပညာ)	။	ရန်ကုန်၊ မန္တလေး
၂၀။	ဆေးပညာမဟာသိပ္ပံ(စိတ်ကျန်းမာပညာ)	။	ရန်ကုန်၊ မန္တလေး
၂၁။	ဆေးပညာမဟာသိပ္ပံ(အရေးပေါ်ကုသမှုဆေးပညာ)	။	ရန်ကုန်
၂၂။	ဆေးပညာမဟာသိပ္ပံ(ဆေးပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
၂၃။	ဆေးပညာမဟာသိပ္ပံ(ခွဲစိတ်ကုပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး
၂၄။	ဆေးပညာမဟာသိပ္ပံ(သားဖွားနှင့်မီးယပ်ပညာ)	။	ရန်ကုန် မန္တလေး၊ မကွေး
၂၅။	ဆေးပညာမဟာသိပ္ပံ(ကလေးကျန်းမာပညာ)	။	ရန်ကုန်၊ မန္တလေး၊ မကွေး

၂။ **လိုအပ်သောအရည်အချင်း**

(၁) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။
မှတ်ချက်။ ။ ပြည်သူကျန်းမာရေးမဟာဘွဲ့သင်တန်းအတွက် အမ်ဘီဘီအက်စ်ဘွဲ့(သို့မဟုတ်) ဘီဒီအက်စ်ဘွဲ့ (သို့မဟုတ်) ဘီအင်(န်)အက်စ်စီဘွဲ့ (ပုံမှန်/ပေါင်းကူး) (သို့မဟုတ်) ဘီကွမ်းအိပ်ချ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်သက် (၁)နှစ်ပြည့်ပြီးသူဖြစ်ရမည်။
မှတ်ချက်။ ။ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ စိတ်ကျန်းမာပညာနှင့် ဥပဒေရေးရာ ဆေးပညာဘာသာရပ်များအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက် ၅၀ ထက်မကြီးသူဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဖေယျ) (သို့မဟုတ်)အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း (အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်) သင်တန်း(သို့မဟုတ်) အရာထမ်းအခြေခံဝန်ထမ်းလောင်း (အငယ်တန်း)သင်တန်း (သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်းတက်ပြီးသူဖြစ်ရမည်။
(**ခြွင်းချက်**။ လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်းတက်ရောက်နေသူဖြစ်ပါက ရေးဖြေ ဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။)

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို **ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်**သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၁၈-၉-၂၀၁၄ ရက် (ကြာသပတေးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ ပေးသွင်းရမည်။
(**မှတ်ချက်**။ ။ မြို့နယ်မြန်မာစီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက စိုက်စရိတ်ထုတ်ချေး

ဖျာပုံ ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မိုးစပါးစိုက်ပျိုးမည့် တောင်သူများ အခက်အခဲမရှိစေရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါးစိုက်ပျိုးရာသီအမီ စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့ ဖျာပုံဘဏ်ခွဲမှ ချေးငွေပြေကျေပြီးတဲ့ တောင်သူတွေကို ဇွန် ၁၇ ရက်ကစတင် ထုတ်ချေးပေးနေပါတယ်။ ဖျာပုံဘဏ်ခွဲက ဖျာပုံမြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးမည့် တောင်သူများကို ယခင်နှစ်က မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေနှုန်းအတိုင်း တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက် ရှိကြောင်းနှင့် ချေးငွေပြန်ဆပ်ရန် ကျန်ရှိနေသည့် တောင်သူများကိုလည်း ချေးငွေများပြန်ဆပ်ပြီး မိုးချေးငွေထုတ်ယူနိုင်ရန်လည်း နှိုးဆော်ထားကြောင်း” ဘဏ်ခွဲမန်နေဂျာ ဒေါ်ခင်စောဝတီမြင့်ထံမှ သိရသည်။

“ကျွန်တော်တို့လည်း ဘဏ်ကြွေးလက်ကျန်ကို အမြန်ဆုံးပြန်ဆပ်ချင်ပါတယ်။ ဆပ်ပြီးရင်လည်း ငွေပြန်ထုတ်လို့ ရမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ကျွန်တော့်ဆီမှာရှိတဲ့ ဆောင်းစပါးက ဈေးကျနေတော့ ရောင်းဖို့ စဉ်းစားနေပါတယ်”ဟု တောင်သူတစ်ဦးက ပြောပြသည်။

ဖျာပုံမြို့နယ်တွင် ဆန်စပါးတစ်မျိုးတည်းကိုသာ အဓိကထား စိုက်ပျိုးလျက်ရှိပြီး တောင်သူများ အနေနှင့် မိုးစပါးအချိန်မီ စိုက်ပျိုးအောင်မြင်နိုင်ရေးအတွက် ကြိုးစားထွန်ယက် ပြင်ဆင်နေကြကြောင်း သိရသည်။

သူဇာနွယ်(ဖျာပုံ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၂၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၂၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၈၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၃၀၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၆၃-၉၇၃
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၆၃
ထိုင်း	တစ်ဘတ်	၃၀.၅-၃၁
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၉
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၇၂၀၀
ပေါ်ကျွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၅၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၀၀
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၄၀-၅၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၉၅၀-၁၅၅၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၂၀၀-၁၂၅၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၂၀-၆၀၀
ရေတိုရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၃၅၀
ရေတိုပွ (စိမ်းစား)	တစ်ပိဿာ	၄၅၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ (စေ့ငုတင်ပြသည်။)

မိုးမြေပဲများစိုက်ပျိုးရန် မြေပဲမျိုးစေ့ အငှားထွင်လုပ်ငန်းတွင်ကျယ်

သာစည် ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် မိုးမြေပဲများစိုက်ပျိုးရန် မြေပဲမျိုးစေ့အငှားထွင်ခြင်းလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေကောင်း၍ မြေပဲမျိုးစေ့ အငှားထွင်လုပ်ငန်း လုပ်ကိုင်သူများ တွင်ကျယ်လျက်ရှိကြောင်း သိရသည်။

“ဒီနှစ် မိုးဦးနောက်ကျတော့ ဆီထွက် သီးနှံနှမ်းအစား မိုးမြေပဲကို အဓိကထား စိုက်ပျိုးကြမှာဖြစ်ပါတယ်၊ မြေပဲအတောင့်တစ်တင်း အငှားထွင်ခ ငွေကျပ် ၂၅၀၀ ပေးရပြီး လူတစ်ဦး တစ်ရက်လျှင် အတောင့်တစ်တင်းထွင်နိုင်ပါတယ်၊ မြေပဲမျိုးစေ့အငှားထွင်တာက ကိုယ့်အိမ်မှာပဲ ထမင်းဟင်းချက်ရင်း လုပ်ကိုင်ရပြီး နေရိပ်ထဲမှာလုပ်ရတာပါ။ မြေပဲအတောင့်တစ်တင်းထွင်ပါက မြေပဲမျိုးစေ့အဆန် ငါးပြည်ရပါတယ်၊ မြေပဲမျိုးစေ့အဆန်တစ်ပြည် ငွေကျပ် ၃၀၀၀ နှုန်းဈေးရှိပြီးမြေပဲအတောင့်တစ်တင်း ငွေကျပ် ၁၀၀၀၀ နှုန်း ရောင်းချရပါတယ်၊ မြေပဲမျိုးစေ့ထွင်ပြီးရောင်းချတာက တွက်ခြေပိုကိုက်တဲ့အတွက် မြေပဲမျိုးစေ့ရောင်းချရာတွင် မြေပဲအဆန်ကိုပဲ ရောင်းချကြပါတယ်။

မိုးမြေပဲများ စိုက်ပျိုးရန်အတွက် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် မြေပဲမျိုးစေ့ အငှားထွင်ခြင်းလုပ်ငန်း လုပ်ကိုင်သူများ များပြားလျက်ရှိပါတယ်”ဟု ဒေသခံတောင်သူတစ်ဦးထံက ပြောပြသည်။

မျိုးမင်း(သာစည်)

အချိန်မီစိုက်ပျိုးရေး တောင်သူများအား ငွေထုတ်ချေး

ကျောက်မဲ ဇွန် ၂၄

တောင်သူများ စိုက်ပျိုးချိန်အမီ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် တတိယအကြိမ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (Exian)ဘဏ်နှင့် မြန်မာအစိုးရတို့ သဘောတူညီချက်အရ ကျောက်မဲမြို့နယ် မိုင်းတင်းကျေးရွာ၊ နားမွန်၊ လွယ်အွယ်ရွာ၊ မန်စန်း၊ နားအိုက်ခန်း၊ ခိုက်တုန်ဟုန် စသည့် ရွာများမှ ထပ်မံအသစ်ဖွဲ့စည်းလာသည့် ငွေစုငွေချေး သမဝါယမအသင်း ၁၃ သင်းမှ သမဝါယမအသင်းသား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် အသင်းဝင်တောင်သူ ၁၁၀၇ ဦးအတွက် ငွေကျပ်သိန်းပေါင်း ၁၁၀၇ သိန်းထုတ်ပေးခြင်းကို ဇွန် ၂၃ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်ခင်တင်နှင့် သမအသင်းစုများ၊ ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ရှင်းလင်းပြောကြားပြီး ချေးငွေများကို သမဝါယမအသင်းများကိုယ်စား အသွင်သစ် ငွေစုငွေချေးအသင်း ဥက္ကဋ္ဌက လက်ခံယူခဲ့သည်။

ယင်းသို့ ချေးငွေများထုတ်ချေးပေးခဲ့ရာ ပထမအကြိမ် ၁၃၃၂ သိန်း၊ ဒုတိယအကြိမ် ၉၉၃ သိန်းနှင့် ယခုတတိယအကြိမ် ၁၁၀၇ သိန်း စုစုပေါင်း အသင်းသားများသို့ ငွေကျပ်သိန်း ၃၄၃၂ သိန်း ထုတ်ချေးပြီးဖြစ်ကြောင်း သိရသည်။ **(၀၉၀)**

သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပူဇော်ပွဲနှင့် အသင်းသားစုံညီ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး

ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏ (၈၈)ကြိမ်မြောက် သြဝါဒါစရိယဆရာတော်ကြီးများထံမှ သြဝါဒခံယူပူဇော်ပွဲနှင့် အသင်းသားစုံညီ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် အမှုဆောင်၊ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာပေးပို့မည်မဟုတ်ပါ။)

အစီအစဉ်

နေ့ရက် - ၂၉-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီ
နေရာ - အမှတ် (၈၉)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။

အမှုဆောင်အဖွဲ့
ပရိယတ္တိသာသနာ့နုဂ္ဂဟ
ရန်ကုန်ဆန်လှူအသင်းကြီး
ဖုန်း-၀၁-၅၃၇၉၂၈၊ ၀၁-၅၃၆၂၃၅၊ ၀၁-၅၂၃၆၉၄

ပညာရေးဝန်ကြီးဌာန
အမှတ် (၂) အခြေခံပညာဦးစီးဌာန
နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး
နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ(အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၄-၆-၂၀၁၄ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၇-၂၀၁၄ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။
၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းတစ်ခုစီအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။
၄။ အသေးစိတ်သိရှိလိုသောအချက်များကို နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး၊ နေပြည်တော်(ပျဉ်းမနား) ဖုန်း-၀၆၇-၂၅၅၆၃၊ ၀၆၇-၂၅၅၆၄၊ ၀၉-၄၀၂၅၁၃၅၄၉၊ ၀၉-၄၉၂၂၁၄၀၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကြီးကြပ်ရေးအဖွဲ့

မွေးနေ့ဆုမွန်

ဒေါ်စန္ဒာ

(Executive Director)
Myat Nan Yone Hotel (Nay Pyi Taw)
Myat Nan Yone Financial Services Co., Ltd.
Myat Nan Yone Co., Ltd.

ယနေ့(၂၅-၆-၂၀၁၄ရက်)တွင်ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် အစ်မချစ်သောမိသားစု၊ အစ်မချစ်သော တပည့်များနှင့် ပျော်ရွှင်စွာ ထာဝရဆင်နွှဲနိုင်ပါစေ-

ကျန်းမာရေးအထူးကောင်းမွန်ပြီး ဘာသာ သာသနာ ပရဟိတ အကျိုးစီးပွားအားလုံး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေ။

ချစ်တပည့်များ
မြတ်နန်းယုံဟိုတယ်မိသားစု (နေပြည်တော်)
မြတ်နန်းယုံကုမ္ပဏီမိသားစု (ရန်ကုန်ရုံးချုပ်)

Happy Birthday
Aunty Sandar

မွေးနေ့မှာ ပျော်ရွှင်ပါစေ
ဘဝတစ်လျှောက်လုံး စိတ်၏ချမ်းသာခြင်း၊
ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေ
ချစ်သောမိသားစုနှင့်အတူ
ပြည့်စုံသော ဘဝသုခများစွာကို
ခံစား စံစား ရရှိနိုင်ပါစေ။

ချစ်တူမများ - မေငြိမ်းသူ၊ နန္ဒာလင်း၊
ဝတ်ရည်အောင်၊ ခင်ဖြူဇော်မိုး၊
ကြည်ဖြူဇော်မိုး၊ ယဉ်မင်းအေး၊
မြတ်ဆုမွန်
တစ်ဦးတည်းသောချစ်တူလေး- ဝေယံရဲရင့်

ဖခင်အမည်မှန်

အထက(၆) မင်္ဂလာတောင်ညွန့် အငြှမတန်းတွင် ပညာသင်ကြားနေသော မသန္တာအောင်နှင့် စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မောင်ဝင်းအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးနီလာမော်နီ ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ NAY JUNE ONE STAR CO.,LTD ၏ သွင်းကုန်လိုင်စင်အမှတ် MQIL 1 13-14 (7867) 6.2.2014 မူရင်းများ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၂၁၆၊ ၀၂-၇၆၂၁၆

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/7248 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဓာတ်တိုင်ပေါ်တက် မီးလိုင်းပြင်ရာမှ ဓာတ်လိုက်သေဆုံး

တာချီလိတ် ဇွန် ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ ဆေးခမ်းရပ်ကွက် ရောင်နီဦး ခြံဝင်းအတွင်း မီးလိုင်းအလုပ်သမားတစ်ဦး ဓာတ်တိုင်ပေါ်သို့ တက်ရောက်၍ မီးလိုင်းပြင်ရာမှ ဓာတ်လိုက်သေဆုံးမှု ဇွန် ၂၂ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့မ ရဲစခန်းမှ ဒုရဲအုပ် အောင်ကျော်စိန် တာဝန်မှူး တာဝန်ဆောင်ရွက်နေစဉ် တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု ဆေးခမ်းရပ်ကွက်ရှိ ရောင်နီဦးခြံဝင်းအတွင်း ဓာတ်လိုက်သေဆုံးနေကြောင်း ပြည်သူ့စစ်ဦးတွတ်ပီက ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားချက်အရ တာချီလိတ်မြို့မရဲစခန်း စခန်းမှူး ဒုရဲမှူးကျော်သန်း၊ တာဝန်မှူး ဒုရဲအုပ်အောင်ကျော်စိန်၊ နယ်ထိန်းတပ်ကြပ်ကြီး ကိုကိုအောင်၊ သက်သေဦးတွတ်ပီ၊ ဦးကျော်မိုးတို့နှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူမှာ သိန်းထွန်းအောင် (၂၉ နှစ်) မီးလိုင်း အလုပ်သမားဖြစ်ပြီး ၎င်းမှာ ရောင်နီဦးခြံဝင်းအတွင်းရှိ ဓာတ်တိုင်ပေါ်သို့ တက်ရောက်မီးလိုင်းပြင်ဆင်ရာမှ ဓာတ်လိုက်၍ဒဏ်ရာဖြင့် သေဆုံးနေကြောင်း စစ်ဆေးသိရှိရသဖြင့် တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပို့အပ်ပြီး သေဆုံးခြင်းနှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် စစ်ဆေးနိုင်ရန် တာချီလိတ်မြို့မရဲစခန်းက သေမှုသေခင်းအရ စခန်းမှူး ဒုရဲမှူးကျော်သန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

တရားမဝင်ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းကိရိယာများ ဖမ်းဆီးရမိ

စစ်ကိုင်း ဇွန် ၂၄

စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကြည်မိုးနှင့်ဝန်ထမ်းနှစ်ဦး၊ စစ်ကိုင်းမြို့မ ရဲစခန်းမှ ရဲအုပ်ခင်မောင်တင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ငါးသယံဇာတထိန်းသိမ်းရေး ရေလုပ်သားလူငယ်သုံးဦးတို့ လိုက်ပါ၍ စစ်ကိုင်းမြို့နယ်အတွင်းရှိ အာလောင်ဝဲဒုတ်အင်း (ဝါးချက်ကျေးရွာ)မှ ဒါးဝယ်တဲဒေါင့်အင်း (တာတိုင်ကျေးရွာ)အထိ ဧရာဝတီမြစ်ရိုးတစ်လျှောက်ကို ဇွန် ၁၈ ရက် နံနက် ၆ နာရီခွဲမှ ညနေ ၆ နာရီခွဲအထိ ငါးမျိုးစိတ်အများစု ဥချသားပေါက်လေ့ရှိသော ငါးရစ် ငါးသန်ကာလ မိုးဖြိုင်ဖြိုင်ရွာသော မေလ လယ်မှ ဇွန်၊ ဇူလိုင်လများအတွင်း ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးခဲ့ရာ ပိုင်ရှင်မဲ့မျောပိုက်များ ဧရာဝတီမြစ်အတွင်းမှ သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**

သိမ်းဆည်းရမိသော မျောပိုက် (စိန်ပိုက်)(၁)ဖုံကို ဝါးချက်ဆေးရုံအနီး ဧရာဝတီမြစ်ကမ်းဘေးမှ လည်းကောင်း၊ မျောပိုက်(စိန်ပိုက်)(၁)ဖုံကို ဆက်သွယ်ရေးတာဝါတိုင်အနီးမှ လည်းကောင်း၊ မျောပိုက်(စိန်ပိုက်) ရှစ်ဖုံကို မြေဝတီရပ်ကွက်မြစ်ကမ်းဘေးမှလည်းကောင်း မျောပိုက်(စိန်ပိုက်)(၁)ဖုံကို ကိုင်းပြင်ကျေးရွာ ဇလုပ်အနီးမှလည်းကောင်း ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့သည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

အင်းတော်မြို့နယ် နဘားကျေးရွာတွင် တန်ဖိုးငွေကျပ် ၂၄ သိန်းခန့် ဘိန်းဖြူများဖမ်းဆီးရမိ

ကသာ ဇွန် ၂၄

ဇွန် ၂၂ ရက် ည ၇ နာရီခွဲက အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူးနှင့်စခန်းမှူးတို့၏ကြီးကြပ်မှုဖြင့် အင်းတော်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သောင်းစိန်ထွန်းနှင့်တပ်ဖွဲ့ဝင်များသည် မော်တိတ်ရဲကင်းမှူး ဒုရဲအုပ်ဇော်သန်းထွဋ်၊ စစစ(ကသာ)မှ ဒုစုံမှူးဦးဇာနည်မောင်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် နဘားကျေးရွာရှိ ဖြူသက်မောင်၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ပေါ်တွင် ဖြူသက်မောင်နှင့်အတူ အသင့်ရောက်ရှိနေသော ထွန်းထွန်းဦးတို့အား တွေ့ရှိခဲ့ရပြီး နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ နေအိမ်နောက်ဖေး မီးဖိုခန်းရှိ ကြောင်အိမ်အတွင်းမှ အဖုံးပါ ဒန်အိုးဟောင်းတစ်လုံးအတွင်း ကြွပ်ကြွပ်အိပ် အမည်းရောင်ဖြင့် ထည့်ထားသည့် Love is Flower စာတန်းပါ ဆပ်ပြာခွက်ပန်းရောင်အတွင်း ပလတ်စတစ်အကြည်စဖြင့် ထည့်ထားသော ဘိန်းဖြူဟုယူဆရသည့် အဖြူမှုန့်အလေးချိန် ၁၂ ဂရမ်ခန့်စီပါ ဆပ်ပြာခွက်နှစ်ခွက် စုစုပေါင်း အလေးချိန် ၂၄ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀ ခန့်ကိုတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် အင်းတော် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

လူငယ်လက်မှုပညာသင်တန်းကျောင်းအနီး ဓားဖြင့် ထိုးသတ်ခံရသူတစ်ဦး မြန်မာဟုထင်ရ

ပီနန် ဇွန် ၂၄

မလေးရှားနိုင်ငံ ပီနန်မြို့ရှိ ကူဘန်း ဆယ်မန်း၊ ကန်ပုန် ဘရပစ်ရှိ လူငယ်လက်မှုပညာသင်တန်းကျောင်း(IKBN)အနီး၌ ပြီးခဲ့သော တနင်္ဂနွေနေ့ မွန်းလွဲ ၂ နာရီက လူငယ်တစ်ဦးမှာ မှောက်လျက်အနေအထားဖြင့် သေဆုံးနေသည်ကို တွေ့ရကြောင်း နေ့စဉ်ထုတ် my Metro သတင်းစာက ဇွန် ၂၂ ရက်တွင် ဖော်ပြထားသည်။ အဆိုပါသေဆုံးလူငယ်မှာ (၂၀ နှစ်)ခန့်ရှိ မြန်မာအမျိုးသားဟုထင်ရပြီး အနီးအနားတွေ့ရှိသူက ရဲဌာနသို့ သတင်းပို့ထားကြောင်း၊ မျက်နှာတွင် ဒဏ်ရာရရှိထားကာ ဝမ်းဗိုက်မှာ ဓားဒဏ်ရာအချက်ပေါင်းများစွာကြောင့် ပေါက်ပြဲနေကြောင်း ၎င်း၏အနီးတွင် မည်သည့်သက်သေခံလက်နက်မှ မတွေ့ရှိရဘဲ သေဆုံးသူပိုင်ဆိုင်သည့်အိတ်ဟု ထင်ရသည့် အိတ်တစ်လုံးသာ တွေ့ရှိရကြောင်းဖြင့် နေ့စဉ်ထုတ် my Metro သတင်းစာက ဆိုထားသည်။ **စိုးဝင်း(SP)**

စကားများရန်ဖြစ်ရာမှ ဇနီးဖြစ်သူ အသက်ဆုံးရှုံး

မြောင် ဇွန် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် အုတ်နဲ့ဘုတ်ကျေးရွာတွင် တစ်ရွာတည်းသားချင်း စကားများရန်ဖြစ်ပြီး ဓားရှည်ဖြင့် လိုက်ခုတ်ရာ ကျန်အခြားတစ်ဦးမှာ တိမ်းရှောင်ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ထွက်ပြေးသူ၏ဇနီးကို ဓားကိုင်ဆောင်သူက ရက်စက်စွာသတ်ခဲ့ခြင်း၊ ဒဏ်ရာများရရှိပြီး အခင်းဖြစ်ပွားသည့် နေရာတွင် လဲကျသေဆုံးခဲ့ခြင်းကြောင့် အရေးယူထားကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ဇွန် ၁၄ ရက် ညနေ ၇ နာရီခွဲက မြောင်မြို့နယ် အုတ်နဲ့ဘုတ်ကျေးရွာနေ ကိုကျော်ရွှေ (၃၈ နှစ်) ကျပန်းနှင့် ငလင်း(ခ)ဝေလင်းထွန်း (၂၅ နှစ်) ကျပန်းတို့ နှစ်ဦးစကားများရန်ဖြစ်ခဲ့ရာ ငလင်း(ခ)ဝေလင်းထွန်းက အသင့်ကိုင်ဆောင်လာသည့် ဓားရှည်ဖြင့် ခုတ်ရာ ကိုကျော်ရွှေမှာ တိမ်းရှောင်ထွက်ခဲ့သော်လည်း ၎င်းကျေးရွာနေ ဦးကံရှိန်၏အိမ်ရှေ့တွင် ကိုကျော်ရွှေ၏ဇနီးဖြစ်သူ မမိုးဝေနှင့် ငလင်း(ခ)ဝေလင်းထွန်းနှင့်ထပ်မံတွေ့ရှိပြီး စကားများရာမှ အသင့်ကိုင်ဆောင်လာသည့် ဓားဖြင့်ခုတ်ရာ မမိုးဝေမှာ ဒဏ်ရာဖြင့် လဲကျသေဆုံးသွားခဲ့သည်။ သို့ဖြစ်ပါ၍ ငလင်း(ခ)ဝေလင်းထွန်းအား တရားဥပဒေအရ အရေးယူပေးပါရန် ခင်ပွန်းဖြစ်သူက တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူးတင်လှိုင်က ကျေးရွာသို့ သွားရောက်ပြီး အခင်းဖြစ်ပွားသည့်နေရာကို မြေပုံကြမ်းရေးဆွဲ၍ သေဆုံးသူအား မြို့နယ်ဆေးရုံသို့ပို့ပြီး ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးနိုင်ရေး စီမံဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူမှာ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် လိပ်ကျကျေးရွာတွင် တိမ်းရှောင်ခိုအောင်းနေထိုင်သည့် သတင်း ကိုရရှိသဖြင့် ဇွန် ၁၆ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသောင်းငွေ ကြီးကြပ်ဦးဆောင်သောအဖွဲ့နှင့် အုတ်နဲ့ဘုတ်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဝေတို့ လိပ်ကျကျေးရွာသို့ သွားရောက်၍ ဖမ်းဆီးအရေးယူဆောင်ရွက်ထားလျက်ရှိကြောင်း သိရသည်။ **တင်ကိုကို**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့ သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်နှင့်မန္တလေး၌ ၂၀၁၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးဝါးသိပ္ပံဆိုင်ရာပါရဂူဘွဲ့(Ph.D)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ပါရဂူဘွဲ့(ပရဆေးဗေဒ)	၃ နှစ်	ရန်ကုန်
၂။	ပါရဂူဘွဲ့(ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ)	॥	ရန်ကုန်
၃။	ပါရဂူဘွဲ့(ဆေးဝါးဖော်စပ်ရေးဗေဒ)	॥	ရန်ကုန်/မန္တလေး
၄။	ပါရဂူဘွဲ့(ဆေးလက်တွေ့ဆေးဝါးသိပ္ပံ)	॥	ရန်ကုန်/မန္တလေး

၂။ **လိုအပ်သောအရည်အချင်း**

(၁) ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိထားသူဖြစ်ရမည်။

(၂) ဆေးဝါးမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ခွင့်ရက်မပါ လုပ်သက် (၂)နှစ်ပြည့်ပြီးသူ အမြဲတမ်းဝန်ထမ်းဖြစ်ရမည်။

(၃) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၅၀)ထက် မကြီးသူဖြစ်ရမည်။

(၄) လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်း သင်တန်း(ဇေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အခြေခံဝန်ထမ်းလောင်း (အငယ်တန်း)သင်တန်း(သို့မဟုတ်) အရာထမ်းငယ်အခြေခံသင်တန်းတက်ပြီးသူ ဖြစ်ရမည်။

(**ခြွင်းချက်။** လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်းတက်ရောက်နေသူဖြစ်ပါက ရေးဖြေ ဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ် တင်ပြနိုင်သူဖြစ်ရမည်။)

၃။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) ဖြစ်ပါသည်။

၄။ ကြိုတင်လျှောက်လွှာများကို **ဆေးသိပ္ပံပညာဦးစီးဌာန နေပြည်တော်**သို့ ပေးပို့လျှောက်ထားရမည်။

၅။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၁၇-၉-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဆေးဝါးသိပ္ပံဆိုင်ရာ ပါရဂူဘွဲ့သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ ။မြို့နယ် မြန်မာစီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။

၇။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဖောင်တော်ဦးဘုရားလမ်းနေ ဦးဘမြင့်-ဒေါက်တာဒေါ်ခင်နန်းကြည် (နန်းမြင့်ဆေးခန်း)တို့၏သားလတ်

မောင်ဉာဏ်ဖြိုးနောင်

Second Officer (F.G)

နှင့်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ နန်းပန်ရပ်ကွက်၊ ကျောက်တိုင်လမ်းနေ [ဦးဝင်းလှိုင်(ခ) ဦးဖြိုး]-ဒေါ်ခင်မြဝင်း (မြို့နယ်သမဝါယမဦးစီးဌာန) (The Green Valley Inn)တို့၏ဒုတိယသမီး

နန်းစုရတနာဖြိုး B.A (English)

Senior HR Officer (Myanmar Peace Center)

တို့၏ ၂၁-၆-၂၀၁၄ရက်တွင် မင်းကွန်းတိပိဋကရွှေရတုမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကပ္ပတိန်ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ဖြူဖြူလွင်၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော အမှုဆောင်ညွှန်ကြားရေးမှူး (Myanmar Peace Center) ဦးကျော်စိုးလှိုင်နှင့်ဇနီး ဒေါ်ဝတ်မှုံတင်လတ်၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး ဒေါ်လင်းလင်းတင်၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်မိဘဆွေမျိုးများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာပန်းကြဲအဖြစ် ဆောင်ရွက်ပေးပါသော မမေသံလွင်ကြည်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မမေမြတ်နိုးဦးနှင့်မမီမီကို၊ မင်္ဂလာသတို့သားအရံ မောင်ဝင်းမြင့်သိန်းနှင့် မင်္ဂလာသတို့သမီးအရံ မထက်ထက်ဝင်း၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော Aroma Zulu အဖွဲ့၊ Pre Wedding Photo ရိုက်ကူးပေးပါသော Forever Group၊ ပန်းအလှဆင်မြန်းပေးပါသော ပန်းမြတ်မွန်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော Photo Magic အဖွဲ့အားလည်းကောင်း၊ ၁၃-၆- ၂၀၁၄ရက်တွင် ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်တွင် ပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြကုန်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်ဉာဏ်ဖြိုးနောင်-နန်းစုရတနာဖြိုး

နိုင်ငံတကာအားကစားသတင်း

ချန်ပီယံခြေစွမ်းပြသလိုက်တဲ့ ဘရာဇီး

အာကာကျော်

ကမ္ဘာ့ဖလား အုပ်စု (A) နောက်ဆုံးပွဲအဖြစ် ဘရာဇီးနှင့် ကင်မရွန်းတို့ ကစားခဲ့တဲ့ ပွဲကတော့ ဘရာဇီးပရိသတ်များ အကြိုက်တွေ့စေခဲ့တဲ့ ပွဲပါပဲ။ တိုက်စစ်မှူးနေမာက ဒီပွဲမှာ နှစ်ဂိုးသွင်းယူပေးပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုကို ရယူခဲ့ပါတယ်။

ပွဲစပြီး ၁၇ မိနစ်အကြာမှာ ဘယ်တောင်ပံက ချီးပေးလိုက်တဲ့ဘောလုံးကို တိုက်စစ်မှူး နေမာက ပိတ်သွင်းလိုက်တာကြောင့် ဘရာဇီးတို့ အဖွင့်ဂိုး ရခဲ့ပါတယ်။ ဒါပေမယ့် ကင်မရွန်းရဲ့တိုက်စစ်ကလည်း အတော်ကောင်းခဲ့ပါတယ်။ ပွဲချိန် ၂၆ မိနစ်မှာ မာတစ်က ဘယ်တောင်ပံမှအကွက်ဆင်ထိုးပေးလိုက်တဲ့ ဘောလုံးကို အပိုင်ပိတ်သွင်းခဲ့တာကြောင့် ကင်မရွန်းတို့ ချေပဂိုးရခဲ့ပါတယ်။

ပွဲချိန် ၃၄ မိနစ်မှာတော့ တိုက်စစ်မှူးနေမာ အလယ်ကြောမှ ဘောလုံးကို ပြေးဆွဲလာပြီး ကင်မရွန်းနောက်ခံလူနှစ်ယောက်ကြားမှ အမှတ်မထင် ကန်သွင်းလိုက်တာကြောင့် ဘရာဇီးတို့ ဒုတိယဂိုးရခဲ့ပါတယ်။

ဘရာဇီးအသင်းဟာ ဘောလုံးအသာစီးနဲ့ ကင်မရွန်းကို ထိန်းချုပ်ကစားခဲ့ပြီး ပွဲချိန် ၄၉ မိနစ်မှာ ဖရက်က တတိယဂိုးသွင်းယူပေးခဲ့ပါတယ်။ ပွဲချိန် ၈၄ မိနစ်မှာတော့ လူစားဝင်လာသူ ဖာနန်ဒင်ဟိုက ဘရာဇီးအတွက် စတုတ္ထအနိုင်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဘရာဇီးအသင်းဟာ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် အုပ်စုတွင်းမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေနဲ့ အုပ်စု

ဗိုလ်အဖြစ် ၁၆ သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့ပါတယ်။ နောက်တစ်ဆင့်ပြိုင်ပွဲအဖြစ် ဘရာဇီးနဲ့ ချီလီတို့ ဇွန် ၂၈ ရက်မှာ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

ဘရာဇီးအသင်း ခြေစွမ်းပြနိုင်ခဲ့သလို ပရိသတ်များရဲ့ အားပေးမှုကြောင့် အောင်မြင်မှုများ ဆက်တိုက်ရရှိနေပါတယ်။ တစ်ကွင်းလုံး အဝါရောင်ပရိသတ်များ လေးဖက်လေးတန်လွှမ်းနေပြီး အားပေးမှုများကလည်း ခြိမ့်ခြိမ့်သဲသဲပါပဲ။ ဒီပွဲဟာ ဘရာဇီးအသင်းရဲ့ ခြေစွမ်းကိုပြလိုက်တဲ့ ပွဲပါပဲ။

နယ်သာလန်နှင့် မက္ကဆီကိုတွေ့ပြီ

ကမ္ဘာ့ဖလားအုပ်စု (B)နောက်ဆုံးပွဲအဖြစ် နယ်သာလန်နှင့် ချီလီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ လိမ္မော်ရောင် နယ်သာလန်က လီရွိုင်းဖာနှင့် မမ်ဖစ်ဒီပေးတို့၏ နောက်ကျဂိုးများဖြင့် နိုင်ပြီး အုပ်စုဗိုလ်ရရှိကာ ၁၆ သင်းပြိုင်ပွဲ တက်ရောက်နိုင်ခဲ့သည်။ ယင်းတို့နှစ်သင်းစလုံး နောက်တစ်ဆင့်တက်နိုင်ခဲ့သည်။ နေ့ဝှစ်ကစားသမားဖာက ပွဲချိန် ၇၇ မိနစ်တွင် ခေါင်းတိုက်ဂိုးဖြင့် နယ်သာလန်အတွက် သွင်းယူပေးခဲ့သည်။ ချီလီအသင်းသည် ချေပဂိုးသွင်းနိုင်ရေး နယ်သာလန်နောက်တန်းကို တစ်သင်းလုံး ဖိကစားနေချိန် တိုက်စစ်မှူး ရော်ဘင်ဘောလုံးပြေးဆွဲလာပြီး ညာဘက်သို့ ချီးပေးလိုက်ရာ ဒီပေးက နယ်သာလန်အတွက် လှလှပပသွင်းယူခဲ့သည်။ လူးဝစ်ဗန်ဟား၏ နယ်သာလန်သည် နောက်တစ်ဆင့်တွင် မက္ကဆီကိုအသင်းနှင့် ကစားရမည်ဖြစ်သည်။ ဘာစီလိုနာတိုက်စစ်မှူး ဆန်ချက်က ချီလီအသင်း ချေပဂိုးရရှိရေး အကြိတ်အနယ်ကစားခဲ့သော်လည်း ဂိုးမရခဲ့ပေ။ ချီလီ၏ တိုက်စစ်ကြောင့် နယ်သာလန်တို့ ထောင့်ကန်ဘော အကြိမ်များစွာ ပေးခဲ့ရသည်။

စပိန်နိုင်သော်လည်းမပျော်နိုင်

ကမ္ဘာ့ဖလားအုပ်စု (B)တွင် လက်ရှိချန်ပီယံစပိန်က ဩစတြေးလျအသင်းကို သုံးဂိုးပြတ်နိုင်သော်လည်း ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။ စပိန်အသင်းအတွက် တတိယမြောက်ဆက်တိုက်အရှုံးကို ကာကွယ်ရန် ဒေးဗစ်ဗီလာ၊ တောရက်စ်နှင့် မာတာတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။

ယင်းပွဲအနိုင်ရလိုက်သဖြင့် စပိန်တို့ ဂုဏ်သိက္ခာကို ဆယ်နိုင်ခဲ့သော်လည်း ၁၉၉၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆက်တိုက်ရှုံးနိမ့်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။ စပိန်အသင်းသည် အုပ်စုအတွင်း ထိုက်တန်သော ရမှတ်သုံးမှတ်ကို ရယူခဲ့သော်လည်း ယခုနှစ် ကမ္ဘာ့ဖလားနှင့်ဝေးခဲ့ရပြီဖြစ်သည်။ စပိန်အသင်းသည် အဖွင့်ပွဲတွင် နယ်သာလန်ကို ငါးဂိုး-တစ်ဂိုးဖြင့်ရှုံးပြီး ချီလီအသင်းကိုပါ နှစ်ဂိုးပြတ်ဖြင့် ဆက်လက်ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရသည်။ အဖွင့်ပွဲနှစ်ပွဲတွင် နယ်သာလန်၊ ချီလီတို့နှင့် ကစားရခြင်းအတွက်ကြောင့်လည်း စပိန်ကံဆိုးခဲ့ခြင်းဖြစ်သည်။ နယ်သာလန်နှင့် ချီလီသည် ယခုနှစ် ကမ္ဘာ့ဖလားတွင် တောင့်တင်းခိုင်မာသော အသင်းကောင်းများဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

အုပ်စု(က)မှ မက္ကဆီကို နိုင်ပွဲရ ၁၆အသင်းအဆင့်တက်ရောက်

သီဟ

အုပ်စု(က) ခရိုအေးရှားနှင့် မက္ကဆီကို ပွဲစဉ်ကို ဇွန်၂၄ နံနက်အစာပိုင်းက Arena Pernambuco ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကို အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ အုပ်စု ဒုတိယနေရာမှ ၁၆သင်း အဆင့်သို့ တက်ရောက်သွားသည်။

အုပ်စုတက်ဖို့ မျှော်လင့်ချက်ရှိတဲ့နှစ်သင်း ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်သင်းစလုံး ပထမပိုင်း ဂိုးမသွင်းနိုင်ကြပေ။ ဒုတိယပိုင်း ၇၂မိနစ်တွင် ရာဖေးလ်မားကွက်ဇ်ကမက္ကဆီကိုအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။ ၇၅မိနစ်တွင် ဒုတိယဂိုးကို ဂါဒါဒို၊ တတိယဂိုးကို ၈၂မိနစ်တွင် ဟာနန်ဒက်ဇ်က သွင်းယူပေးခဲ့သည်။ ခရိုအေးရှားအတွက် တစ်လုံးတည်းသော ဂိုးကို ၈၇မိနစ်တွင် အိုင်ဗန်ပါရီဆစ်က သွင်းယူပေးပြီး လူစားဝင်လာသော ခရိုအေးရှားမှ အန်တီရီဘစ်ကို ၈၉မိနစ်တွင် တိုက်ရိုက်အနီဖြင့် အထုတ်ခံရသည်။ ဘောလုံးပိုင်ဆိုင်မှုမှာ ခရိုအေးရှားက ပိုင်ဆိုင်မှုများသည်။ မက္ကဆီကိုအသင်းအနိုင်ရရှိသော်လည်း အုပ်စု(က)မှာ ဂိုးကွာခြားချက်ကြောင့် ဒုတိယနေရာဖြင့်သာ တက်ရောက်သွားသည်။

ဇွန် ၂၅၊၂၆ ကစားမည့်ပွဲစဉ်များအပြင် အုပ်စု (စ)မှ ဇွန်၂၅ ည၁၀း၃၀တွင် နိုင်ဂျီးရီးယားနှင့် အာဂျင်တီးနား၊ ဘော့စနီးယားနှင့် အီရန်ပွဲတို့ဖြစ်သည်။ ဇွန်၂၆ နံနက်၂း၃၀တွင် ဟွန်ဒူးရပ်စ်နှင့် ဆွစ်ဇာလန်၊ အီကွေဒေါနှင့် ပြင်သစ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန

ဆေးပညာပါရဂူဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၊ ရန်ကုန်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်တို့၌ ၂၀၁၅ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် ဆေးပညာပါရဂူဘွဲ့သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ ဝန်ထမ်းဆရာဝန်များလျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့(Ph.D)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ပါရဂူဘွဲ့(ခန္ဓာဗေဒ)	၃ နှစ်	ရန်ကုန်/မန္တလေး/မကွေး
၂။	ပါရဂူဘွဲ့(ဇီဝကမ္မဗေဒ)	״	ရန်ကုန်/မန္တလေး/မကွေး
၃။	ပါရဂူဘွဲ့(ဇီဝဓာတုဗေဒ)	״	ရန်ကုန်/မန္တလေး
၄။	ပါရဂူဘွဲ့(အဏုဇီဝဗေဒ)	״	״
၅။	ပါရဂူဘွဲ့(ဆေးဝါးဗေဒ)	״	״
၆။	ပါရဂူဘွဲ့(ရောဂါဗေဒ)	״	״
၇။	ပါရဂူဘွဲ့(ပြည်သူ့ကျန်းမာရေး)	״	ရန်ကုန်
၈။	ပါရဂူဘွဲ့(သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ)	״	״

ဆေးလက်တွေ့ပါရဂူဘွဲ့(Dr.Med.Sc/Dr.D.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေဆေးပညာ)	၃ နှစ်	ရန်ကုန်/မန္တလေး
၂။	ဆေးလက်တွေ့ပါရဂူဘွဲ့(အထွေထွေခွဲစိတ်ကုပညာ)	״	״
၃။	ဆေးလက်တွေ့ပါရဂူဘွဲ့(သားဖွားမီးယပ်ပညာ)	״	״
၄။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးကျန်းမာပညာ)	״	״
၅။	ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုးရောဂါပညာ)	״	״
၆။	ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးရောဂါပညာ)	״	״
၇။	ဆေးလက်တွေ့ပါရဂူဘွဲ့(နှလုံးခွဲစိတ်ကုပညာ)	״	ရန်ကုန်
၈။	ဆေးလက်တွေ့ပါရဂူဘွဲ့(အဆုတ်နှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာဆေးပညာ)	״	ရန်ကုန်/မန္တလေး
၉။	ဆေးလက်တွေ့ပါရဂူဘွဲ့(ရင်ခေါင်းခွဲစိတ်ကုပညာ)	״	״
၁၀။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောဆေးပညာ)	״	״
၁၁။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုပညာ)	״	״
၁၂။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်ရောဂါပညာ)	״	ရန်ကုန်
၁၃။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းရောဂါခွဲစိတ်ကုပညာ)	״	ရန်ကုန်/မန္တလေး
၁၄။	ဆေးလက်တွေ့ပါရဂူဘွဲ့(အစာအိမ်နှင့်အူလမ်းကြောင်းဆေးပညာ)	״	״
၁၅။	ဆေးလက်တွေ့ပါရဂူဘွဲ့(အသည်းရောဂါပညာ)	״	ရန်ကုန်
၁၆။	ဆေးလက်တွေ့ပါရဂူဘွဲ့(သွေးရောဂါပညာ)	״	ရန်ကုန်
၁၇။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးခွဲစိတ်ကုပညာ)	״	ရန်ကုန်
၁၈။	ဆေးလက်တွေ့ပါရဂူဘွဲ့(မွေးကင်းစကလေးဆေးပညာ)	״	״
၁၉။	ဆေးလက်တွေ့ပါရဂူဘွဲ့(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာ)	״	״
၂၀။	ဆေးလက်တွေ့ပါရဂူဘွဲ့(မီးယပ်ဆိုင်ရာကင်ဆာရောဂါပညာ)	״	״
၂၁။	ဆေးလက်တွေ့ပါရဂူဘွဲ့(မျိုးပွားမှုဆိုင်ရာဆေးပညာ)	״	״
၂၂။	ဆေးလက်တွေ့ပါရဂူဘွဲ့(မေ့ဆေးပညာ)	״	ရန်ကုန်/မန္တလေး
၂၃။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဓာတ်မှန်ပညာ)	״	״
၂၄။	ဆေးလက်တွေ့ပါရဂူဘွဲ့(မျက်စိရောဂါပညာ)	״	״
၂၅။	ဆေးလက်တွေ့ပါရဂူဘွဲ့(နား၊နှာခေါင်း၊လည်ချောင်းရောဂါပညာ)	״	״
၂၆။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဥပဒေရေးရာဆေးပညာ)	״	״
၂၇။	ဆေးလက်တွေ့ပါရဂူဘွဲ့(အရိုး၊ အကြော၊ အဆစ်ဆေးပညာ)	״	ရန်ကုန်
၂၈။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးပညာ)	״	ရန်ကုန်/မန္တလေး
၂၉။	ဆေးလက်တွေ့ပါရဂူဘွဲ့(ခံတွင်းနှင့်မျက်နှာမေးရိုးခွဲစိတ်ကုပညာ)	״	ရန်ကုန်
၃၀။	ဆေးလက်တွေ့ပါရဂူဘွဲ့(ပြုပြင်ကုသမှုဆိုင်ရာခွဲစိတ်ပညာ)	״	״
၃၁။	ဆေးလက်တွေ့ပါရဂူဘွဲ့(ဟော်မုန်းရောဂါများအထူးကုပညာ)	״	״
၃၂။	ဆေးလက်တွေ့ပါရဂူဘွဲ့(ကျောရိုးခွဲစိတ်ကုပညာ)	״	״
၃၃။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(မေးရိုးနှင့်ခံတွင်းဆေးပညာ)	״	״
၃၄။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားတုဆေးပညာ)	״	״
၃၅။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားရောဂါကုဆေးပညာ)	״	״
၃၆။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(ကလေးသွားကျန်းမာရေးပညာ)	״	״
၃၇။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(ကာကွယ်ရေးနှင့်လူထုသွားကျန်းမာရေးပညာ)	״	״
၃၈။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားညှိကုပညာ)	״	״
၃၉။	သွားဘက်ဆိုင်ရာဆေးလက်တွေ့ပါရဂူဘွဲ့(သွားဖုံးရောဂါကုပညာ)	״	״

၂။ သက်ဆိုင်ရာဘာသာရပ်တွင် မဟာသိပ္ပံဘွဲ့(သို့မဟုတ်)အလားတူဘွဲ့လွန်ရရှိထားသူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်သည့်ရက်တွင် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့/အလားတူဘွဲ့ရရှိပြီးနောက် လုပ်သက် (၂)နှစ် ပြည့်ပြီးသူဖြစ်ရမည်။

မှတ်ချက်။ ။ပါရဂူဘွဲ့(ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ သွားဘက်ဆိုင်ရာခန္ဓာဗေဒနှင့် ဇီဝကမ္မဗေဒ) ဘာသာရပ်များအတွက် သက်ဆိုင်ရာဘာသာရပ် မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် လုပ်သက်ကန့်သတ်ချက်မရှိ။

၄။ လျှောက်လွှာပိတ်သည့်ရက်တွင် အသက် ၅၀ ထက်မကြီးသူဖြစ်ရမည်။

၅။ လျှောက်လွှာပိတ်သည့်ရက်တွင် အခြေခံဝန်ထမ်းလောင်းသင်တန်း(ဖေယျ) (သို့မဟုတ်) အရာထမ်းအခြေခံသင်တန်း (သို့မဟုတ်) အကြိုဝန်ထမ်းလောင်းသင်တန်း (အကြိုဖေယျ) (သို့မဟုတ်) အထူးဝန်ထမ်းလောင်း(ဆရာဝန်) သင်တန်းတက်ပြီးသူဖြစ်ရမည်။

(**ခြွင်းချက်**။ လျှောက်လွှာပိတ်သည့်ရက်တွင် ဝန်ထမ်းလောင်းသင်တန်းတက်ရောက်နေသူဖြစ်ပါက ရေးဖြေ ဖြေဆိုမည့်ရက်တွင် သင်တန်းဆင်းလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။)

၆။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့)ဖြစ်ပါသည်။

၇။ ကြိုတင်လျှောက်လွှာများကို **ဆေးသိပ္ပံပညာဦးစီးဌာန၊ နေပြည်တော်**သို့ ပေးပို့လျှောက်ထားရမည်။

၈။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၁၇-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။

၉။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်စာမေးပွဲကြေးကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ ပေးသွင်းရမည်။

(**မှတ်ချက်**။ ။ မြို့နယ်မြန်မာစီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဆေးသိပ္ပံပညာဦးစီးဌာန ငွေစာရင်းအမှတ် MD-၀၁၀၉၂၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ ပြည်နယ်/တိုင်း/ခရိုင် ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

မေတ္တာစိတ်ဖြင့် ပီတိဖြာဝေခဲ့ရသော အာဟာရဒါနပွဲ

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော လူမျိုးပေါင်းစုံရှိသကဲ့သို့ ကိုးကွယ်ရာ ဘာသာပေါင်းစုံလည်း ရှိသည်။ သို့ရာတွင် ဘာသာပေါင်းစုံ ချစ်ကြည်ရေးကို အလေးထားကာ အတူတကွ နေထိုင်လျက်ရှိသည်။ ဘာသာတရားချင်း မတူသော်လည်း တူညီသည်က ကိုယ်ချင်းစာတရားနှင့် မေတ္တာတရားတို့ပင်ဖြစ်သည်။

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ သုဇနကာရီ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး ပရဟိတသာသနာပြုကျောင်းသို့ ပျဉ်းမနားYMCA မှ ခရစ်ယာန်လူငယ်များက ဗလာစာအုပ် ဒါဇင် ၂၀၊ ခဲတံ ၁၇ ဒါဇင်၊ ဆန်အိတ်များ၊ မုန့်များနှင့် အာဟာရအဖြစ် ရွှေရင်အေးများ တိုက်ကျွေးခြင်းနှင့် လှူဒါန်းခြင်းတို့ကို ဇွန် ၂၁ ရက်က လာရောက်လှူဒါန်းခဲ့ကြသည်။ အဆိုပါ အဖွဲ့ခေါင်းဆောင် ကိုသောဂျက်ဆင်က "အခုလို လာရောက်လှူဒါန်းရတဲ့ အဓိကရည်ရွယ်ချက်ကတော့ သူတို့လေးတွေရဲ့စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်စေဖို့၊ နွေးထွေးစေဖို့ မေတ္တာလာရောက်ပေးဝေခြင်းပဲ ဖြစ်ပါတယ်။ စာအုပ်၊ ခဲတံတွေလှူပြီးရင် ကလေးတွေကို သီချင်းဆိုပြမယ်၊ ပုံဝတ္ထုလေးတွေပြောပြမယ်၊ ချီပွေ့ထားပြီး နွေးထွေးစေမယ်လေ၊ အဲဒီလိုအားဖြင့် ကလေးတွေကို ပျော်ရွှင်စေချင်ပါတယ်။ ဘာသာကွဲပြားလည်း တစ်သားတည်းအဖြစ် မေတ္တာအပြည့်နဲ့ လာရောက်လှူဒါန်းတာပါ"ဟုပြောသည်။

ကျောင်းထိုင်ဆရာတော် ဦးသုဇနကလည်း "ကမ္ဘာပေါ်မှာရှိတဲ့ လူသားအားလုံးဟာအတူတူပါပဲ၊ ယုံကြည်ရာကိုးကွယ်ကြတာပါ၊ ဆရာတော်တို့ဒီကျောင်းမှာလည်း ကလေးအချို့ဆိုရင် ဘာသာခြားလေးတွေပါ။ ဘာသာကူးပြောင်းရမယ်လို့ အတင်းမတိုက်တွန်းပါဘူး၊ သူယုံကြည်ရာ သူကိုးကွယ်ဖို့ ခွင့်ပြုထားပါတယ်။ ဘာကန့်သတ်ချက်မှ မထားပါဘူး၊ အခုလို ဘာသာကွဲပြားပေမယ့် လာရောက်လှူဒါန်းကြလို့ ဝမ်းသာပါတယ်။ ဆရာတော်တို့ နေပြည်တော် ထေရဝါဒ ဗုဒ္ဓသာသနာပြုအဖွဲ့ကလည်း မေ ၁၅ ရက်က ဖလမ်းမြို့နာဇရက် မိဘမဲ့ဂေဟာမှာ အာဟာရဒါနသွားပြုခဲ့ပါတယ်။ ဒါတွေဟာ ကိုးကွယ်ရာဘာသာမခွဲခြား မြန်မာလူမျိုးများဆိုတဲ့အသိနဲ့ အပြန်အလှန်ဖေးမ၊ မေတ္တာကူးလူးကြတဲ့ သဘောပါပဲ"ဟု မိန့်တော်မူခဲ့သည်။

ထို့နောက်တွင် ကျောင်းအတွင်းမှ သာမဏေများ၊ ကလေးငယ်များအား စာအုပ်၊ ခဲတံနှင့် မုန့်များကို ခရစ်ယာန်အသင်းသားများက ဝေငှပေးကြပြီး ဂစ်တာများဖြင့် တီးခတ်ကာ သီချင်းများဆိုပြကြသည်။ ကလေးငယ်များကလည်း ပျော်ရွှင်စွာဖြင့် လက်ခုပ်တီးကာ လိုက်လံသီဆိုကြသဖြင့် ပီတိဖြစ်စရာ မြင်ကွင်းတစ်ရပ်ဖြစ်ခဲ့သည်။ သီဆိုမှုများအပြီးတွင် အာဟာရဒါန ရွှေရင်အေးများ တိုက်ကျွေးသဖြင့် ကလေးငယ်များမှာ ဝမ်းသာပျော်ရွှင်စွာဖြင့် စားသုံးကြသည်မှာဒါနပြုသူတို့အတွက် ကြည်နူးပီတိဖြစ်ရမည်မှာ ဧကန်ပင်ဖြစ်သည်။

ဘဝပေး အခြေအနေကြောင့် မိဘမဲ့ဖြစ်ခဲ့ရသော်လည်း မေတ္တာတရားကြီးမားသူများ၏ ပြုစုစောင့်ရှောက်မှု အရိပ်အာဝါသတွင် ငြိမ်းအေးစွာ နေခွင့်ရကြခြင်းကပင် ဖြေသိမ့်ဖွယ်ရာဟု ဆိုရပါမည်။ ထိုကလေးငယ်များ ဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက် လူမျိုးဘာသာမခွဲခြား တစ်တပ်တစ်အားပါဝင်လှူဒါန်းကြသောသူများကို သာဓုခေါ်ရင်း နောင်အခွင့်သင့်လျှင်လည်း လှူဒါန်းနိုင်ကြပါစေဟု ဆန္ဒပြု ဆုမွန်ကောင်းတောင်း ရေးသားလိုက်ရပါသည်။

သတင်းဆောင်းပါး-အင်ကြင်းမွှေး

ဓာတ်ပုံ-ကျော်သူဝင်း

စိုက်ပျိုးစရိတ်ထုတ်ချေးပေး

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ဇွန် ၅ ရက်မှစတင်ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စုပေါင်း ငါးအုပ်စုမှ လယ်သမား ၂၆၇ ဦးသို့ ဧက ၁၅၁၂ အတွက် ငွေကျပ်၁၅၁၂သိန်းကို ထုတ်ချေးပေးပြီးဖြစ်သည်။ ထိုသို့ ထုတ်ချေးရာတွင် လယ်သမားတစ်ဦးချင်း၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၇)အရ အများဆုံး ၁၀ ဧကအထိ စိစစ်ထုတ်ချေးပေးခြင်းဖြစ်ပြီး ယခုနှစ်မိုးရာသီတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၃၅ အုပ်စုသို့ လယ်မြေဧက ၅၆၅၆၀ ဧကအတွက် ချေးငွေစုစုပေါင်း ငွေကျပ် သိန်း ၅၆၅၆၀ ကို ဩဂုတ်လ နောက်ဆုံးထား၍ ထုတ်ချေးပေးရန် စီစဉ်ထားရှိကြောင်း မြို့နယ်မန်နေဂျာ ဒေါ်တင်တင်လှထံမှ သိရသည်။ **ရွှေစင်အိ(နေပြည်တော်)**

အိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်နှင့် ရွှေမန်းမယ်ပြိုင်ပွဲကျင်းပ

မန္တလေး ဇွန် ၂၄

အိုလံပစ်နေ့အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုဆပ်ကော်မတီက ကြီးမှူး၍ ၂၀၁၄ ခုနှစ် ရွှေမန်းမောင်နှင့် ရွှေမန်းမယ်ပြိုင်ပွဲကို ဇွန် ၂၂ ရက် မွန်းလွဲပိုင်းက မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ မြို့နယ်ပေါင်းစုံနှင့် ကလပ်အသင်းများမှ ပြိုင်ပွဲဝင်အမျိုးသား ၂၀ နှင့် အမျိုးသမီးပြိုင်ပွဲဝင် သုံးဦးပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြိုင်ပွဲကို အစီအစဉ်အတိုင်း ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ရွှေမန်းမောင် အငယ်တန်းပြိုင်ပွဲ၌ အငယ်တန်း ပထမဆုကို အောင်စိုးမင်း(Mylife)၊ ဒုတိယဆုကိုအာကာဟိန်း (Hollywood)၊တတိယဆုကို ခင်မောင်ထွန်း (ဗထူးကလပ်)၊ ရွှေမန်းမောင် အလွတ်တန်းပြိုင်ပွဲတွင် အလွတ်တန်းမောင် ပထမဆုကို ညီညီဖြိုး (ပုလဲနက်)၊ ဒုတိယဆုကို မောင်စိုးမင်း (Mylife)၊ တတိယဆုကို အာကာဟိန်း (Hollywood)တို့က ရရှိကြသည်။

ရွှေမန်းမယ် အငယ်တန်း ငါးပေသုံးလက်မအောက် ပြိုင်ပွဲတွင် အငယ်တန်းမယ် ပထမဆုကို နန်းလောင်ခမ်း (LAWRAL)၊ ဒုတိယဆုကိုဆုမြင့်ဝင်း (Mylife Gym)၊ တတိယဆုကို ဝင်းဝင်းဌေး (ဗထူးကလပ်)၊ ရွှေမန်းမယ် ငါးပေ သုံးလက်မအထက် အကြီးတန်းပြိုင်ပွဲတွင် ပထမဆုကိုနှစ်စဉ် ပထမမယ်ဆုရရှိနေသော (ဗထူးကလပ်)မှ ခိုင်ဝေလွင်က အလှမယ်ဆု၊ ချယ်ရီမောင် (Flora)က ဒုတိယနှင့် နေခြည်တင့်ဝေ (ဗထူး ကလပ်)က တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများကို အား/ကာ ဒုတိယ ညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီး ကာယဗလနှင့် အမျိုးသမီး ကာယကြံ့ခိုင်မှုဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးဟန်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်ကြည်၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ဝင် သီဟသုဓမ္မသိင်္ဂီ ဒေါ်မေသက်မော်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန္တာဘုန်းဝင်း၊ အတွင်းရေးမှူး ဒေါ်ခင်မိုးမြင့်နှင့် တာဝန်ရှိသူတို့က စလွယ်ပထမဆု တံခွန်စိုက်ဆု၊ ဆုတံဆိပ်၊ နှစ်သိမ့်ဆုနှင့် ငွေသားဆုများကို ချီးမြှင့်ကြကြောင်း၊ ပြိုင်ပွဲပံ့ပိုးအလှူရှင်များကိုလည်း တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ စေတနာရှင်အလှူရှင်များက ဆုရမောင်မယ်တို့ကို အမှတ်တရပစ္စည်းနှင့်ငွေသားဆုများ ချီးမြှင့်ကြကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/မြောက်)၊ မြေကွက်အမှတ် ၅၃၃၊ မြေကွက်တည်နေရာအမှတ် ၅၃၃၊ အနော်မာ ၂၂လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (၁)(ဦးစံသော်)၊ (၂)(ဦးသန်းတင်)အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစံသော်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဇနီးဖြစ်သူ ဒေါ်စိန်မေ ၁၂/သကတ(နိုင်)၁၀၆၄၂၁ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၀၀၆၆/၂၀၁၃ရရှိသူ ဒေါ်ခင်သန္တာအေး ၁၂/သကတ(နိုင်)၁၄၇၇၈၀နှင့် ကျန်အမည်ပေါက် ဦးသန်းတင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက် ဇနီးဒေါ်သိန်းမြင့် ၁၂/သကတ(နိုင်)၁၁၁၆၀၆ထံမှအထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၂၄၆၈၀/၂၀၁၁ ရရှိသူ ဒေါ်သန္တာဝေ ၁၂/သကတ(နိုင်)၁၃၉၄၉၉ထံမှ ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီးပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်၄၆၉၊ ဦးပိုင်အမှတ် ၄၊ မုဒ်ဦးတန်း၊ ၈၄ လမ်း×အမှတ်(၆) ကားဂိတ်အနီးရှိ ဦးမောင်တိုး၊ ဒေါ်ဆွဲအမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးမောင်တိုး၊ မိခင် ဒေါ်ဆွဲတို့ ကွယ်လွန်သွားပါသဖြင့် (သမီး)ဖြစ်သူ ဒေါ်တင်မိမှအမွေဆက်ခံခဲ့ပြီး ဒေါ်တင်မိသည် ခင်ပွန်းဦးချစ်စရာနှင့် အိမ်ထောင်ကျ၍ (သား)ဖြစ်သူ ဦးသိန်းညွန့်ကို မွေးဖွားခဲ့ပါသည်။ အဘိုး၊ အဘွား၊ မိခင်၊ ဖခင်တို့အသီးသီး ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော (မြေး၊သား)ဖြစ်သူ ဦးသိန်းညွန့် ၉/မရတ(နိုင်) ၀၄၅၇၁၉မှ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၃၇၂၊ မြေကွက်တည်နေရာအမှတ် ၃၆၊ အောင်ဇေယျ ၆လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးမြသန်း ၁၂/သဃက(နိုင်)၀၈၆၉၁၆ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဦးမြသန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်တင်လှ ၁၂/သဃက(နိုင်)၀၈၇၀၅၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ခေါ်နံစင် MKA-၀၉၄၃၀၄	ဦးထွန်းစိန် ၁၀/မဒန(နိုင်)၀၀၇၉၆၆	တိုက် ၃၈၊ အခန်း ၂၁၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်
	ဦးနော်လောန် MKA-၀၉၈၅၃၄(မှ)	ဒေါ်ခင်ထွေးရီ ၁၀/မဒန(နိုင်)၀၀၇၉၆၇	

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၁၊ မြေကွက်အမှတ် ၄၄၆၊ မြေကွက်တည်နေရာ အမှတ် ၄၄၆၊ (၂၁) ရပ်ကွက်၊ ဒဂုံတောင် ဒေါ်မြမြတင် ၁၂/ဗတထ(နိုင်)၀၃၀၃၆၉ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြမြတင် (မိခင်)နှင့် ဦးမြသွင်(ဖခင်)တို့ ကွယ်လွန်၍ ဦးလင်းထွန်းအောင် ၁၂/ဗတထ(နိုင်) ၀၀၁၄၉၄မှ တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ၎င်းထံမှ GP No 742/21.10.13 ဖြင့် ရရှိသူ ဒေါ်အေးညွန့်မော် (ခ)တီဘီအိန်း ၁၂/လသန(နိုင်)၀၀၆၁၇၁မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာတွင် တိုက်အမှတ် ၄ ရှိ အခန်းအမှတ် ၂၈ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိုင်းအောင်ဝင်း၏ အိမ်ပေါ်တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာ(A/O) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် သားဖြစ်သူ ဦးမျိုးဝင်း ၁၂/မရက(နိုင်)၁၂၂၀၁၉ မှ လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၆၁၉/က၊ မြေကွက်တည်နေရာအမှတ် ၆၁၉/က၊ သဒ္ဒါရုံ ၃ လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးလှတင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှတင် ခင်ပွန်း ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်ကြည် ၁၂/သကတ(နိုင်)၀၁၆၁၇၀ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၆၉၀/၂၀၁၄ ရသူ ဦးကျော်ခိုင်ဝင်း ၁၂/ သကတ(နိုင်) ၁၆၆၀၈၂မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄/စက်မှုဇုန်)၊ မြေကွက်အမှတ် ၃၃၉၊ မြေကွက်တည်နေရာအမှတ် ၃၃၉၊ ကန်တော်မွန်လမ်း၊ (၆၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးသိန်းမြင့် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းမြင့်ထံမှ တရားရုံးများ ဦးသိန်းမြင့် LTA-၀၀၀၁၀၇၊ ဦးခင်မောင်ဝင်းတို့၏ ကိုယ်စား ၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ် ၈၀ အရ ဘိလစ် ဒေါ်ကြည်ကြည်စန်း ၁၄/လမန(နိုင်)၀၀၄၁၅၂မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ချစ်တီးကုန်း၊ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၄၀၈/အေ)၊ ချစ်တီးကုန်း၊ မြေကွက်အမှတ် ၉၊ မြေကွက်တည်နေရာအမှတ် ၉၊ ဘူတာရုံလမ်း၊ (၁/က)ရပ်ကွက် ဦးဇော်လင်းအမည်ပေါက်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူဦးကျော်ညီညီစံ ၁၂/တတန(နိုင်)၁၃၇၇၇၉၀က မင်္ဂလာဒုံမြို့နယ်၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ မြေကွက်ချထားပေးခြင်း အကြောင်းကြားစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများအပြင် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၆၊ မြေကွက်အမှတ် ၃၂၅၊ မြေကွက်တည်နေရာအမှတ် ၃၂၅၊ (၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဒေါ်တိုးတိုးမြင့်) CJ-၀၃၈၀၄၀ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တိုးတိုးမြင့်(တရားရှုံး) ကိုယ်စား ဘိလစ် ဒေါ်လဲ့လဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားမကြီးမှုအမှတ် ၅၈/၁၄ (၈-၄-၁၄)နှင့် တရားမဇာရီမှုအမှတ် ၅၈/၁၄(၉-၄-၁၄)တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

သီပေါ ဇွန် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အဝေးပြေးခရီးသည်တင် ထွက်ခွာမည့်ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများမှ မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်များ ခရီးစဉ်မထွက်ခွာမီ ယာဉ်၊ ယာဉ်မောင်းနှင့် သက်ဆိုင်သည့် အချက်အလက်များဖြစ်သည့် လုပ်ငန်းလိုင်စင် မီးသတ်ဆေးဘူးထားရှိရေး၊ အရေးပေါ်ထွက်ပေါက်အသုံးပြု၍ ရ၊ မရ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှု သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိ မရှိ၊ အရေးပေါ်ထွက်ပေါက်ပါရှိပြီး အရေးပေါ်မှန်ခွဲရန် တူ၊ ပုဆိန် ရောင်ပြန်ပြားတို့ ပါ၊ မပါ၊ အရက်သေစာသောက်စားမှု ရှိ၊ မရှိ၊ ယာဉ်ရပ်နားစဉ် အသုံးပြုသည့် တြိဂံရောင်ပြန် ပါရှိခြင်း ရှိ၊ မရှိ၊ ယာဉ်မောင်းများ သက်တမ်းရှိ "င" ယာဉ်မောင်းလိုင်စင် ရှိ၊ မရှိ၊ "င" ယာဉ်မောင်းလိုင်စင်ရရှိပြီး အရန်ယာဉ်မောင်းပါရှိခြင်း ရှိ၊ မရှိ၊ လိုင်စင်အတုဖြင့် မောင်းနှင်ခြင်း ရှိ၊ မရှိ၊ လက်မှတ်ရောင်း စပယ်ယာလိုင်စင်ရရှိပြီး ယာဉ်နောက်လိုက် ပါရှိခြင်း ရှိ၊ မရှိ၊ လိုင်စင်အတုဖြင့် မောင်းနှင်ခြင်းရှိ၊ မရှိ၊ အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်ထားခြင်းရှိ၊ မရှိ စသည်တို့အား ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်ထိန်း၊ မီးသတ်၊ ယာဉ်လိုင်းပေါင်းစုံ

ကြီးကြပ်ရေးကော်မတီများ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ရှောင်တခင် စစ်ဆေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (ခရိုင်ရုံး-ကျောက်မဲ)မှ ခရိုင်အတွင်းရှိ အဝေးပြေးခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းများသို့ ဇွန် ၁၈ ရက်က အကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရသည်။

စိုင်း(သီပေါ)

ကားအသုံးပြုသည့်ခေတ်သို့ ပြောင်းလဲလာသော်လည်း အညာနွားဈေးကွက်မြင့်တက်ဆဲ

ရေစကြို ဇွန် ၂၄

ယခုအချိန်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလျက်ရှိသဖြင့် တောင်သူလယ်သမားအများစုသည် လယ်ယာလုပ်ငန်းများတွင် နွားများအစား လယ်ထွန်စက်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာသကဲ့သို့ မြို့တွင်းမြို့ပြင် ကုန်စည်ပို့ဆောင်ရေးတွင်လည်း ယခင်ကနွားလှည်းများ အသုံးပြုကြရာမှ ယခု ထော်လာဂျီများကို အသုံးပြုသူ များပြားလျက်ရှိရာ ရေစကြိုမြို့နယ်တွင် နွားကောင်ရေနည်းပါးလာပြီး နွားဈေးမြင့်တက်လျက်ရှိသည်ဟု သိရသည်။

ခုနစ်လသား၊ ရှစ်လသားခန့်ရှိ နွားချောနွားကောင်း တစ်ကောင်လျှင် ငွေကျပ် ၁၁ သိန်းခန့်ရှိ၍ အင်ဂျင် ၂၈ ကောင် ထော်လာဂျီတစ်စီးလျှင် ၂၂ သိန်းခန့်ရှိသဖြင့် နွားတစ်ရှဉ်း ကားတစ်စီးဟု ဆိုကြသည်ဟုသိရသည်။ နွားမွေးသူအများစုသည် နွားပိုက်ငယ်ကလေးများကို ဝယ်ယူမွေးမြူပြီး အချိန်တစ်နှစ်ခန့်ကြာ၍ ပြန်လည်ရောင်းချပါက တစ်သိန်းခန့် အမြတ်ရလေ့ရှိပြီး နွားချောနွားကောင်းဖြစ်ပါက အမြတ်ငွေကျပ် သုံးသိန်းခန့် အမြတ်ရလေ့ရှိသည်ဟု သိရသည်။ သုံးနှစ်သားအရွယ် အရပ်သုံးတောင်တစ်မိုက် ရှိသော နွားကျောပြားဖြစ်ပါက ၁၈ သိန်းခန့် တန်ဖိုးရှိသည်ဟု သိရ သည်။ နွားကို နွားပြာ၊ နွားညို၊ နွားပြာကျား၊ ကြန်စုံ စသည်ဖြင့် နွား၏အရောင်ကိုလိုက်၍ အရည် အသွေး ကွဲပြားခြားနားသကဲ့ ဈေးနှုန်းမှာလည်း ကွဲပြားသည်ဟု သိရသည်။

ထိုနွားများထဲတွင် ကြန်စုံနွားမှာ အကောင်းဆုံး ဈေးအမြင့်ဆုံးဖြစ်သည်ဟုသိရသည်။ ကြန်စုံနွား၏ အရောင်မှာ နွားပြာအနီနှင့် အနက်ကျားဖြစ်၍ ခြေလက်လေးဖက်ထိပ်ကျားဖြစ်ကာ ရေစကြိုတစ်မြို့နယ်လုံးတွင် နှစ်ကောင်ခန့်သာရှိသည်ဟု သိရပြီး ကြန်စုံနွား၏ ပေါက်ဈေးမှာ နွားကောင်းနွားချော ကြိုက်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် နွားအမျိုးအစားဖြစ်သဖြင့် ရောင်းသူဆိုဈေး ဝယ်သူပေးရလေ့ရှိသောကြောင့် တန်ဖိုးမသတ်မှတ်နိုင်လောက်အောင်ဈေးမြင့်မားသည်ဟု သိရသည်။ ယခုကဲ့သို့ စက်မှုလယ်ယာသို့ ကူးပြောင်းနေချိန်တွင်ပင် နွားဝယ်ယူမွေးမြူသူများမှာလည်း ရှိနေဆဲဖြစ်၍ နွားချောနွားလှ နွားကောင်းများအား ဈေးကောင်းပေး၍ ရှာဖွေမွေးမြူသူများမှာ လုပ်ငန်းခွင်တွင် အသုံးပြုရန် မဟုတ်ဘဲ ဝါသနာအရ ဝယ်ယူမွေးမြူကြခြင်းဖြစ်သည်ဟု သိရသည်။ နွားပိုက်မွေးမြူသူအများစုမှာ နွားပိုက်ကြီးလာပါက ဈေးကောင်းကောင်းဖြင့် ပြန်လည်ရောင်းချခြင်းဖြင့် စီးပွားရေးတွက်ခြေကိုက်ကြသည်ဟု သိရသည်။

အိမ္ဗွန်ဆွေ(ရေစကြို)

အာမခံလုပ်ငန်း အသိပညာပြန့်ပွားရေး ဟောပြော

မြစ်ကြီးနား ဇွန် ၂၄

အာမခံလုပ်ငန်းအသိပညာ ပြန့်ပွားရေးဟောပြောပွဲကို ဇွန် ၆ ရက် ညနေ ၃ နာရီက မြစ်ကြီးနားမြို့ သီတာရပ်ကွက်(ကညန)ရုံး၌ ကျင်းပရာ ယာဉ်မောင်းသင်တန်းသားများ၊ လိုင်စင်သက်တမ်းတိုးသူများ တက်ရောက်ကြသည်။ ဟောပြောပွဲတွင် ပြည်နယ်မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက သူတစ်ပါးထိခိုက်မှုအာမခံလုပ်ငန်းနှင့်ပတ်သက်သည့် နည်းဥပဒေကို ရှင်းလင်းပြောကြားခြင်း၊ မြန်မာ့အာမခံဥပဒေအရ စက်တပ်ယာဉ်ပိုင်ရှင်သည် သူတစ်ပါးထိခိုက်မှုအာမခံ မထားမနေရ ထားရှိရခြင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

စက်တပ်ယာဉ်ကြောင့် သေဆုံးခြင်း၊ ဒဏ်ရာရခြင်းတို့အတွက် နစ်နာကြေးသတ်မှတ်ချက်များ၊ မြန်မာ့အာမခံတွင် ပရီမီယံပေးသွင်းထားခြင်းမရှိသော စက်တပ်ယာဉ်ကြောင့် သူတစ်ပါးထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် သတ်မှတ်ချက်များ၊ အမှတ်မရှိ(လိုင်စင်မဲ့)မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီစသည့် ယာဉ်များကို ကိုယ်တိုင်မောင်းနှင်စဉ် ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးခြင်းတို့အတွက် သတ်မှတ်ချက်များအကြောင်းကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မိုးယံကျ(မြစ်ကြီးနား)

သတင်းတိုများ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

လဲချား ဇွန် ၂၄

လဲချားမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဇော်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ဆက်လက်၍ စခန်းမှူး ဒုရဲမှူးကျော်နိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်း၏ အကျိုးသက်ရောက်မှုနှင့် ဥပဒေပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သရုပ်ပြသမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲသို့ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြောင်း သိရသည်။

နန်းမေစုအောင်

မိုးမြေပဲခင်းများ ကြားလိုက်ပေါင်းရှင်း

မြိုင် ဇွန် ၂၄

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်ရှိ တောင်သူများ ဇွန်လဆန်းမှ မိုးရွာသွန်းမှုကြောင့် မိုးမြေပဲများစိုက်ပျိုးခဲ့ကြရာ ယခုအခါ မြေပဲပင်များ အရွက်လေးရွက်ငါးရွက် ဆင့်နေပြီဖြစ်၍ နွားရှဉ်းများဖြင့် ကြားလိုက် ပေါင်းသင်မြေဆွခြင်း၊ အလုပ်သမားများ ငှားရမ်း၍ ပေါင်းသင်မြေဆွရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြပြီဖြစ်ကြောင်း သိရသည်။

(၁၂၄)

ပွင့်ဖြူမြို့နယ်၌ သစ်ပင်စိုက်ပွဲကျင်းပ

ပွင့်ဖြူ ဇွန် ၂၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ ချည်မျှင်နှင့်အထည်စက်ရုံရှေ့ ကွင်းပြင်၌ ဇွန် ၂၀ ရက် နံနက် ၈နာရီက မိုးရာသီ သစ်ပင်စိုက်ပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးရွှေနှင့် မင်းဘူးခရိုင်သစ်တောဦးစီးမှူးတို့က အမှာစကားပြောကြားပြီး သစ်ပင်စိုက်ပွဲတော်ကို ဖွင့်လှစ်ပေးသည်။ တက်ရောက်သူ ၅၁၀ မှ ကံ့ကော်ပင်၊ စိန်ပန်းပင်၊ အော်ရီးရှား၊ ကျွန်း၊ ပျဉ်ကတိုး အပင် ၅၅၀ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူ-ခင်မောင်ဌေး

မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများပေးအပ်

မြစ်ကြီးနား ဇွန် ၂၄

မြစ်ကြီးနားမြို့နယ် သမဝါယမအသင်းစု၏ ကြီးကြပ်မှုဖြင့် သမဝါယမအသင်းသား တောင်သူများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်ရေး၂၀၁၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ သမဝါယမအသင်းလီမိတက် ၁၂ သင်းမှ အသင်းသား တောင်သူ ၄၀၆ ဦးတို့ထံသို့ တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၀၆ သိန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

ဝင်းအောင်

ဗုဒ္ဓသာသနာပြု ဈာန်တက်ဆန် သက်သတ်လွတ်
ဘုရားကျောင်းတော်ကြီး
သက်သတ်လွတ် အစားအစာပြန့်ပွားရေး
လမ်းမတော် သက်သတ်လွတ် စားသောက်ဆိုင်
Lanmadaw Vegetarian Restaurant
အမှတ် (၄၅၁) ပြည်လမ်း ကမာရွတ်မြို့နယ်။
ဖုန်း - 09250567239, 09250685497

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၁၊ မြေကွက်အမှတ် ၉၇၈ ကို မူလအမည်ပေါက် ဒေါ်မြကျင် ကိုယ်စား ဒေါ်မြမြစိမ်းမှ မြေပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် မြေချပါမစ်(အိမ်ရာဆောက်လုပ်ခွင့်မိုးမိုသူစာရင်း) ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

Camel International Co.,Ltd. ဝန်ထမ်းအမြန်အလိုရှိသည်

1.	Admin Staff (လုပ်ငန်းအတွေ့အကြုံရှိရမည်။)	ကျား	၅ ဦး
2.	Account Staff (လုပ်ငန်းအတွေ့အကြုံရှိရမည်။)	မ	၅ ဦး
3.	ယာဉ်မောင်း (လုပ်ငန်းအတွေ့အကြုံရှိရမည်။)	ကျား	၃ ဦး
4.	အရောင်းဝန်ထမ်း(အခြေခံပညာအထက်တန်းဆင့်)	မ	၁၀ ဦး
5.	အထွေထွေလုပ်သား(အခြေခံပညာအလယ်တန်းဆင့်) (နယ်မှလာသူများအတွက် နေ/စား ငြိမ်းစီစဉ်ပေးမည်။)	ကျား	၂၀ ဦး
6.	စက်ရုံကြီးကြပ် (လျှပ်စစ်လုပ်ငန်းအတွေ့အကြုံရှိရမည်။)	ကျား	၁၀ ဦး
7.	လုံခြုံရေး(လုပ်ငန်းအတွေ့အကြုံရှိရမည်။)	ကျား	၁၀ ဦး

(တာမွေနှင့်ဒဂုံဆိပ်ကမ်းမြို့နယ်တွင်း တာဝန်ထမ်းဆောင်ရန်)
အမှတ်(၇၉-ဘီ)၊ ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊
Online မှ လျှောက်လိုသူများ camelmyanmarjob@ gmail.com
ဖုန်း-၀၁-၄၃၀၆၀၁၊ ၀၁-၄၃၀၆၀၂၊ ၀၉-၇၃၁၃၅၁၁၅

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅/သမိုင်း၊ မြေကွက်အမှတ် ၂/ဓ[၈-A]၊ မြေကွက်တည်နေရာအမှတ် ၃၅H၊ သီရိရိပ်သာလမ်း၊ ၇½ မိုင်၊ မရမ်းကုန်းမြို့နယ် ဦးမောင်မောင် အမည်ပေါက် ဘီလ/န-၃၉ ဘိုးဘွားပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် ဦးမောင်မောင် ကွယ်လွန်သဖြင့် ဒေါ်ခင်မွန်အေး ၉/မရတ(နိုင်)၀၅၃၃၅၉ ကတစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ပိုင်ဆိုင်သောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၄၅၇/အေ-၁၊ မြေကွက်တည်နေရာ အမှတ် ၄၅၇-အေ-၁၊ ရတနာလမ်း (ဒေါ်ဂျူလိုင်သန်း၊ ဦးစံဝင်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံဝင်း ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ဂျူလိုင်သန်း ၁၂/ ဗဟန(နိုင်)၀၀၈၀၉၈ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/သမိုင်း)၊ မြေကွက်အမှတ် ၂၅/က၊ (အစိတ်အပိုင်း) ၁၁၄ပေ×၅၅ပေခန့်၊ မြေကွက်တည်နေရာအမှတ် ၉၂၊ ဦးရေခဲလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ နော်အော်လမ် အမည်ပေါက် ဘီမြေပိုင်မြေ လ/န ၃၉မြေအား အမည်ပေါက်ထံမှ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်၂၂၇/၂၀၁၂၊ ဇာရီမှုအမှတ် ၁၇၃/၂၀၁၂၊ အရောင်းအဝယ်စာချုပ်အမှတ် ၁၆၄၇/၂၀၁၄ (၄-၄-၂၀၁၄) တို့ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်လီဖွေးကြူး ၉/ပဥလ(နိုင်)၀၀၂၄၃၄၏ SPရရှိသူ ဦးလီဟိုက်ပျင် ၉/မမန(နိုင်)၀၈၈၈၃၁မှ S/P၊ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ်၊ တရားရုံးဒီကရီ အထောက်အထားများတင်ပြ၍ မြေကွက်ခွဲစိတ် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ် (၁၀၀၄/က)၊ မြေကွက်တည်နေရာအမှတ်(၁၀၀၄/က) ပညာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သန်းစိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်သန်းစိန်(အပျိုကြီး)ဘ၀ဖြင့် ကွယ်လွန်သဖြင့် ဒေါ်မြမြစိန် ၁၂/ဥကတ(နိုင်)၀၄၁၁၁၇က ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတို့ကိုတင်ပြ၍ ၎င်းကိုယ်စား ကိုယ်စားလှယ်လွှဲစာအမှတ် ၈၁၆၇ (၁၉-၃-၁၄)ဖြင့် အထွေထွေကိုယ်စားလှယ် ဦးလှမြင့် ၁၂/ဥကတ(နိုင်)၁၁၂၈၄၈က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂-၀၁၂ (၂၈-၃-၁၄)ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၄၊ မြေကွက်အမှတ်၁၁၅၇၊ မြေကွက်တည်နေရာအမှတ် ၁၁၅၇၊ နဝရတ်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်နိုင် ၆/မအရ(နိုင်) ၀၀၂၃၂၁၊ ဒေါ်စောလင်းမြတ် ၁၂/တမန(နိုင်)၁၀၀၁၈၇၊ ဦးမြင့်လွင် ၁၂/ဗဟန(နိုင်)၀၀၈၇၄၁ဖြစ်ပြီး ဦးမြင့်လွင်(ကွယ်လွန်)သဖြင့် ဒေါ်လှမြင့် ၁၂/ဗဟန(နိုင်)၀၀၈၇၄၀ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်လှမြင့်၊ ဦးကျော်နိုင်၊ ဒေါ်စောလင်းမြတ်တို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၈၈၅၊ မြေကွက်တည်နေရာ အမှတ် ၈၈၅၊ (၅)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးအောင်သိန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်းနှင့်ဇနီး ဒေါ်သန်းသန်းတို့ကွယ်လွန်သဖြင့် ဦးတင်ဝင်း ၁၂/ရကန(နိုင်)၀၃၄၆၄၅၊ ဦးခင်မောင်သန်း ၁၂/ဒဂရ(နိုင်)၀၂၄၅၅၇၊ ဒေါ်ခင်မိုးဆွေ ၁၂/ရကန(နိုင်)၀၃၄၈၆၈၊ ဒေါ်စံပါယ်အောင် ၁၂/ဒဂရ(နိုင်)၀၂၅၂၈၈တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်၊ သေစာရင်း နှစ် ၆၀ ဂရန်ပျောက်ဆုံးကြောင်းကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များ တင်ပြ၍ ၎င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၅၆၂(၃၀-၄-၂၀၁၄)ဖြင့်ရရှိသူ ဦးဇော်ထွန်းလင်း ၉/မထလ(နိုင်)၁၈၈၉၃၇မှ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သတင်းတိုများ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေး တာချီလိတ်တွင် အသိပညာပေးဟောပြော

တာချီလိတ် ဇွန် ၂၄

တာချီလိတ်မြို့ ရွှေတာချီတက္ကစီယာဉ်မောင်း ၅၆ ဦးအား သတ်မှတ်ယာဉ်မောင်းလိုင်စင်များဖြင့် မောင်းနှင်စေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဆောင်ရန် ရှောင်ရန်အချက်များ၊ လမ်းညွှန်အမှတ်အသားနှင့် ယာဉ်မတော်တဆမှု၏ အန္တရာယ်ဖြစ်ပွားမှုများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ အမှတ်(၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စု တပ်စိပ်(၂)မှ တပ်စိတ်မှူး ရဲအုပ်ကျော်ဇေယျနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ဇွန် ၂၂ ရက်တွင် တပ်စိတ်ရုံး၌ ပရိုဂျက်တာဖြင့်ပြသ အသိပညာပေးဆွေးနွေးကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

ပြင်ဦးလွင်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပြင်ဦးလွင် ဇွန် ၂၄

ပြင်ဦးလွင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း အမှတ်(၅) ကျောင်းဝင်းအတွင်း မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ရက်က ကျင်းပခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးစိုင်းရွက်ဆိုင်နှင့် သစ်တောဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီနှင့် အမျိုးသမီးရေးရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အင်အား ၃၆၀ တက်ရောက်ကာ ချယ်ရီပင် ၁၂၀၊ ခါတော်မှိပင် ၁၅၀၊ ထင်းရှူးပင် ၁၃၀ စုစုပေါင်းပျိုးပင် ၄၀၀တို့ကို စိုက်ပျိုးခဲ့ကြသည်။ **(၄၃၂)**

တယ်လီနောမြန်မာ၏ မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများ မြင်းမူမြို့၌ ဒေသခံလူထုကို အသိပေး

မြင်းမူ ဇွန် ၂၄

မြန်မာနိုင်ငံ၏ မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းလိုင်စင် ရရှိထားသည့် တယ်လီနောမြန်မာက ဆောင်ရွက်မည့် မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများ အသိပေးရှင်းလင်းပွဲ အခမ်းအနားကို ဇွန် ၂၀ ရက်က မြင်းမူမြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

တယ်လီနောမြန်မာမှ ပြည်သူ့ဆက်ဆံရေးအရာရှိ ဦးသိန်းထွန်းလှက တယ်လီနောမြန်မာ၏လုပ်ငန်းလိုင်စင်သက်တမ်းမှာ ၁၅ နှစ်ဖြစ်ပြီး လာမည့်စက်တင်ဘာလမှစ၍အင်တာနက် ပါဝင်သော မိုဘိုင်းဆင်းကဒ်တစ်ခုကို ၁၅၀၀ ကျပ်နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း၊ မိုဘိုင်းဖုန်းခေါ်ဆိုခကိုလည်း တစ်မိနစ်လျှင် ၂၅ ကျပ်နှုန်း သတ်မှတ်ထားပါကြောင်း၊ ငါးနှစ်အတွင်း မြန်မာတစ်နိုင်ငံလုံး မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများ လုံးဝလွှမ်းခြုံနိုင်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် စတင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြင်းမူမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်စိုးဖေ**(iprd)

ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရှင်းလင်း

ကျောက်မဲ ဇွန် ၂၄

ရှမ်းပြည်နယ် ကျောက်မဲမြို့တွင် မြို့အတွင်းရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် အမှိုက်များရှင်းလင်းခြင်း၊ နုန်းမြေများရှင်းလင်းခြင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ဝိုင်းဝန်းပူးပေါင်း၍ ဇွန် ၂၀ ရက်က ဆောင်ရွက်ခဲ့သည်။

ရေမြောင်းများရှင်းလင်းခြင်းကို ယခုအပတ်တွင် အမှတ်(၂)ရပ်ကွက်၊ အမက(၈)မိုင်ဆုံကျောင်းမှ နမ့်တုံအထိ ဆောင်ရွက်မည်ဖြစ်ပြီး ရေမြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး သန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သော စက်ယန္တယားများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။ ရှင်းလင်းခြင်းလုပ်ငန်းတွင် လိုအပ်သော ဖိနပ်အရံ ၂၀၀ နှင့် လက်အိတ်များကို ကျားငါးကောင် တိုင်းရင်းဆေးမှ ဦးသန်းမောင်က လှူဒါန်းပေးခဲ့ပြီး ခိုမုန်းကျေးရွာမှ ရွာသူရွာသား ၆၀ ဦးကလည်း လုပ်အားကူညီပေးခဲ့ကြသည်။ **သိန်းသန်း**(iprd)

ဝမ်းတွင်းမြို့နယ်တွင် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များ လွှဲပြောင်းပေးအပ်

ဝမ်းတွင်း ဇွန် ၂၄

ကျေးလက်ဒေသများတွင်စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်များ တိုးပွားရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ လှူဒါန်းသော စာအုပ်များအား ကျေးရွာစာကြည့်တိုက်များသို့ လွှဲပြောင်းပေးအပ်ပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝမ်းတွင်းမြို့နယ်ရုံးခန်းမတွင် ဇွန် ၁၉ ရက်က ကျင်းပသည်။

မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်စွာလင်းက တိုင်းပြည်တစ်ပြည်တွင် စာရေးသူစာဖတ်သူများပြားလာပါက စာပေမြင့်မားလာမည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းအလေ့အထသည် စာတတ်ပေတတ်ပညာတတ် အကျော်အမော်များ နိုင်ငံနှင့်အဝန်းပေါ်ထွန်းလာခြင်းဖြင့် လူမျိုးတင့်မည်ဖြစ်ပါကြောင်း လူတိုင်းစာဖတ်အားကောင်းပါက စာပေအသိပညာ ဗဟုသုတ များတိုးပွားလာကာ အကောင်းအဆိုးအကြောင်းအကျိုး ဝေဖန်ခြားနားနိုင်စွမ်းတိုးတက်ပြီး လုပ်ကိုင်မှုစွမ်းရည် တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ဆောင်ရွက်ကြပါရန် ပြောကြားသည်။

မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ စာပေဖတ်ရခြင်း၏အကျိုးကျေးဇူးများနှင့် စာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသော စာအုပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သက်ဆိုင်ရာ ကျေးရွာစာကြည့်တိုက်များသို့ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသော စာအုပ်များကို လွှဲပြောင်းပေးအပ်သည်။

ကျေးရွာစာကြည့်တိုက်လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရန် မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက် ၇၂ တိုက်အတွက် မြို့နယ်ရုံးမှ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းသို့ သွားရောက်ထုတ်ယူ၍ လွှဲပြောင်းပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ဝင်းနွယ်စံ(ဝမ်းတွင်း)**

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ် ညလ-၅၇၀၊ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် မွန်ပြည်နယ်၌ အမှတ်အများဆုံး ပထမဆုရရှိခဲ့သည့် ဒေါက်တာတင်ဌေး(မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြိုင်ကလေး-ဘားအံ)နှင့် ဒေါ်ဖြူဖြူခိုင်(တရားရေးအရာရှိ-ငြိမ်း)တို့၏သမီး မနှင်းပွင့်ဖြူအတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဘိုးဘိုး-ဦးခင်ရွှေ၊ ဘွားဘွား-ဒေါ်ငွန်အေး
အန်တီဒေါ်နီနီလွင်(ကထိက၊ သတ္တဗေဒဌာန၊ မော်လမြိုင်တက္ကသိုလ်)
ရွှေစံပယ်ဘော်ဒါဆောင်၊ မော်လမြိုင်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၃၉၊ မြေကွက်တည်နေရာအမှတ် ၃၉၊ စည်ပင်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးလှသွင် CE-၀၆၂၅၄ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဦးလှသွင်ကွယ်လွန်၍ ဒေါ်စိန်စိန် ၁၂/ဒဂန(နိုင်)၀၀၉၁၆၃မှ တရားဝင်တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ၄င်းထံမှ GP No. ၁၄၀၂၇/၂၆-၅-၁၄ဖြင့်ရရှိသူ ဒေါ်ရွှေစင် ၉/မရတ(နိုင်)၁၀၄၄၉၉မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/၁)၊ မြေကွက်အမှတ် ၁၅၀ကို မူလအမည်ပေါက် ဦးဝင်းနိုင်ကိုယ်စား ဒေါ်ဝင်းမြင့်တင်မှ မြေပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း) ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၅)၊ မြေတိုင်း(၁၇)ရှိ မြေကွက်(၁၀၆၀) ပိုင်ဆိုင်သူ ဦးရဲရွှေ ၇/ပခန(နိုင်)၁၈၈၉၃၄ ၏ မြေပေးမိန့်ပျောက်ဆုံး၍ ပြန်လည် လျှောက်ထားလာသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းပြ၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက မြေပေးမိန့်(မိတ္တူ)အား ထုတ်ပေးရေးဆောင် ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ် ၁၇၄၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၇၄၄/ခ၊ ရွှေမေတ္တာလမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်ခင်မေ အမည်ပေါက် နှစ် ၆၀ဂရန် မြေအား အမည်ပေါက် ဒေါ်ခင်မေ(မိခင်)နှင့် ဦးမောင်ကြည်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးအောင်ကျော်စိုး ၁၄/ပသန(နိုင်)၀၀၃၁၃၇မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ်၇၆/က၊ မြေကွက်တည်နေရာအမှတ်၇၆/က၊ မြို့မ၁၄လမ်း၊ ၄/မြောက်၊ သာကေတမြို့နယ် ဦးဝေလီအာမက်(ခ)ဦးအေးမောင် အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးဝေလီအာမက်(ခ)ဦးအေးမောင်(ဖခင်)၊ဒေါ်စန်းစန်းရီ(ခ)ဒေါ်အလီမာဘီ(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော (၁)ဦးလှဝင်း၁၂/သကတ(နိုင်)၁၃၁၉၂၃၊(၂)ဦးတင်ဝင်း ၁၂/သကတ(နိုင်)၁၃၃၆၄၃၊ (၃)ဦးကြည်ဝင်း ၁၂/သကတ(နိုင်) ၁၃၃၆၄၄၊ (၄)နုဆင်းသဲ(ခ)ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၁၃၃၆၄၅၊ (၅)ဆာဂျီရာ(ခ)ဒေါ်လှလှရီ ၁၂/သကတ(နိုင်) ၁၃၃၆၄၆၊ (၆) ဦးသန်းဝင်း ၁၂/သကတ(နိုင်) ၁၃၁၃၂၈၊ (၇)ဦးဆန်းဝင်း ၁၂/သကတ(နိုင်) ၁၃၉၅၅၃တို့က သေစာရင်း၊ ဂရန်ပြေစာ၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

Easy Rider Motorbike Co.,Ltd. လက်အောက်ရှိ ဆိုင်ကယ်အရောင်းပြခန်းများတွင် လိုအပ်လျက်ရှိသော မန်နေဂျာနှင့် အရောင်းစာရေးရာထူးများအတွက် အောက်ဖော်ပြပါအရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်သည်။

(၁) **မန်နေဂျာ** (ပုသိမ်အရောင်းပြခန်း-ကျား-၁ ဦး)၊
(ထားဝယ် အရောင်းပြခန်း ကျား-၁ဦး)၊
(မြောက်ဥက္ကလာ အရောင်းပြခန်း-ကျား-၁ဦး)

(၂) **အရောင်းစာရေး** (မြောက်ဥက္ကလာ အရောင်းပြခန်း ကျား-၁ ဦး၊ မ-၁ဦး)

အမှတ်စဉ်(၁)အတွက် တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ ဖြစ်ရမည်၊ အသက် (၃၀)မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။ Sales and Marketing အတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည်။ ရပ်ရည်သန့်ပြန့်ပြီး လူမှုဆက်ဆံရေး အထူးကောင်းမွန်သူ ဖြစ်ရမည်။ မော်တော်ဆိုင်ကယ်နှင့် ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။

အမှတ်စဉ်(၂)အတွက် အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက် (၂၀)မှ (၃၅)နှစ်အတွင်း ဖြစ်ရမည်၊ Sales and Marketing အတွေ့အကြုံရှိရမည်။ ရုပ်ရည်သန့်ပြန့်ပြီး လူမှုဆက်ဆံရေးအထူးကောင်းမွန်သူ ဖြစ်ရမည်။ မော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။

အထက်ဖော်ပြပါအချက်များနှင့် ကိုက်ညီသူများသည် သက်ဆိုင်ရာမြို့နယ်ရှိ အရောင်းပြခန်းများတွင် သွားရောက်၍ ရပ်ကွက်၊ ရဲစခန်းတို့မှ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာ၊ ကိုယ်ရေးအချက်အလက်ပုံစံများနှင့်အတူ ၁၀-၇-၂၀၁၄ရက်နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(ပုသိမ် အရောင်းပြခန်း) **အမှတ်(၇၅)၊ အမှတ် (၂)ရပ်ကွက်၊ ကမ်းနားလမ်း၊ ပုသိမ်မြို့။**
(ထားဝယ် အရောင်းပြခန်း) **အမှတ်(၂၁)၊ အာဇာနည်လမ်း၊ ကရပ်ပြင်တောင်ရပ်ကွက်၊ ထားဝယ်မြို့။**
(မြောက်ဥက္ကလာ အရောင်းပြခန်း) **အမှတ် (၆၇၆)၊ သုဓမ္မာလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ခုတင် ၁၀၀ ဆံ့ စံကိုက်ပြည်သူ့ဆေးရုံ ရေဦးမြို့တွင် ဆောက်လုပ်

ရေဦး ဇွန် ၂၄

ရွှေဘိုခရိုင် ရေဦးမြို့နယ် ဆေးရုံကို ကျန်းမာရေးဦးစီးဌာနက ခုတင် ၁၀၀ ဆံ့ စံကိုက်ပြည်သူ့ဆေးရုံကြီး အဖြစ် တိုးမြှင့်တည်ဆောက်လျက်ရှိရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဆေးရုံ၏ အဆောက်အအုံပုံစံမှာ အလျား ၁၃၄ ပေ၊ အနံ ၅၆ ပေ၊ အမြင့် ၄၁ ပေ၊ အခန်း ၁၆ ခန်းရှိ အာရ်စီနှစ်ထပ် လူနာဆောင်ဖြစ်ပြီး မြတ်သီရိဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူကာ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုလတ်က ပြောသည်။

ထို့အတူ သာထက်သာကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်လျက်ရှိသည့် အခန်း ၂၃ ခန်းပါ အာရ်စီနှစ်ထပ်ပြင်ပ လူနာဆောင်သစ်ကိုလည်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က စတင်ဆောက်လုပ်ခဲ့ရာ အောက်ထပ်အုတ်စီခြင်း၊ ကျည်းပေါင်ထောင်ခြင်း၊ အပေါ်ထပ်တွင် ထုတ်၊ လျှောက်များ သံဆင်ခြင်းနှင့် ပုံစံဆင်ခြင်းလုပ်ငန်းများ ၆၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ခံအင်ဂျင်နီယာ ဒေါ်ဝင်းမာလေးက ပြောသည်။

အဆိုပါဆေးရုံ ဆောက်လုပ်မှုတွင် နှစ်ထပ်လူနာဆောင်အတွက် ကုန်ကျငွေ ၃၄၃ ဒသမ ၉၂ သန်း၊ တိုးချဲ့နှစ်ထပ်လူနာဆောင်အတွက် ကုန်ကျငွေ ၃၄၉ ဒသမ ၃၅၃ သန်း၊ စုစုပေါင်း ၇၉၂ ဒသမ ၄၄၅ သန်း ခန့်ကုန်ကျမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး နှစ်အလိုက်စီမံကိန်းများအရ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး မြှင့်တင်ဆောင်ရွက်မှုလုပ်ငန်းများအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်နေခြင်း ဖြစ်ကြောင်း သိရသည်။ **သန်းထိုက် (ရေဦး)**

CP ပြောင်းဖူးစေ့ဈေးတက်၍ တောင်သူများဈေးကောင်းရ

မြင်းခြံ ဇွန် ၂၄

CP ပြောင်းဖူးစေ့များ ယခုတစ်ပတ်အတွင်း ဈေးမြင့်တက်လာသဖြင့် မြင်းခြံမြို့နယ်ရှိ ပြောင်းဖူးစေ့စိုက်ပျိုးသူများ ဈေးကောင်းရ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

CP ပြောင်းဖူးစေ့သည် ယခင်တစ်ပတ်က တစ်ပြည်လျှင် ၃၈၀ ကျပ်ခန့်သာ ဈေးပေါက်ရာမှ ယခုတစ်ပတ်အတွင်း တရုတ်နိုင်ငံဝယ်လက်မှ ဝယ်ယူမှုများပြားလာသဖြင့် တစ်ပြည်လျှင် ၄၅၀ ကျပ်သို့ မြင့်တက်လာကာ ပြောင်းဖူးစိုက်ပျိုးသော မြင်းခြံနယ်မှတောင်သူများ ဈေးကောင်းရပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။ မြင်းခြံမြို့ ကုန်စည်ဒိုင်များတွင် နေ့စဉ် CPပြောင်း ပိဿာချိန်တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ကြောင်းကိုလည်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။ CP ပြောင်းအပြင် ဆီထွက်သီးနှံ များဖြစ်သော နှမ်းဈေးနှုန်းများလည်း မြင့်တက်နေသဖြင့် ရေသွင်းနှမ်း စိုက်သော တောင်သူများလည်း ဈေးကောင်းရလျက်ရှိသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

ရွှေပါရမီပရဟိတကျောင်း တက္ကသိုလ်ဝင်တန်းအောင် ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်

မြစ်ငယ် ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ ဥယျာဉ်တော်ကျေးရွာ ရွှေရန်ကင်းကျောင်းတိုက်ရှိ ရွှေပါရမီပရဟိတ ပညာသင်ကျောင်းတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ဂုဏ်ထူးရထူးချွန်ကျောင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက်က ရွှေညီကို ကျောင်းဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေညီကိုဆရာတော် ဘဒ္ဒန္တဝရဒီပနှင့် ဘဒ္ဒန္တဝရတေဇတို့က သြဝါဒစကားမိန့်ကြားပြီး မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ (ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း))ဦးဝင်းမောင်က ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ထို့နောက် ရွှေပါရမီပရဟိတ ပညာသင်ကျောင်းမှ တာဝန်ခံဆရာ ဦးတင့်လွင်က ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အောင်မြင်မှုအခြေအနေနှင့် ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းသားဦးရေနှင့် အောင်မြင်ရေးဆိုင်ရာ စီမံထားမှုအခြေအနေများကို ရှင်းလင်းခဲ့သည်။

ထို့နောက် တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရ မနန္ဒာလှိုင်၊ တစ်ဘာသာဂုဏ်ထူးရ မောင်သီဟအောင်အပါအဝင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၂၉ဦးနှင့် နဝမတန်းအောင်မြင်သူ ၂၅ဦးတို့ကို ဆုချီးမြှင့်ခဲ့ကာ ဂုဏ်ထူးများဖြင့် အောင်မြင်အောင် စွမ်းဆောင်သင်ကြားပေးခဲ့သော ဆရာ ဆရာမများကိုလည်း ဂုဏ်ပြုဆုများပေးအပ်ခဲ့သည်။ ရွှေပါရမီပရဟိတ ပညာသင်ကျောင်းမှ တက္ကသိုလ်ဝင်တန်းဖြေဆိုသူ ၈၆ ဦးရှိပြီး အောင်မြင်သူ ၂၉ ဦးရှိကြောင်း သိရသည်။ **နွေနဒီ**

ကျွမ်းကျင်မှု ဒီပလိုမာသင်တန်း ဝင်ခွင့်စာမေးပွဲကျင်းပ

ပုသိမ် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်း ဝင်ခွင့်စာမေးပွဲကို ပုသိမ်မြို့ ကျောင်းများတွင် ဇွန် ၂၀ရက်က စစ်ဆေးခဲ့သည်။

စာမေးပွဲများကို ပုသိမ်မြို့၊ အ. ထ. က(၁)၊ အ. ထ. က(၂)၊ အ. ထ. က(၃)၊ အ. ထ. က(၄)၊ အ. ထ. က(၅)၊ အ. ထ. က(၆)၊ နှင့် အ. လ. က(၁) တို့တွင်စစ်ဆေးခဲ့ခြင်းဖြစ်ကာ နံနက် ၉ နာရီမှ ၁၁ နာရီအထိ အင်္ဂလိပ်စာနှင့် နေ့လည် ၁ နာရီမှ ၃ နာရီအထိ အထွေထွေဗဟုသုတဘာသာများကို စစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဝင်ခွင့်ဖြေဆိုသည့် စာဖြေနေရာများသို့ ပုသိမ်ခရိုင်ပညာရေးမှူး ဦးဉာဏ်သိန်းနှင့် တာဝန်ရှိသူများကလိုက်လံကြည့်ရှုခဲ့ကြပြီး ကျွမ်းကျင်မှုဒီပလိုမာ ဝင်ခွင့်စာမေးပွဲများကို ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံနှင့် လပွတ္တာ ခရိုင်တို့တွင်လည်း တစ်ပြိုင်တည်းကျင်းပခဲ့ကြောင်း သိရသည်။ စာမေးပွဲဖြေဆိုထားသူများသည် ဝင်ခွင့်စာမေးပွဲအောင်မြင်ပါက ဆရာဖြစ်သင်တန်းကို ပုသိမ်၊ မြောင်းမြ၊ ဘိုကလေး ပညာရေးကောလိပ်များတွင် သင်တန်းတက်ရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

ကော့သောင်း ဇွန် ၂၄

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ခွဲ ရပ်ကွက်များအတွင်း ဇွန် ၁၉ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် မြို့နယ်ခွဲကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ခွဲ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း ဖုံးသွန်လဲစစ် လုပ်ငန်းများသရုပ်ပြဆောင်ရွက်ပညာပေးခြင်း၊ ပိုးလောက်လန်းမပေါက်ဖွားရေးအတွက် အိမ်များရှိသောက်သုံးရေးထားသိုသည့်နေရာများ၊ ဘုရားပန်းအိုးများအား ဖုံးအုပ်လဲလှယ်ရေး၊ အိမ်ဝန်းကျင်ရေမဝပ်စေရေး ရေနုတ်မြောင်းများရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ပညာပေးရှင်းလင်းပြောကြားခြင်း၊ ကလေးများ ရောဂါမဖြစ်ပွားရေးအတွက် နေ့လည်အချိန်အိပ်စက်ပါက ခြင်ထောင်ဖြင့် အိပ်စက်ကြရေးစသည့် အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝါဆိုသင်္ကန်းကပ်အလှူဖိတ်ကြားခြင်း

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၇၇ ခုနှစ် (မတ်/နိုဝင်ဘာလ) ကျောင်းဆင်းသူငယ်ချင်းများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်အလှူကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိသားစုနှင့်အတူ မပျက်မကွက်လာရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရက် - ၂၉-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉ နာရီမှ ၁၂ နာရီအထိ
ကျင်းပမည့်နေရာ - မိုးညှင်းဝိပဿနာကျောင်းတိုက် ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုရေးကူညီမှုအသင်း ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်းလုံးကျွတ်နှစ်ပတ်လည်အစည်းအဝေး

ဖိတ်ကြားလွှာ

အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုရေးကူညီမှုအသင်း၏ ပထမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၄ခုနှစ် ဇူလိုင်လ ၁၂ရက်၊ (စနေနေ့) နံနက် ၉း၃၀နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ မိမိဌာနနှင့် မိတ်ဖက်ဆောင်ရွက်နေသည့် လုပ်ငန်းရှင်ကြီးများအားလုံးအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)

အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ဦးမင်းသိမ်း ဖုန်း-၀၉-၄၃၁၁၇၅၉၃၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉-၇၃၁၂၅၈၉၂၊ ဦးသန်းအောင် ဖုန်း-၀၉-၄၅၀၀၀၆၈၈၁၊ ဒေါ်ခင်ဝင်း ဖုန်း-၀၉-၄၀၀၀၀၀၁၂၃၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၀၀၂၄၀၉ သို့ ဆက်သွယ်လှူဒါန်းကြပါရန်။

(နံနက်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။) **အလုပ်အမှုဆောင်အဖွဲ့**

အနူးအညွတ်တောင်းပန်ခြင်း

ကျွန်တော် ဒုအရာခံဗိုလ်မြင့်ဇော် (ကကထူး)(အငြိမ်းစား)သည် ၂၀၁၄ ခုနှစ် ဇွန်လ ၈ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ(၈)တွင် ကျွန်တော်၏ ဗိုလ်လောင်းဝင်ခွင့်သင်တန်းကြော်ငြာကို 'ဥယျာဉ်မှူးဗိုလ်လောင်းဝင်ခွင့် ဒုအရာခံဗမြင့်ဇော်ဦး (ကကထူး)မှ အနီးကပ်ကြီးကြပ်သည်၊ အမှတ်(၈) ပထမထပ်၊ သမိန်ဗရမ်းလမ်း၊ ရွှေဗဟိုအထူးကုဆေးရုံရှေ့၊ တာမွေ၊ အမှတ်(၂၇)၊ ဒဂုံ(တောင်/မြောက်)လမ်းဆုံ၊ ဒဂုံတောင်ရဲစခန်းရှေ့၊ ဖုန်း-၀၉-၅၁၁၄၈၀၄၊ ၀၉-၄၂၀၀၄၈၀၀ (ဘော်ဒါလက်ခံသည်)'ဟု ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးတွင် လက်ရှိတာဝန်ထမ်းဆောင်နေသကဲ့သို့ မှားယွင်းစွာဖော်ပြခဲ့မှုအား ခွင့်လွှတ်ပေးပါရန် အနူးအညွတ်တောင်းပန်အပ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးဘိုးထွန်းလမ်း၊ အမှတ်(မ/၅၄-၁၂၀၆)ဟုခေါ်တွင်သော ခြံမြေကွက်အကျယ်အဝန်း (အလျား ၆၈ပေ×အနံ ပေ၂၂၀)ကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီလကတည်းက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်မော်မော် ၁၂/လမန(နိုင်)၁၀၅၆၀၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ပြီး ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းကြည် (စဉ်-၂၆၄၆)
ဒေါ်ဇာကြည်မွန် (စဉ်-၈၆၉၉)
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၂၀၊ အဝေရာလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၄၂၀၁၈၇၇၀၀

အများသိစေရန် သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘုရားလမ်း၊ အမှတ် ၈၆ နေ ဒေါ်အေးအေးကြူ ၁၂/လမန(နိုင်)၀၂၄၁၇၅ ၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်သန္တာဦး ၁၂/လမန(နိုင်)၁၀၅၉၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

မရမ်းကုန်းမြို့နယ်၊ အကွက်အမှတ် ၁၁(သမိုင်း)၊ ဦးပိုင်အမှတ် ၁၂/ခ၊ ဧရိယာ ၃ဒသမ ၆၇၄ဧက မြေကွက်သည် မရမ်းကုန်းမြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့ ၂၈-၆-၁၉၇၆ ရက်စွဲပါစာအမှတ် ၉၇၀/၂-မြေယာ/၇၆အရ ၁၉၅၃ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေပုဒ်မ ၃(ခ)တွင် ပြဋ္ဌာန်းထားသော လယ်ယာမြေဟူသည့်စကားရပ်နှင့် အကျုံးမဝင်သည့်အပြင် ယင်းဥပဒေပုဒ်မ(၄)အရ တားမြစ်ခြင်းနှင့်လည်း အကျုံးမဝင်ပါကြောင်း ဖော်ပြ၍ အိမ်ရာမြေအဖြစ် အသုံးပြုခွင့်ရရှိထားသည့် မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်ကို ဒေါ်အုံးခင် အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဒေါ်အုံးခင်ကွယ်လွန်ပြီးနောက် ဒေါ်အုံးခင်၏ တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်စန်းမြင့်နှင့် ၎င်း၏ခင်ပွန်း ဦးထွန်းရီတို့က အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ ဦးထွန်းရီနှင့်ဇနီး ဒေါ်စန်းမြင့်တို့ ကွယ်လွန်ခဲ့ကြပြီးနောက် ယခုအခါ ၎င်းတို့၏တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်အေးအေးကြူက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ပါသည်။

မရမ်းကုန်းမြို့နယ်၊ ၁ ရပ်ကွက်၊ သမိုင်းမြို့သစ်ရှိ

- အရှေ့လားသော် - ပေါ်ဆန်းမွှေးလမ်း
- အနောက်လားသော် - မနော်ဟရီလမ်း
- တောင်လားသော် - မြို့သစ်(၁)လမ်း
- မြောက်လားသော် - မြို့သစ်(၂)လမ်း၊ နယ်လေးရပ်အတွင်းရှိ မြေကွက်များသည်လည်း အထက်ဖော်ပြပါမြေကွက်တွင်ပါဝင်သော မြေကွက်များဖြစ်၍ ဒေါ်အေးအေးကြူတစ်ဦးတည်း အမွေဆက်ခံပိုင်သည့် မြေကွက်များဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပိုင်ရှင်ဖြစ်သူ ဒေါ်အေးအေးကြူ၏ သဘောတူခွင့်ပြုချက်မရဘဲ အဆိုပါမြေကွက်များကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းလွှဲပြောင်းခြင်းနှင့် မြေကွက်များပေါ်ရှိ ယာယီအဆောက်အအုံများကို အခိုင်အမာတိုးချဲ့ဆောက်လုပ်ခြင်း၊ အခန်းပေးအခန်းယူ ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်း၊ အခြားနည်း အခိုင်အမာအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ မပြုလုပ်ရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

PIONEER LAW FIRM
ဦးစိုးမောင် (မရမ်းကုန်း)၊ တရားလွှတ်တော်ရှေ့နေ
B.A, H.G.P, R.L, D.B.L D.M.L, D.I.L., D.A.psy
အမှတ် ၁၅၁၊ ၃၈ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၂၀၄၈၃၄

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြန်မာဝီကီပီးဒီးယားကို အခမဲ့ဖတ်နိုင်ရန် တယ်လီနောဆောင်ရွက်မည်

ရန်ကုန် ဇွန် ၂၄

ကမ္ဘာ့အကြီးဆုံး အွန်လိုင်းစွယ်စုံကျမ်းဖြစ်သည့် ဝီကီပီးဒီးယားဝက်ဘ်ဆိုက် (wikipedia.org)ကဲ့သို့ မြန်မာဘာသာဖြင့် ရေးသားသည့် စွယ်စုံကျမ်းဝက်ဘ်ဆိုက်ကို အခမဲ့ဖတ်ရှုနိုင်ရေးအတွက် Wikimedia Foundation, Myanmar Wikipedia Community တို့နှင့် ပူးပေါင်း၍ တယ်လီနောက ဆောင်ရွက်သွားမည်ဖြစ်ကာ ဒီဂျစ်တယ် စာမျက်နှာများ ဖန်တီးနိုင်ရန် ပထမဆုံးအကြိမ် ပူးတွဲအလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၁ ရက်က ပြုလုပ်ခဲ့ကြောင်း တယ်လီနော မြန်မာ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"တယ်လီနောအသုံးပြုသူတွေအတွက် Wikipedia ကြည့်ရှုရာမှာ အင်တာနက်အသုံးပြုခ ကောက်ခံခြင်းမပြုဘဲ အခမဲ့ ကြည့်ရှုနိုင်ရန် စီစဉ်ထားပါတယ်။ တယ်လီနောနဲ့ တယ်လီနော ဝန်ထမ်းတွေက Wikipedia မှာ မြန်မာစာနဲ့ စာမျက်နှာများဖန်တီးရေးသားနိုင်ရေးအတွက် တက်ကြွစွာ ပါဝင်ပံ့ပိုးလျက်ရှိပါတယ်။ The Wikimedia Foundation နဲ့ The Myanmar Wikipedia Community တို့နဲ့ လက်တွဲဆောင်ရွက်မှုကို စတင်နိုင်တဲ့အတွက် ဝမ်းမြောက်ပါတယ်"ဟု တယ်လီနောမြန်မာ CEO Mr. Petter Furberg က အလုပ်ရုံ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မြန်မာဘာသာဖြင့် Wikipedia စာမျက်နှာ my.wikipedia.org ကို The Myanmar Wikipedia Community က ဖန်တီးခြင်းဖြစ်ကာ မြန်မာဘာသာဖြင့် ဆောင်းပါး ၃၀၀၀၀ နီးပါးရှိသည်။ မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်မည့် စာမျက်နှာများကို တိုးတက်ဖန်တီးနိုင်ရန်အတွက် ဘာသာပြန်ရန်လိုအပ်သည့် ဒစ်ဂျစ်တယ်စာမျက်နှာများကို ခွဲခြားသိရှိခြင်း၊ ရေးပြီး ဆောင်းပါးများကို ပြန်လည်ပြင်ဆင်နည်း နှင့် Wikipedia community သို့ အသစ်ဝင်ရောက်လာသော အသင်းဝင်များကို သင်ကြားပေးနည်းတို့ကို အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပထမဦးဆုံး Wikipedia ရေးသားသူများတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး တယ်လီနောမြန်မာနှင့် လက်တွဲကာ အလုပ်ရုံဆွေးနွေးပွဲကို ဆောင်ရွက်ခဲ့သည့် ဦးငွေထွန်းက "မြန်မာနိုင်ငံမှာ မြန်မာဘာသာနဲ့ အင်တာနက်စာမျက်နှာတွေ လိုအပ်နေပါတယ်။ မြန်မာလူထုအသိုင်းအဝိုင်းက ဝိုင်းဝန်းပါဝင်ပြီး စာရေးသားပေးတဲ့သူတွေ တိုးလာအောင် ရည်ရွယ် ဆောင်ရွက်နေပါတယ်။ စာရေးသူများလာလေလေ အင်တာနက် ဆောင်းပါးတွေ များလာလေလေပါပဲ။ Wikipedia သုံးတာလည်း ပိုများလာတာပေါ့။ လူ့အသိုင်းအဝိုင်းအတွက် လူ့အသိုင်းအဝိုင်းကပဲ ကိုယ်တိုင်ပါဝင်ဆောင်ရွက်တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အသိပညာဆိုတာ စွမ်းအားတစ်ခုဖြစ်ပြီး Wikipedia က ယုံကြည်စိတ်ချရတဲ့၊ အသုံးဝင်တဲ့၊ ဘက်မလိုက်တဲ့ သတင်းအချက်အလက်တွေကို ရနိုင်ပါတယ်"ဟု ဦးငွေထွန်းက ပြောသည်။

Wikipedia သည် လုပ်အားပေးစာရေးသူ (volunteer author) များ ရေးသားထားသော ဆောင်းပါး သန်း၃၀ ကျော်ရှိပြီး ဘာသာ ၂၈၇ မျိုးဖြင့် ရေးသားထားသည့် ဝက်ဘ်ဆိုက်ဖြစ်ကာ တစ်လတွင် ဝင်ရောက်ကြည့်ရှုသူ သန်း ၄၉၀ ကျော်ရှိပြီး ကမ္ဘာပေါ်တွင် လူကြည့်အများဆုံး အင်တာနက် စာမျက်နှာများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ တယ်လီနော အသုံးပြုသူများသည် Wikipedia ကြည့်ရှုရာတွင် အင်တာနက် အသုံးပြုခ ပေးရန်မလိုဘဲ စက်တင်ဘာလ ဝန်ဆောင်မှုစတင်သည့် အချိန်မှစ၍ အသုံးပြုနိုင်မည်ဟု သိရသည်။

သွန်းဝသန်

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မဲဇလီကျေးရွာ အ.ထ.က (ခွဲ) ကျောင်းအား အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်း ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၂ ရက်က ကျင်းပခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး၊ ဒုတိယ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းကော်မတီဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်

ထွန်း(ပွင့်ဖြူ)

သတင်းတိုများ

မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်စိုက်ထူဖွင့်လှစ်

ရန်ကုန် ဇွန် ၂၄

၂၀၁၄ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန် ၂၀ ရက်က ကမ္ဘာအေးဘုရားလမ်းနှင့် ဦးထောင်ဗိုလ်လမ်းထောင့်၊ ဗဟန်းမြို့နယ်တွင် ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်အေးနွယ်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **သန္တာမေ**

သာသနာ့ရောင်ခြည်အသင်း အဘိဓမ္မာသင်တန်းဖွင့်

သထုံ ဇွန် ၂၄

သထုံမြို့ သာသနာ့ရောင်ခြည်အသင်းကြီးမှ နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော အဘိဓမ္မာ သင်တန်းဖွင့်ပွဲကို ဇွန် ၁၉ ရက်က ရွှေစာရံစေတီတော်ဝင်းအတွင်းရှိ အသင်းဓမ္မာရုံတွင်ကျင်းပခဲ့ပြီး သင်တန်းတွင် အခြေခံအဘိဓမ္မာ၊ ဂုဏ်ထူးဆောင်အဘိဓမ္မာ(ဋီကာကျော်)နှင့် ဝိသုဒ္ဓိမဂ်ဘာသာရပ်တို့ကို လွယ်ကူရှင်းလင်းသောနည်းလမ်းများဖြင့် မြန်မာဘာသာပြန်ဆိုကာ နေ့စဉ် ညနေ ၆ နာရီခွဲမှ ၈ နာရီ အထိ သင်ကြားပြသပေးသွားမည်ဟု သိရသည်။ **သက်ဦး(သထုံ)**

ကျောင်းအဆင့်တိုးမြှင့်ပွဲကျင်းပ

ကျုံပျော် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အင်းမကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန် ၂၀ ရက်က ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ မြို့နယ်ပညာရေးမှူး ဦးကျော်မြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းရီနှင့် ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံဝင်းတို့က ကျောင်းဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ကျောင်းအတွက် လျှပ်စစ်မီးနှင့်အခြားဖွံ့ဖြိုးရေးလုပ်ငန်းများသုံးရန် လွှတ်တော်ဥက္ကဋ္ဌနှင့် အလှူရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး ကျေးရွာတွင်းလမ်းခင်း

ရေစကြို ဇွန် ၂၄

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ညောင်စောက်ကျေးရွာတွင် ကျေးရွာအတွင်းရှိ သွားလာရေးအဆင်မပြေသော ရွာလယ်လမ်းမကြီးနှစ်လမ်း၊ ရွာဦးလမ်းတစ်လမ်းနှင့် လမ်းသွယ်ပေါင်း ၁၂ လမ်းကို သုံးရာသီလုံး သွားလာရန် အဆင်ပြေသော မြေသားလမ်းများအဖြစ် ပြုပြင်လျက်ရှိပြီး မြေသားလမ်းပေါ်တွင် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။ **အိမွန်ဆွေ(ရေစကြို)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ ဦးစိုးမြင့် ၉/ကပတ(နိုင်)၀၀၄၂၁၇၏ သမီး အထက(၂) အဋ္ဌမတန်း(C)မှ မသဲစုမိုး၏အမည်မှန်မှာ မသဲဆုမိုး ဖြစ်ပါသည်။
မသဲဆုမိုး အဋ္ဌမတန်း(C)

အိတ်ဖွင့်လုပ်ငန်းတင်ဒါခေါ်ယူခြင်း
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မော်လမြိုင်ခရိုင်

၁။ မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် မုဒုံ-မြဝတီလမ်း မိုင် ၂၂/၄-၂၃/၄ ထိ ကတ္တရာလမ်းတစ်မိုင်ခင်းခြင်းလုပ်ငန်းအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင် (ဒေသခံကုမ္ပဏီ ဦးစားပေးမည်)များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ခရိုင်အင်ဂျင်နီယာမှူးရုံး ဖုန်း-၀၅၇-၂၄၈၀၈၊ ၀၅၇-၂၄၇၅၉ တို့သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။ သို့ပါ၍ အိတ်ဖွင့်တင်ဒါလုပ်ငန်း တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၆-၂၀၁၄ ရက် စတင်ရောင်းချမည်ဖြစ်ပြီး စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များအနေနှင့် လမ်း-တံတားတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောအချက်အလက်ပုံစံ၊ တင်ဒါ၊ အာမခံကြေးပေးသွင်းမှု၊ ချလန်နှင့် ဈေးနှုန်းများ ပြည့်စုံစွာဖြင့် တင်ဒါစိစစ်ရေးကော်မတီ၊ မွန်ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံးသို့ ၂၁-၇-၂၀၁၄ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် တင်ဒါပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်၊ အင်ဂျင်နီယာမှူးရုံးတွင် ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလျှောက်လွှာဖွင့်မည့်ရက် - ၂၁-၇-၂၀၁၄ ရက် (တနင်္လာနေ့)
အချိန် - နံနက် ၁၀ နာရီ
နေရာ - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

တင်ဒါစိစစ်ရေးကော်မတီ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊
မော်လမြိုင်ခရိုင်

နှစ်ထပ်တိုက်အမြန်ရောင်းမည်

နှစ်ထပ်တိုက် အနံ ၁၀ ပေ× အလျားပေ ၆၀၊ မြေအနံ ၁၀ ပေ၊ အလျား ၁၃၅ပေ၊ ညှိနှိုင်းဈေး ရောင်းမည်၊ ငှားမည်။ ဆိုင်ဖွင့်ရန် အသင့်ဖြစ်သည်။

ထောက်ကြန့်လမ်းဆုံ၊ မင်္ဂလာဒုံမြို့နယ်၊
ပိုင်ရှင်နှင့် ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၂၁၀၀၅၈၉၉၊ ၀၉-၃၁၀၇၅၄၃၂

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်နယ်တရားမရုံး၌
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၁၇၁

ဒေါ်တင်တင်နွယ် **တရားလို** **နှင့်** ဒေါ်ပိုင်စိုးအေး **တရားပြိုင်**

အမှတ် ၈၆၄၊ ရန်ကြီးအောင် ၃ လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဒေါ်ပိုင်စိုးအေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်တင်တင်နွယ်က လက်ရှိထား၍ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇူလိုင် ၁၀ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
ဥမ္မာတင်
ဒုတိယခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အမည်ဖြည့်စွက်ခေါ်ပါရန်

ဦးလှမောင်သာ၏သား မောင်ကျော်ကျော်လွင် ၁၃/ကတန(နိုင်)၁၅၄၄၁၄ အား မောင်ကျော်ကျော်လွင်(ခ)စိုင်းငယ်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။
မောင်ကျော်ကျော်လွင်(ခ)စိုင်းငယ်

အမည်မှန်

ဦးရှောက်လုံ၏သမီး ကျိုင်းတုံမြို့၊ အလက(၅)ထခွဲ တတိယတန်းအောင်မှ မဝဿန်ရွှန်းလဲ့ဦး၏ အမည်မှန်မှာ မဝဿန်ရွှင်လဲ့ဦး ဖြစ်ပါကြောင်း။
မဝဿန်ရွှင်လဲ့ဦး

HOST ဟိုတယ်လုပ်ငန်း အကြံပေးနှင့်သင်တန်းဌာန
Reservation, Night Audit, Reception
မန်နေဂျာ သင်တန်းများတက်ရောက်နိုင်ပြီ
www.Facebook. com/hostwelcomeu
လာမိုင်ကွန်ဒို၊ ၄ခ၊ ၉၉၊ မြေနုလမ်း၊ စမ်းချောင်း၊ ရန်ကုန်
ဖုန်း-၀၉-၅၁၉၉၀၇၁၊ ၀၉-၆၈၁၅၆၃၇

ဒေါ်ရွှေစင်(ခ)အားမေ ၁၃/လရန(နိုင်)၀၅၃၉၇၅ နှင့်
သက်ဆိုင်သူများ သိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမောင်မောင်ဦး(ခ)အားဝေ ၁၃/တကန(နိုင်)၀၀၃၅၉၆ နှင့် ဒေါ်ရွှေစင် (ဘ)ဦးရန်ရှောဆင်းတို့သည် ၂၀၀၅ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် တရားဝင်အတူပေါင်းသင်းနေထိုင်ခဲ့ကြကြောင်း ၂၂-၄-၂၀၁၃ရက်က ကျွန်ုပ်တို့မိတ်ဆွေ ခရီးထွက်ရာမှ နေအိမ်သို့ပြန်လာသည့်အခါ ဒေါ်ရွှေစင်သည် နေအိမ်တိုက်ခန်းကို သော့ခတ်၍ လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ယူဆောင်ကာထွက်သွားခဲ့ပြီး ယနေ့တိုင် ပြန်မလာကြောင်း ညွှန်ကြားချက်အရ သိရှိရပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ရွှေစင်အနေဖြင့် ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မိသားစုပိုင်ငွေကြေးကိစ္စ၊ အိမ်ခြံမြေကိစ္စများ၊ အရေးကြီးစာရင်းစာအုပ်များနှင့် စာရွက်စာတမ်းကိစ္စများကို ကျွန်ုပ်တို့မိတ်ဆွေနှင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့နှင့်သော်လည်းကောင်း၊ ငြိမ်းချမ်းစွာလာရောက်ဖြေရှင်းပေးပါရန်နှင့် ဖြေရှင်းပေးခြင်းမရှိပါက သွေးဆောင်ဖြားယောင်းလက်ခံထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးမောင်မောင်ဦး
ဖုန်း-၀၉-၅၁၉၅၆၈၆

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကိုလေး B.A, H.G.P,R.L,D.I.L (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၄၃၀၇၀၃၄၃
ဒေါ်သက်လျာသာမြင့် LL.B, D.B.L, D.I.L (တရားလွှတ်တော်ရှေ့နေ) ဖုန်း-၀၉-၄၉၃၀၉၄၄၀
အမှတ်(၅)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်(တရားရုံးအနီး)၊ ရန်ကုန်တိုင်းဒေသကြီး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများအား အရင်းမပျောက်ချေးငွေများပေးအပ်

မိတ္ထီလာ ဇွန် ၂၄

ဆင်းရဲမှုလျှော့ချရေးစီမံကိန်းဖြစ်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတွင် ပါဝင်သည့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများအား အရင်း မပျောက်ချေးငွေ သိန်း ၃၀၀ ငွေလွှဲ လက်မှတ်(BD)များကို ဇွန် ၂၂ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ပေးအပ်ခဲ့သည်။

ပေးအပ်ပွဲအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးဇော်မြင့်က မြစိမ်းရောင်စီမံကိန်းအတွက် ကျေးရွာများတွင် ကျေးရွာမြစိမ်းရောင်စီမံကိန်းကြီးကြပ်မှုကော်မတီဝင်များအား ရွေးချယ်ခြင်း၊ ရွေးချယ်ပြီး ကော်မတီဝင်များအား စီမံကိန်းအကောင်အထည်ဖော်ရေးနည်းလမ်းများ၊ ရန်ပုံငွေစီမံခန့်ခွဲမှုနည်းလမ်းများကို စာတွေ့ လက်တွေ့သင်ကြားပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို သင်ကြားပို့ချချက်များနှင့်အညီ ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေး၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆွေ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းမြင့်သိန်းတို့က မြစိမ်းရောင်ကျေးရွာ စီမံကိန်းတွင် ပါဝင်သည့် ဇရပ်ကုန်းအုပ်စု သဘွတ်ကုန်းကျေးရွာ၊ မွေအုပ်စု အိုမတွေ့ကျေးရွာ၊ ဆပ်ပြာကျင်း အုပ်စု ဆပ်ပြာကျင်းကျေးရွာ၊ခင်တဲအုပ်စု အောင်ကန်ကျေးရွာ၊ မြင်းကန်အုပ်စု ဆည်ကုန်းကျေးရွာ ငါးရွာတို့အား တစ်ရွာလျှင် ငွေကျပ်သိန်း (၃၀၀) ငွေလွှဲလက်မှတ်များကို ပေးအပ်ခဲ့သည်။

မြစိမ်းရောင်စီမံကိန်းတွင် ပါဝင်သော ကျေးရွာများအား ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ပေးအပ်ကာကျေးရွာ ကော်မတီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာ သူကျေးရွာသားများ၏ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အတိုးနှုန်းသက်သာစွာဖြင့် ချေးယူသွားနိုင်မည်ဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုသည့် စီမံကိန်းဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မြင်းခြံမြို့ အခြေခံပညာမူလတန်းကျောင်းများနှင့် မူလွန်ကျောင်းများတွင် ခြင်ကိုက်ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ကြိုတင်ခြင်ဆေးဖြန်းခြင်းကို ဇွန် ၂၂ ရက်က ပြုလုပ်ခဲ့သည်။ နိုင်မင်း

စာကျက်ဝိုင်းများ အခွန်စည်းကြပ်ကောက်ခံရန်ဆွေးနွေး

ပုသိမ် ဇွန် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့နယ်ခွဲ စည်ပင်သာယာရေး ကော်မတီအဖွဲ့၏ ဇွန် ၂၀ ရက် အစည်းအဝေးတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း စာသင်စာကျက်ဝိုင်းများက အခွန်ပေးဆောင်ရန်အတွက် ဆရာဆရာမများအား ဆွေးနွေးတင်ပြပြီး ကျောင်းသူကျောင်းသားတစ်ဦးလျှင် ဝင်ငွေခွန် တစ်ထောင်ကျပ် ပေးဆောင်ရန် အစည်းအဝေးဆုံးဖြတ်ချက် ချမှတ်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ခွဲ ပြန်/ဆက်)

သာယာဝတီခရိုင်တွင် မီးသတ်စခန်း ရှစ်ခု တည်ဆောက်မည်

နတ်တလင်း ဇွန် ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အတွင်းရှိမြို့နယ်များတွင် မီးသတ်စခန်း ၈ ခုကို သာယာဝတီခရိုင်မီးသတ်ဦးစီးဌာနက တည်ဆောက်သွားမည်ဟု သိရသည်။ ယခုလက်ရှိအရံမီးသတ်စခန်းများနေရာတွင် လူအင်အား၊ မီးသတ်ယာဉ်၊ မီးသတ်စက်နှင့် ဝန်ထမ်းအိမ်ယာများ တိုးချဲ့ဆောက်လုပ်သွားရန် ဘဏ္ဍာငွေခွင့်ပြုမိန့်ရပြီဖြစ်၍ မကြာမီတိုးချဲ့ဆောက်လုပ်သွားမည်ဟု သိရသည်။

သာယာဝတီခရိုင် မီးသတ်ဦးစီးဌာနမှူးရုံး၏ ကွပ်ကဲမှုအောက်တွင် နယ်မြေမီးသတ်စခန်း ရှစ်ခုနှင့် မီးသတ်စခန်းတစ်ခုလျှင် တပ်ဖွဲ့ဝင်အင်အား ကိုးဦးစီထားရှိမည်ဖြစ်ရာ သာယာဝတီမြို့နယ်တွင် သုံးဆယ်မြို့၊ လက်ပံတန်းမြို့နယ်တွင် ကျွန်းကလေး၊ မင်းလှမြို့နယ်တွင် စစ်ကွင်း၊ အုတ်ဖိုမြို့နယ်တွင် အိုးသည်ကုန်း၊ ကြို့ပင်ကောက်မြို့နယ်တွင် ကုန်းမြင့်၊ ဇီးကုန်းမြို့နယ်တွင် ဆိပ်ဖူးကျင်း၊ နတ်တလင်းမြို့နယ်တွင် တာပွန်၊ မိုးညိုမြို့နယ်တွင် ထိန်တောမီးသတ်စခန်းများ ဆောက်လုပ်သွားမည်ဟု သိရသည်။

နတ်တလင်းမြို့နယ် တာပွန်နယ်မြေတွင် မီးသတ်စခန်းတိုးချဲ့ဆောက်မည့်နေရာသို့ သာယာဝတီခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး ကော်မတီနှင့် ကျေးရွာအထောက် အကူပြုကော်မတီများ ဇွန် ၂၁ ရက်က လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ မီးသတ်စခန်းတွင် အဆောက်အဦးနှင့်ဝန်ထမ်းအိမ်ယာများ ပါဝင်အောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တင်မြင့် (နတ်တလင်း)

ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်း

တောင်ကြီး ဇွန် ၂၄

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)နှင့် တည်ဆောက်ရေးစီမံကိန်းတို့ ပူးပေါင်း၍ စက်ရုံပတ်ဝန်းကျင်ကျေးရွာများရှိကျောင်းသားများအား ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ဇွန် ၂၂ ရက်က စက်ရုံခန်းမတွင် ကျင်းပခဲ့ပြီး စက်ရုံဝန်းကျင်ကျေးရွာများမှ ကျောင်းသားကျောင်းသူ ၉၁၁ ဦးတို့အတွက် ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ စာအုပ်နှင့် စာရေးကိရိယာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

တောင်သာမြို့နယ်တွင် စက်ရေတွင်းများဖွင့်လှစ်

တောင်သာ ဇွန် ၂၄

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်ရှိကျေးရွာများတွင် သောက်သုံးရေအတွက် စက်ရေတွင်းများ ဖွင့်လှစ်ခြင်းကို ဇွန် ၂၀ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ တောင်သာမြို့နယ်တဲယာကျေးရွာစက်ရေတွင်း၊ ကျောက္ကာကျေးရွာစက်ရေတွင်းများကို တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အခမ်းအနားသို့ တောင်သာမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီးစီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးအောင်ဇံ၊ မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ရုံးသုံးကွန်ပျူတာ၊ ဆက်စပ်သုံးပစ္စည်းများနှင့် မိတ္တူကူးစက်ကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ဝယ်ယူမည့်ပစ္စည်းကိရိယာများစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၁၁၁၅၈သို့ ဆက်သွယ်၍ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်	-	၂၄-၆-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်	-	၂၃-၇-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန်	-	ညနေ ၄ နာရီ

တင်ဒါစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ကျန်းမာရေးဦးစီးဌာန

Extension of the Invitation for Letter of Expression of Interest (LEOI)

Myanma Oil and Gas Enterprise (MOGE) is inviting interested foreign companies to submit Expression of Interest for Joint Venture project in Myanmar Onshore Drilling Operations, Joint Venture/Alliance in Seismic Acquisition Services and Onshore Pipeline Construction and Maintenance Services from 2.06.2014 to 7.06.2014 in Kyaymon, Myanma Alin and the New Light of Myanmar newspapers,with the submission deadline by 30th June 2014.

Now,by the requests,MOGE hereby announces that the submission deadline for LEOI for all three projects is extended up to **31st July,2014.**



ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် WINNER CO.,LTD တို့မှ ပူးပေါင်းကျင်းပသော

အထူး စည်ကားစွာ ကျင်းပမည်

ပြည်တွင်းဖြစ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲနှင့်
တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ TAUNGGYI EXPO'

5-7-2014
မှ
9-7-2014
မြို့တော်ခန်းမ

WINNER PH:09 517 3076, 09-250660119, 09-36152320, 09 2500 58306

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Hlaw Gar)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No. 15/DHPI/Equipment/2014-2015	
(က)	Earth and Stone Works Equipment	1 Lot
(ခ)	Concrete Equipment	1 Lot
(ဂ)	Grouting Equipment	1 Lot
(ဃ)	Machining Equipment	1 Lot
(င)	Power Equipment	1 Lot
	Tender No. 16/DHPI/Material/2014-2015	
(က)	Material	1 Lot

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၁၀-၇-၂၀၁၄ ရက် ၁၂ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် ၆၀ကျော်သောကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal)ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score)အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း ပစ္စည်းဖြည့်တင်ရေးဌာနခွဲ၊ အမှတ်(၁) ဓာတ်အားခွဲရုံဝင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ် (၃)အနီး၊ နေပြည်တော်တွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၅၃၀၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆၊ ဖက်စ်-၀၆၇-၄၁၃၅၃၀

